www.burmeseclassic.com

သင့်ဘဝတိုးတက်ကြီးပွားရေးအတွက်
လောက၏အမြတ်ဆုံးရတနာကို ဦးထိပ်ပန်ဆင်ပါ

BURMESE CLASSIC

# မြတ်သံဃာ

ဒေါက်တာမင်းတင်မွန်

သံဃာတော်မြတ်ကိုဘာကြောင့်ကိုးကွယ်ထိုက်သလဲ

တတိယအကြိမ်

မြတ်သံဃာ ဒေါက်တာမင်းတင်မွန်

www.burmeseclassic.com

www.burmeseclassic.com

# မြတ်သံဃာ ဒေါက်တာမင်းတင်မွန်

၁။ သံဃာရတနာဟာ လောကမှာ အမြတ်ဆုံးရတနာ တစ်ပါး။

၂။ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တို့မှာရှိတဲ့ ရတနာအားလုံးထက် သံဃာရတနာဟာ ဘာကြောင့်ပိုမြတ်သလဲ။

၃။ မြတ်သံဃာဟာ ကုသိုလ်မျိုးစေ့ ပျိုးစိုက် ဖို့ရာ အကောင်းဆုံး လယ်ယာမြေ ဖြစ်တယ်ဆိုပါလား။

၄။ ရဟန်းသံဃာများကို ဖူးမြင်ရရုံနဲ့ ကြီးပွား တိုးတက်ရေး အတွက် မင်္ဂလာ တစ်ပါး ဖြစ်တယ်ဆိုပါလား။

၅။ မြတ်သံဃာဟာ ဤကမ္ဘာမှာ သက်တမ်း အရှည်ဆုံး အညီညွတ်ဆုံး အမြတ်ဆုံး အဖွဲ့အစည်းဆိုပါလား။

၆။ သူတော်ကောင်းတရားကို ဆွေးနွေး မေးမြန်းရခြင်းဟာ မင်္ဂလာတစ်ပါး၊ နာကြားရခြင်းဟာလည်း မင်္ဂလာ တစ်ပါး၊ ဘယ်သူနဲ့ တရား ဆွေးနွေးပြီး ဘယ်သူ့ထံက တရားနာရမလဲ။

၇။ သံဃာရတနာဟာ သင့်ဘဝကို အတင့်တယ်ဆုံး အမြင့်မြတ်ဆုံး ဖြစ်အောင် ပံ့ပိုးပေးနိုင်တယ်၊ ဒီအခွင့်အရေးကို သင်လက်လွှတ်ခံမလား။

၈။ မြတ်သံဃာဟာ သတ္တဝါများချမ်းသာဖို့ ပေါ်ထွန်းလာခဲ့တယ်၊ လောကမှာ သံဃာရတနာ ပေါ်ထွန်းလာတာ သင့်အတွက် ဖြစ်ပြီလား။

design:mehm•itsa,296057

www.burmeseclassic.com

www.burmeseclassic.com

# မြတ်သံဃာ

သံဃာတော်ကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ...

( တ တိ ယ အ ကြိ မ် )

ဒေါက်တာမင်းတင်မွန်

သင့်ဘဝ ကြီးပွားချမ်းသာရေးအတွက်
ကိုယ်ပိုင်ရတနာ အမှတ် (၃)

ဖြန့်ချိရေး
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၂၈၆၆၁၀၊ ၀၉–၈၀– ၂၂၅၁၆

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် (၃၄၁/၂၀၀၃) (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် (၃၆၄/၂၀၀၃) (၆)
○
ပုံနှိပ်ခြင်း
၂၀၀၃ ခုနှစ်၊ ဩဂုတ်လ၊ တတိယအကြိမ်၊ အုပ်ရေ-၅၀၀
○
ထုတ်ဝေသူ
မင်းတေဇာမွန်၊ ရတနာမင်းစာပေ (၃၄၅၅)
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။
○
အတွင်းစာသားနှင့်မျက်နှာဖုံးပုံနှိပ်သူ
ဦးတင်မောင်ဝင်း၊ သင်းလဲ့ဝင်းပုံနှိပ်တိုက် (၀၅၉၄၆)
အမှတ် (၁) မိုလ်ရာညွန့်လမ်း၊ ယောမင်းကြီးရပ်ကွက်
ဒဂုံမြို့နယ်၊ ရန်ကုန်။
○
ကွန်ပျူတာစာစီ
ခွန်မျိုး
○
ဖြန့်ချိရေး
မြမွန်ရတနာစာပေ
တိုက် ၁၅၊ အခန်း ၁၉၊ ဦးဝိစာရအိမ်ရာ
ဒဂုံမြို့နယ်၊ ရန်ကုန်။ ဖုန်း ၀၁-၂၈၆၆၁၀၊ ၀၉၈၀-၂၂၅၁၆
○
တန်ဖိုး ၆၀၀ ၄

www.burmeseclassic.com

www.burmeseclassic.com

## အတုမရှိတဲ့ ရတနာ

သံဃာတော်ဆိုတာ အမြတ်ဆုံးရတနာတစ်ပါး။

ဘုရားရတနာ တရားရတနာတို့နည်းတူ အတုမရှိမြင့်မြတ်တဲ့ ရတနာတစ်ပါး ဖြစ်ပေတယ်။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် နဂါးပြည် ဂဠုန်ပြည် စသည်တွေမှာ ရတနာမျိုးစုံရှိပေမယ့် ဘုရား, တရား, သံဃာတို့နှင့် တူမျှတဲ့ရတနာဆိုတာ မရှိဘူး။

သံဃာရတနာကို ကိုးကွယ်ဆည်းကပ်ခြင်းဟာ သင့်ဘဝ တိုးတက်ကြီးပွားရေးအတွက် ပဓာနဆုလာဘ်တစ်ခုပင် ဖြစ်ပေတယ်။

## ကောင်းမှုစိုက်ပျိုးဖို့ လယ်ယာမြေ

သံဃော လောကေ သမုပ္ပန္နော။
ပုညက္ခေတ္တံ အနုတ္တရံ။

လူ့ဘုံဌာန လူ့လောကမှာ သံဃာရတနာ ကောင်းစွာ ပွင့်ထွန်းနေလေပြီ။ သံဃာတော်ဟာ ကောင်းမှုမျိုးစေ့ စိုက်ပျိုးကြဲချဖို့ရာ အတုမရှိကောင်းမြတ်တဲ့လယ်ယာမြေသဖွယ်ဖြစ်ပေတယ်။

www.burmeseclassic.com

www.burmeseclassic.com

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။**
**အလှူအပေါင်းကို တရားအလှူက အောင်နိုင်၏။**

သို့

........................................

........................................

အမှတ်တရ အမြတ်ဆုံးဓမ္မလက်ဆောင် ပေးပို့ပါ၏။
သံဃာဂုဏ်ကျေးဇူးဖြင့်
မင်္ဂလာအပေါင်း ခညောင်းပါစေ။

မှ

........................................

........................................

www.burmeseclassic.com

www.burmeseclassic.com

## ရတနာ့သုတ်တော်

မြတ်စွာဘုရားနဲ့ သူတော်ကောင်းတို့ ချီးမွမ်းကြတဲ့ အရိယာပုဂ္ဂိုလ်များဟာ အရေအတွက်အားဖြင့် ရှစ်ယောက်၊ မဂ်ဖိုလ်အစုံအားဖြင့် လေးစုံရှိတယ်။ မြတ်စွာဘုရားရဲ့ တပည့်သာဝကများဖြစ်ကြတဲ့ ဒီအရိယာတို့ဟာ တမလွန်ဘဝ ချမ်းသာကြီးပွားရေးအတွက် ရည်မှန်းပြီး လှူဒါန်းအပ်တဲ့ အလှူဝတ္ထုများကို ခံယူထိုက်ပေတယ်။ ထိုအရိယာတို့အား လှူဒါန်းရတဲ့ အလှူဒါနဟာ အကျိုးကြီးမားလှပေတယ်။ အရိယာသံဃာတည်းဟူသော ရတနာရဲ့ နှစ်သက်ဖွယ်ဂုဏ်တော်များဟာ အလွန်ထူးမြတ်လှပေတယ်။ ဤမှန်တဲ့သစ္စာစကားကြောင့် သတ္တဝါများ ချမ်းသာကြပါစေသတည်း။

## အောင်မြင်မှုရဲ့ စွမ်းအား

စိတ်မှာ အနန္တ စွမ်းအား ရှိတယ်။

ယုံကြည်မှုက စိတ်ရဲ့စွမ်းအားကို မြင့်တက်စေပါတယ်။

ရတနာသုံးပါးမှာ လေးလေးနက်နက် သက်ဝင်ယုံကြည်တာ စိတ်ရဲ့စွမ်းအားကို မြင့်တက်စေတဲ့အပြင် စိတ်ရဲ့အရည်အသွေးကိုပါ မြင့်မြတ်စေပါတယ်။

ကြီးမားမြင့်မြတ်တဲ့ စိတ်စွမ်းအားဟာ အောင်မြင်မှုရဲ့ အဓိကသော့ချက်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## မိမိအလိုသို့ စိတ်ကိုပါလာပါစေ

'ရဟန်းဟာ စိတ်အလိုကိုမလိုက်ဘဲ စိတ်ကိုသာ မိမိအလိုသို့ ပါအောင် ကြိုးစားပြီး လောကီ လောကုတ္တရာ သမာပတ်နဲ့ နေနိုင်မှ အင်ကြင်းတောပမာ သာသနာတော်ကြီးကို တင့်တယ်စေနိုင်တယ်။ (အရှင်သာရိပုတ္တရာ၊ မဟာဂေါသိင်္ဂသုတ်)

## ရာဂအယဉ်ကို ဖြတ်ပါ

'ခေမာ...သင် မြင်ရတဲ့ မိန်းမပျိုရဲ့အလှ ဖောက်ပြန်သွားသလို သင့်ခန္ဓာကိုယ်ဟာလဲ မချွတ်ကေန် ဖောက်ပြန်လိမ့်မယ်' လို့ နှလုံးသွင်းပါ။ အနိစ္စသညာကိုယူပြီး ကိုယ်တွင်းကိုယ်ပမှာ မွေ့ယှက်နေတဲ့ တဏှာကွန်ရက်ကို ဖယ်ပစ်ပါ၊ မာန်ဟုန်တင်းနေတဲ့ မာနကိုလဲ စွန့်ခွာပါ၊ ကိလေသာမီးကြီး ငြိမ်းအေးပြီး ချမ်းသာသွားလိမ့်မယ်။

'ခေမာ...ပင့်ကူဟာ မိမိပြုလုပ်တဲ့ ကွန်ရက်အမျှင်ကို အစဉ်လိုက်နေသလို ရာဂရမ္မက်နဲ့ နှစ်သက်ကပ်ငြိကြတဲ့လူတို့ကလဲ မိမိတို့ပြုလုပ်တဲ့ ရာဂအယဉ်နောက်သို့ တကောက်ကောက်လိုက်နေကြတယ်၊ ထိုရာဂတဏှာ ကိလေသာအယဉ်ကိုလဲ ဖြတ်တောက်ပြီး ငဲ့ကွက်ခြင်းအလျဉ်းမရှိဘဲ ကာမဂုဏ်ချမ်းသာကို ပယ်ပြီး ကျင့်ပါလော့'

(ခေမာမိဖုရားကြီးအား ကျွတ်တမ်းဝင်စေတဲ့တရား)



www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| မြတ်သံဃာ | – | ၉ |
| ကြီးကျယ်တဲ့ အကျိုးကျေးဇူး | – | ၁၂ |
| သာသနာတွင်းအခါ | – | ၁၆ |
| သိကြားမင်းနှင့် သုဇာမိဖုရား | – | ၁၇ |
| သံဃာတော်အစ ပဉ္စဝဂ္ဂီက | – | ၁၉ |
| သာသနာပြုလုပ်ငန်း တူညီထမ်း | – | ၂၁ |
| မင်းညီမင်းသားများ ရဟန်းပြုကြခြင်း | – | ၂၄ |
| သူဌေးသူကြွယ်သားများ ရဟန်းပြုကြခြင်း | – | ၂၈ |
| ဥစ္စာတွေကို ရေမျှောလိုက်ပါ | – | ၃၁ |
| ဘာကြောင့် ရဟန်းပြုရသလဲ | – | ၃၃ |
| ကမ္ဘာ့ထိပ်တန်းအဖွဲ့အစည်း | – | ၃၇ |
| လူနှင့်မတူတဲ့ ရဟန်း | – | ၃၉ |
| ရဟန်းတော်များရဲ့သီလ | – | ၄၆ |
| အရှင်သာရိပုတ္တရာရဲ့ လေနာရောဂါ | – | ၅၃ |
| ပစ္စယ သန္နိဿိတ သီလ | – | ၅၅ |
| ဘိက္ခုနီသံဃာ | – | ၅၆ |
| လက်ယာရဲ့ခေမာထေရီ | – | ၆၁ |
| လက်ဝဲရဲ့ ဥပ္ပလဝဏ်ထေရီ | – | ၆၃ |
| သာသနာတော်ကို စောင့်ထိန်းခဲ့ကြပုံ | – | ၆၄ |
| ဖြုတ်ပယ်, ဖြည့်စွက်ခြင်းမပြုရ | – | ၆၈ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ

| | | |
|---|---|---|
| ဒုတိယ သင်္ဂါယနာ | – | ၆၈ |
| တတိယ သင်္ဂါယနာ | – | ၇၀ |
| သီရိလင်္ကာသာသနာ | – | ၇၃ |
| တစ်သာသနာမှာ တစ်ယောက် | – | ၇၆ |
| မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ | – | ၈၀ |
| သံဃာတော်ဂုဏ် ကိုးပါး | – | ၈၂ |
| အခြားသာသနာမှာ မရှိ | – | ၈၄ |
| ဆရာနှင့် ဒါယကာ ညီညွတ်ဖို့ | – | ၈၆ |
| လက်ငင်းအကျိုးတရား | – | ၈၈ |
| တမလွန်ဘဝ အကျိုးကျေးဇူး | – | ၉၁ |
| ဆရာ ဒကာ ဆက်ဆံရေး | – | ၉၅ |
| ဆွမ်းဝိုင်းကြီးကို ဘယ်လိုဆက်ကပ်ရမလဲ | – | ၉၇ |
| ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပုံ | – | ၉၉ |
| အမြတ်ဆုံးတရား ခြောက်ပါး | – | ၁၀၁ |

○

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မြတ်သံဃာ

ဗုဒ္ဓဘာသာဝင်များ ပိုင်ဆိုင်ကြတဲ့ အမြတ်ဆုံးရတနာသုံးပါးမှာ သံဃာတော်ဟာ ရတနာမြတ်တစ်ပါးအဖြစ် ပါဝင်ပါတယ်။ သံဃာတော်ဟာ ဘာကြောင့် အမြတ်ဆုံးရတနာတစ်ပါး ဖြစ်ရသလဲ။

'သံဃ' ဆိုတဲ့ ပါဠိစကားကို မြန်မာတို့က 'သံဃာ' လို့ ခေါ်တယ်။ အဓိပ္ပာယ်က 'အပေါင်းအစု, အသင်းအဖွဲ့' ဖြစ်တယ်။

ဒါကြောင့် အယူဝါဒချင်း၊ သိက္ခာချင်း တူညီကြတဲ့ ပုဂ္ဂိုလ်များရဲ့ အပေါင်းအစုကို သံဃာလို့ခေါ်ရမယ်။ အယူဝါဒ, အသိအမြင်ချင်း အကျင့်သီလသိက္ခာချင်း တူညီကြတဲ့ပုဂ္ဂိုလ်များ ဆိုတာ အရိယာပုဂ္ဂိုလ်များပါပဲ။

အရိယာပုဂ္ဂိုလ်တွေဆိုတာ သစ္စာလေးပါး မြတ်တရားကို ပိုင်းပိုင်းခြားခြား သိမြင်ပြီးတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြတဲ့ပုဂ္ဂိုလ်များ ဖြစ်ကြတယ်။ အရိယာပုဂ္ဂိုလ် ရှစ်မျိုးရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁) သောတာပတ္တိမဂ်ပုဂ္ဂိုလ်
(၂) သောတာပတ္တိဖိုလ်ပုဂ္ဂိုလ် = သောတာပန်
(၃) သကဒါဂါမိမဂ်ပုဂ္ဂိုလ်
(၄) သကဒါဂါမိဖိုလ်ပုဂ္ဂိုလ် = သကဒါဂါမ်
(၅) အနာဂါမိမဂ်ပုဂ္ဂိုလ်
(၆) အနာဂါမိဖိုလ်ပုဂ္ဂိုလ် = အနာဂါမ်
(၇) အရဟတ္တမဂ်ပုဂ္ဂိုလ်
(၈) အရဟတ္တဖိုလ်ပုဂ္ဂိုလ် = ရဟန္တာ

မဂ်ပုဂ္ဂိုလ် (၀ါ) မဂ္ဂဋ္ဌာန် လေးဦးက မဂ်စိတ် တစ်ချက် ဖြစ်နေတဲ့အခိုက်သာ မဂ္ဂဋ္ဌာန်လို့ အမည်ရကြတယ်။ မဂ်စိတ် ပြီးတာနဲ့ ဖိုလ်ပုဂ္ဂိုလ် (၀ါ) ဖလဋ္ဌာန်ဖြစ်သွားကြတယ်။ ဖလဋ္ဌာန် လေးဦးကို သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာလို့ ခေါ်ကြတယ်။

သောတာပန်တို့က သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ – ကိလေသာနှစ်ပါးကို အမြစ်ပြတ်ပယ်သတ်ထားကြပြီးတော့ ကျန်ကိလေသာတို့ရဲ့ အပါယ်ချနိုင်တဲ့အစွမ်းသတ္တိများကိုလည်း ပယ်သတ်ပြီးဖြစ်ကြတယ်။ ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ တို့ကိုလည်း ပယ်ထားပြီးပြီ။ ရတနာသုံးပါးမှာ မတုန်လှုပ်တဲ့ အဓိဂမ သဒ္ဓါဖြင့် သက်ဝင်ယုံကြည်ကြပြီးတော့ ငါးပါးသီလကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲမြံစွာစောင့်ထိန်းနိုင်သူများ ဖြစ်ကြတယ်။

သကဒါဂါမ်တို့က သောတာပန်တို့ထက် ကိလေသာ ပိုပြီးနည်းပါးကြတဲ့အတွက် ပိုပြီးမြင့်မြတ်ကြတယ်။ အနာဂါမ်ပုဂ္ဂိုလ်တို့က ဒေါသကိလေသာကိုပါ အလျဉ်းပယ်သတ်ထားပြီး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ကြလို့ သကဒါဂါမ်တို့ထက် ပိုမြင့်မြတ်ကြပါတယ်။ ရဟန္တာပုဂ္ဂိုလ်တို့က လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာ အားလုံးကို အမြစ်ပြတ် ပယ်သတ်ထားကြပြီးဖြစ်လို့ အနာဂါမ်တို့ထက် ပိုမြင့်မြတ်ကြပါတယ်။

အရိယာပုဂ္ဂိုလ်များအားလုံးဟာ မဂ်အသိအမြင်၊ ဖိုလ်အသိအမြင်၊ ပစ္စဝေက္ခဏာအသိအမြင် တူညီကြတဲ့အပြင် အရိယာကန္တ သီလ ပြည့်စုံစင်ကြယ်မှုအားဖြင့်လည်း မျက်မှောက် မျက်ကွယ် အမြဲတစေ တူညီကြတယ်။ ကိလေသာထူ ပြောကြတဲ့ ပုထုဇဉ်များက ဒီလိုအသိအမြင်နဲ့ အကျင့်သီလချင်း မတူညီနိုင်ကြဘူး။

ဒါကြောင့် အရိယာပုဂ္ဂိုလ်အပေါင်းအစုကိုပဲ 'သံဃာ' လို့ မုချအားဖြင့် ခေါ်ဆိုရတယ်။

ဒါပေမဲ့ မြတ်စွာဘုရားရဲ့တပည့်သားများအဖြစ် ခံယူပြီးတော့ မဂ်ဖိုလ်ရရေးအတွက် သီလ, သမာဓိ, ပညာ အကျင့်တို့ကို စွမ်းနိုင်သမျှ ကျင့်ကြံအားထုတ်နေကြတဲ့ ပုထုဇဉ်ရဟန်းသာမဏေများကိုလည်း အရိယာသံဃာရဲ့အနွယ်ဝင်များအဖြစ် သတ်မှတ်ပြီး သံဃာစာရင်းထဲမှာ ထည့်သွင်းပါတယ်။

ဒါကြောင့် သံဃာအဖွဲ့အစည်းထဲမှာ အရိယာပုဂ္ဂိုလ်များဆိုတဲ့ အရိယာသံဃာ (ဝါ) ပရမတ္ထသံဃာနဲ့ ပုထုဇဉ် ရဟန်း သာမဏေများ ဆိုတဲ့ ပုထုဇဉ်သံဃာ (ဝါ) သမ္မုတိသံဃာတို့ ပါဝင်ကြပါတယ်။ သမ္မုတိသံဃာဆိုတာ သမုတ်ထား, အသိအမှတ်ပြုထားတဲ့ သံဃာလို့ အဓိပ္ပာယ်ရတယ်။

ရဟန္တာများဟာ ဗုဒ္ဓမြတ်စွာနည်းတူ မဂ်လေးတန်ဖြင့် ကိ

www.burmeseclassic.com

www.burmeseclassic.com



လေသာ အညစ်အကြေးအားလုံးကို ဆေးကြောသုတ်သင်ထားကြပြီးဖြစ်လို့ စင်ကြယ်သူများ ဖြစ်ကြတယ်။ လောကသုံးပါးမှာ ဘုရား, ပစ္စေကဗုဒ္ဓါများကလွဲရင် သီလ, သမာဓိ, ပညာ အကြီးကျယ်ဆုံးပုဂ္ဂိုလ်များ ဖြစ်ကြတာနဲ့အညီ အမြင့်မြတ်ဆုံး ပုဂ္ဂိုလ်များ ဖြစ်ကြတယ်။

မြတ်စွာဘုရားနဲ့ ပစ္စေကဗုဒ္ဓါများကလည်း ရဟန္တာများ ဖြစ်ကြတာနဲ့အညီ သံဃာအဖွဲ့အစည်းထဲမှာ ပါဝင်ကြတယ်။ စာပေထဲမှာ 'ဘုရားအမှူးပြုတဲ့ သံဃာ' လို့ သုံးနှုန်းပါတယ်။

ပြီးတော့တစ်ခါ 'သံဃာတော်' ဟာ မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ်လို့ ဆိုအပ်တဲ့ တရားတော်မြတ်ကို ဆည်းပူး လေ့လာ ထိုးထွင်းသိမြင်ထားတဲ့အပြင် ဒီတရားတော်များ ပျောက်ကွယ်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ပေးနေတဲ့ အဖွဲ့အစည်းလည်းဖြစ်ပေတယ်။ ကမ္ဘာမြေအပြင်မှာတရားတော်မြတ် ပြန့်ပွားအောင်လည်း ဖြန့်ချိပေးနေတယ်။

နှစ် ၂၅၀၀ ကျော် ဗုဒ္ဓသာသနာတည်တံ့နေတာ သံဃာတော်တွေကြောင့်ပဲ။ သာသနာနဲ့ သံဃာ ခွဲခြားလို့မရဘူး။

## ကြီးကျယ်တဲ့ အကျိုးကျေးဇူး

သုံးလောကထွတ်ထား မြတ်စွာဘုရားကို ကြည်ညိုတဲ့ စိတ်ထားနဲ့ တစ်ကြိမ်မျှ လက်အုပ်ချီမိုး ရှိခိုးလိုက်လျှင် အဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးကို ရရှိသွားသလို သုံးလောကမှာ အမြတ်ဆုံး ရတနာတစ်ပါးဖြစ်တဲ့ သံဃာတော်ကို ကြည်ညိုလေးမြတ်စွာ တစ်ကြိမ်ရှိခိုးလိုက်လျှင်လည်း အဖိုးမဖြတ်နိုင်တဲ့ အကျိုးကျေးဇူးကို ရရှိမှာဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓမြတ်စွာ မရှိတော့ပေမယ့် ဗုဒ္ဓမြတ်စွာကိုယ်စား ထားရှိတော်မူခဲ့တဲ့ ဘုရား ဓာတ်တော် မွေတော်၊ တရားတော်၊ အသုံးအဆောင်တော်များနဲ့ ဥဒ္ဒိဿစေတီ ခေါ် စေတီ, ပုထိုး, ဆင်းတုတော်, ရုပ်ပုံတော်များကို မြတ်စွာဘုရားအမှတ်နဲ့ ရှိခိုးပူဇော်ရင် သက်တော်ထင်ရှား မြတ်စွာဘုရားကို ရှိခိုးပူဇော်ရသလို အကျိုးကျေးဇူး ကြီးမားပါတယ်။

ရွှေသက်န်း ဝါဝင်းနေတဲ့ စေတီတော် ဆင်းတုတော်တို့ကို ရှိခိုးပူဇော်ရရင်ဖြစ်ဖြစ် ထုံးသက်န်း ဟောင်းနွမ်းကွာကျနေတဲ့ စေတီနဲ့ ဆင်းတုတော်တို့ကို ရှိခိုးပူဇော်ရရင်ဖြစ်ဖြစ် မြတ်စွာဘုရား ဂုဏ်တော်ဆီသို့သာ စိတ်ကပ်ရောက်နိုင်မယ်ဆိုရင် ထပ်တူ ထပ်မျှ အကျိုးကျေးဇူးရရှိတာပဲ။

မြတ်စွာဘုရားဂုဏ်တော်များကို အောက်မေ့အမှတ်ရနေခြင်းသာ လိုရင်းဖြစ်တယ်။ စေတီ, ပုထိုး, ဆင်းတုတော်, ရုပ်ပုံတော်တို့က အထောက်အပံ့ပစ္စည်းမျှသာ ဖြစ်ကြတယ်။

အလားတူပဲ သံဃာတော်ကိုကိုယ်စားပြုတဲ့ ရဟန်း သာမဏေတို့ကို ဖူးမြင်ရတဲ့အခါ သံဃာတော်အမှတ်နဲ့ ကြည်ညိုတတ်ဖို့ပဲ လိုတယ်။ အချို့ ရဟန်း သာမဏေတို့က သီလဖြူစင်ကြလိမ့်မယ်။ အချို့ ရဟန်း သာမဏေတို့က သီလပျက်စီးနေတဲ့ ဒုဿီလတွေ ဖြစ်ချင်ဖြစ်နေကြလိမ့်မယ်။ ဖူးမြင်ရသူအဖို့က ပုဂ္ဂိုလ်အနေနဲ့ မဟုတ်ဘဲ သံဃာတော်အမှတ်ဖြင့် သံဃာတော်ရဲ့ ဂုဏ်ကျေးဇူးသို့ ရောက်အောင် ရှိခိုးပူဇော်နိုင်မယ်ဆိုရင် သံဃာတော်အစစ်ကို ရှိခိုးပူဇော်ရသလို ကြီးကျယ်တဲ့ အကျိုးကျေးဇူးကို ရရှိစေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက အရှင်အာနန္ဒာအား ဒီလိုမိန့်ဆိုဖူးပါတယ်။

"အာနန္ဒာ ... နောင်အခါကာလမှာ ရဟန်းများဟာ အကျင့်သီလ ပျက်စီးပြီး သင်္ကန်းတွေ လည်ပင်းသို့ ရောက်နေကြလိမ့်မယ်၊ ဒီရဟန်းများကို သံဃာတော်အမှတ်နဲ့ လှူဒါန်းပူဇော်ရင် ကြီးမြတ်တဲ့ အကျိုးကျေးဇူးတွေ ရရှိဦးမှာပဲ"

တစ်ဖန် **ဝေလာမသုတ်တော်မှာ** မြတ်စွာဘုရား အမိန့်ရှိတာက ...

"အလောင်းတော်ဘဝ ငါ ဝေလာမပုဏ္ဏားဖြစ်စဉ်အခါက ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ဖိတ်ကြားပြီး လာသမျှလူတွေကို ခုနစ်နှစ်, ခုနစ်လ, ခုနစ်ရက်တိုင်အောင် ထမင်းရည်ချောင်းစီး အလွန်ကြီးကျယ်တဲ့အလှူကို ပေးလှူခဲ့တယ်၊ အဲဒီအလှူခံပုဂ္ဂိုလ်များထဲမှာ သာသနာပအခါဖြစ်လို့ သရဏဂုံသီလတည်သူ တစ်ဦးတလေမျှ မပါရှိဘူး။

"ဒါကြောင့် အဲဒီ ဝေလာမပုဏ္ဏားရဲ့ အလှူကြီးဟာ သောတာပန်တစ်ဦးကို ဆွမ်းတစ်နပ် လှူဒါန်းရတာလောက် မမြတ်ဘူး၊ သောတာပန်တစ်ရာကို ပေးလှူရတဲ့ဒါနကလဲ သကဒါဂါမ်တစ်ဦးကိုလှူဒါန်းရတာလောက်မမြတ်ဘူး၊ သကဒါဂါမ်တစ်ရာကို ပေးလှူရတဲ့ဒါနကလဲ အနာဂါမ်တစ်ဦးကို ပေးလှူရတာလောက် မမြတ်ဘူး၊ အနာဂါမ်တစ်ရာကို ပေးလှူရတဲ့ဒါနကလဲ ရဟန္တာတစ်ပါးကို ပေးလှူရတာလောက် မမြတ်ဘူး။

"ရဟန္တာတစ်ရာကို ပေးလှူရတဲ့ မြတ်ဒါနကလဲ ပစ္စေကဗုဒ္ဓါတစ်ဆူကိုပေးလှူရတာလောက် မမြတ်ဘူး၊ ပစ္စေကဗုဒ္ဓါတစ်ရာကို ပေးလှူရတဲ့ မြတ်ဒါနကလဲ သဗ္ဗညုမြတ်စွာဘုရားတစ်ဆူကို

www.burmeseclassic.com

www.burmeseclassic.com



ပေးလှူရတာလောက် မမြတ်ဘူး၊ သဗ္ဗညုမြတ်စွာဘုရားကို ပေးလှူရတဲ့ မြတ်ဒါနဟာ ဘုရားအမှူးပြုတဲ့ သံဃာတော်ကို ပေးလှူရတာလောက် မမြတ်ဘူး၊ ဘုရားအမှူးပြုတဲ့ သံဃာတော်ကို လှူဒါန်းရခြင်းဟာလဲ စတုဒိသာ သံဃိကကျောင်းတစ်ဆောင် လှူဒါန်းရတာလောက် မမြတ်ဘူး”

ဝေလာမသုတ်တော်ကို ထောက်ရှုရင် သံဃာကို ရည်မှန်းပြီး လှူဒါန်းတဲ့ သံဃိကအလှူဒါနဟာ အလွန်တရာ အကျိုးကြီးကြောင်း သိနိုင်ပါတယ်။

တစ်ဖန် မိထွေးတော်ဂေါတမီက ကိုယ်တိုင်ကိုယ်ကျ တယုတယ ဝါဖတ်ဗိုင်းငင်ပြီး စီမံရက်လုပ်ထားတဲ့ သင်္ကန်းချောကို မြတ်စွာဘုရားအား လှူဒါန်းတဲ့အခါ ဗုဒ္ဓမြတ်စွာက အကျိုးကျေးဇူးကြီးမားအောင်လို့ သံဃာတော်ကို လှူဒါန်းစေပါတယ်။

မိမိကိုးကွယ်နေတဲ့ ဆရာတော်၊ မိမိရင်းနှီးနေတဲ့ ရဟန်းတော်တို့ကို ပုဂ္ဂိုလ်အနေနဲ့ လှူဒါန်းရင် ပုဂ္ဂလိကဒါနဖြစ်ပါတယ်၊ ပုဂ္ဂလိကဒါနထက် သံဃိကဒါနက အဆပေါင်းများစွာ အကျိုးကြီးမားတဲ့အတွက် သံဃိကဒါနဖြစ်အောင် သံဃာတော်အမှတ်နဲ့ လှူဒါန်းကြပါလေ။

‘သံဃာ’ဆိုရာမှာ ရဟန်းတော်အများစုမိမှ “သံဃာ’လို့ မမှတ်ပါနဲ့။ ရဟန်းတစ်ပါးပင်ဖြစ်ပေမယ့် မိမိက ‘သံဃာအား လှူပါ၏’လို့ သံဃာကိုရည်စူးပြီး ဆွမ်းတစ်ထပ်လှူရင်လည်း သံဃိကဒါနဖြစ်ပါတယ်။ ရဟန်းတော်အများကို ပင့်ဖိတ်ပြီး လှူနိုင်ရင် အထူးပြောဖွယ်မလိုတော့ပါ”လို့ မဟာဂန္ဓာရုံဆရာတော် **အရှင်ဇနကာဘိဝံသ** မိန့်မှာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာတွင်းအခါ

သာသနာပအခါမှာ ပြုလုပ်တဲ့ ကြီးကျယ်တဲ့အလှူတွေဟာ သာသနာတွင်းအခါမှာ လှူဒါန်းရတဲ့ အနည်းငယ်မျှသောအလှူကို လိုက်မမီဘူးဆိုတဲ့ အထောက်အထားတစ်ရပ်က **အင်္ကုရနတ်သား** နဲ့ **ဣန္ဒကနတ်သား** တို့ရဲ့ ဘုန်းတန်ခိုးချင်း ကွာခြားမှုပါပဲ။

အင်္ကုရနတ်သားဟာ သာသနာပအခါမှာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ဖိတ်ပြီး ထွန်တုံးပိတ်အလှူကြီး ပေးလှူခဲ့တယ်။ ၁၂ ယူဇနာ ပေါက်မြေတစ်လျှောက်မှာ ခုံလောက်ချင်းဆက်ကာ ထမင်းဟင်းတွေ ချက်ပြုတ်ပြီးတော့ အနှစ် ၁၀,၀၀၀ ကြာအောင် လှူဒါန်း စွန့်ကြဲခဲ့တယ်။ အင်မတန်ကြီးကျယ်တဲ့အလှူကို ပေးခဲ့ရပေမယ့် ဒုဿီလအလှူခံများကိုသာ ပေးလှူခဲ့ရလို့ မြေယာညံ့မှာ စိုက်ပျိုးတဲ့မျိုးစေ့လို အကျိုးဖြစ်ထွန်းသင့်သလောက် မဖြစ်ထွန်းဘူး။

ဣန္ဒကနတ်သားကတော့ ဂေါတမမြတ်စွာဘုရားလက်ထက်မှာ အရှင်အနုရုဒ္ဓါမထေရ်ကို တစ်ယောက်ချိုမျှလောက်သော ဆွမ်းကိုသာ သဒ္ဓါကြည်ညိုစွာပေးလှူခဲ့ရတယ်။ သံဃာတော်ဆိုတဲ့ လယ်ယာမြေကောင်းမှာ ဆွမ်းတစ်ယောက်ချိုဆိုတဲ့ကုသိုလ်မျိုးစေ့ကို စိုက်ပျိုးခဲ့ရလို့ တာဝတိံသာနတ်ပြည်မှာ တန်ခိုးကြီးတဲ့ နတ်သား ဖြစ်ရတယ်။

တာဝတိံသာမှာ မြတ်စွာဘုရားအဘိဓမ္မာတရား ဟောကြားတော်မူတဲ့အခါ မယ်တော်ဖြစ်ခဲ့ဖူးတဲ့ သန္တုသိတနတ်သားက မြတ်စွာဘုရားရဲ့ လက်ယာနံပါးမှာထိုင်တယ်၊ ဣန္ဒကနတ်သား

www.burmeseclassic.com

www.burmeseclassic.com



က မယ်တော်မိနတ်သားရဲ့နောက်နားမှာ ထိုင်ပြီး အကုံရနတ်သားက မြတ်စွာဘုရားရဲ့ လက်ဝဲဘက်နံပါးမှာ ထိုင်တယ်။

တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာတွေ လာတိုင်း လာတိုင်း အကုံရနတ်သားက နောက်ဆုတ်နောက်ဆုတ်ပေးရလို့ မြတ်စွာဘုရားထံမှ ၁၂ ယူဇနာအထိ ဝေးကွာသွားပါတယ်။ ဣန္ဒကနတ်သားကတော့ မူလနေရာမှာပဲ ထိုင်နေနိုင်ပါတယ်။ ဘုန်းတန်ခိုးချင်း ဘယ်လောက်ကွာခြားကြတာကို ကြည့်ပေတော့။

## သိကြားမင်းနှင့် သုဇာမိဖုရား

သိကြားမင်းနဲ့ သုဇာမိဖုရားတို့ဟာ သာသနာပအခါမှာ ကုသိုလ်ကောင်းမှုများ ပြုပြီး သိကြားစည်းစိမ်ကို ရရှိခဲ့ကြတယ်။ ဒါကြောင့် သာသနာတွင်းအခါမှာ ကုသိုလ်ကောင်းမှုပြုပြီးနတ်ပြည် ရောက်လာကြတဲ့ နတ်သား နတ်သမီးတွေလောက် ကိုယ်ရောင် ကိုယ်ဝါ မတောက်ပကြဘူး။

ကိုယ်ရောင်ကိုယ်ဝါ လွန်စွာတောက်ပကြတဲ့ နတ်သား နတ်သမီးတွေက သိကြားဗိမာန်အနားက ဖြတ်သွားကြတဲ့အခါ သိကြားမင်းဇနီးမောင်နှံတို့က ရှက်လွန်းလို့ ပုန်းနေကြရတယ်တဲ့။ ဒါကြောင့် သာသနာတွင်း ကုသိုလ်ကောင်းမှုပြုလုပ်နိုင်ဖို့ ကြံစည်ကြတယ်။

အရှင်မဟာကဿပ မထေရ်က နိရောဓသမာပတ်မှ ထတော်မူပြီး ဆွမ်းရဲသားရပ်ကွက်ဆီသို့ ဆွမ်းခံကြွတယ်။ သိကြားမင်းနှင့် သုဇာမိဖုရားတို့က အလွန်ဆင်းရဲတဲ့ အဘိုးအို အဘွားအိုအသွင် ယောင်ဆောင်ပြီး အဲဒီရပ်ကွက်ရဲ့ အစဆုံးမှာ အိမ်အိုအိမ်ငယ်တစ်ဆောင် ဖန်ဆင်းပြီး နေနှင့်ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်မဟာကဿပက အိမ်ကုပ်ကုပ်ကလေးမှာ အဘိုးအို အဘွားအို အလုပ်လုပ်နေတာကိုမြင်လို့ သနားကြင်နာပြီး ဆွမ်းရပ်တော်မူတယ်။ အဘိုးအိုက မျက်စိတွေကို ပွတ်သပ်ပြီး 'ဟဲ့ ရှင်မ ... ကိုယ်တော်တစ်ပါး ဆွမ်းရပ်တယ်၊ ဘာများ လောင်းလှူစရာ ရှိသေးတုံး' လို့ မေးလိုက်တယ်။

အမယ်အိုက ထိုထိုဤဤ ရှာဖွေဟန်ပြုပြီး 'ရှိသေးရဲ့တော်' လို့ ပြောပြောဆိုဆို လာလောင်းလှူတယ်။ နတ်သုဒ္ဓါဆွမ်း ဆိုတော့ တစ်ရပ်လုံးမွှေးကြိုင်သွားတာပေါ့။

အဲဒီအခါ အရှင်မြတ်က ဆင်ခြင်ကြည့်လို့ သိကြားမင်းမှန်း သိတော့ 'ဟဲ့ ... သိကြားမင်း၊ ဆင်းရဲသားတွေကို ချီးမြှောက်ချင်လို့ ဒီရပ်ကွက်မှာ ငါဆွမ်းခံကြွတာ၊ သင်လိုသိကြားက ဘာဖြစ်လို့ ဆင်းရဲသားယောင်ဆောင်ရသလဲ' လို့ အပြစ်တင်တော်မူတယ်။

'တပည့်တော်ဟာ သာသနာပက ဖြစ်ရတဲ့ သိကြားမို့ စည်းစိမ် မကြီးပါ၊ သာသနာတွင်းမှ ရောက်လာကြတဲ့ နတ်မင်းတွေ လောက် အရှိန်အဝါမတောက်ပလို့ နတ်ဆင်းရဲပဲ ဖြစ်ပါတယ် ဘုရား၊ တပည့်တော်တို့ကို ချီးမြှောက်တော်မူပါဘုရား'

အလှူမြောက်သွားပြီဖြစ်လို့ သိကြားမင်းက 'ဝမ်းမြောက်စရာ အလွန်မြင့်မြတ်တဲ့ အလှူဒါနဟာ အရှင်မဟာကဿပမှာ တည်လေပြီ' လို့ ဥဒါန်းကျူးပြီး နတ်ပြည်သို့တက်သွားတယ်။

သာသနာတွင်းအလှူရဲ့ အကျိုးကြီးမြတ်ပုံကို နတ်သိကြားတို့က သိကြလို့ လူ့ပြည်ဆင်းပြီး လောင်းလှူကြတယ်။ သာသနာတွင်းအခါမှာ သဒ္ဓါရှိတဲ့ လူသားတွေ ဖြစ်ကြရတာ ဘယ့်

www.burmeseclassic.com



ကလောက်ကံကောင်းကြသလဲ။ ပဒေသာပင်ကြီးနဲ့ ဆုံတွေ့ပြီး ကြိုက်ရာရာကို ဆွတ်ခြွေယူနိုင်သလို ကုသိုလ်ကောင်းမှုပြုပြီး ကြိုက်ရာဆုများကို ပန်ယူနိုင်ပေတယ်။

## သံဃာတော်အစ ပဉ္စဝဂ္ဂီက

ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်ပြီးနောက် မြတ်စွာဘုရားကို လူသားများအထဲက ရှေးဦးစွာဖူးမြင်ခွင့်ရသူနှစ်ဦးကတော့ ဥက္ကလာဇနပုဒ်မှ တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင် နှစ်ပါးတို့ ဖြစ်ကြတယ်။

ညီနောင်နှစ်ပါးတို့ဟာမြတ်စွာဘုရားအား မုန့်ဆွမ်းများ လှူဒါန်းပြီးနောက် တရားနာကြားပြီးလျှင် မြတ်စွာဘုရားနဲ့ တရားတော်ကို ကိုးကွယ်ဆည်းကပ်တဲ့ ဒွေဝါစိက သရဏဂုံကို ခံယူဆောက်တည်ကြပါတယ်။ အဲဒီအခါမှာ သံဃာဆိုတာ မပေါ်ပေါက်သေးဘူး။

ပဉ္စဝဂ္ဂီငါးဦးတို့ကို ဦးတည်ပြီး ဓမ္မစကြာတရားတော်ကို ဟောကြားတော်မူတဲ့အခါ အရှင်ကောဏ္ဍညက တရားအမြင်ပေါက်လို့ သောတာပန်ဖြစ်လာပါတယ်။ အရှင်ကောဏ္ဍညက ရှင်ရဟန်းအဖြစ်ကို ခံယူရန် လျှောက်ထားတောင်းပန်တဲ့အခါ မြတ်စွာဘုရားက လက်ယာလက်တော်ကို ဆန့်တန်းပြီး...

'ဧဟိဘိက္ခုသွာက္ခာတော ဓမ္မောစရ ဗြဟ္မစရိယံ သမ္မာဒုက္ခဿ အန္တ ကိရိယာယ'... 'ရဟန်း...လာလော့၊ သင်ချစ်သား တောင်းခံတဲ့ ရှင်ရဟန်းအဖြစ်ကို ခံယူလော့၊ တရားတော်ကို ငါဘုရား ကောင်းစွာဟောကြားအပ်ပြီ၊ သင်ဟာ ဝဋ်ဆင်းရဲရဲ့

www.burmeseclassic.com

www.burmeseclassic.com



အဆုံးကိုပြုဖို့ မြတ်တဲ့အကျင့်ကို ကြံစည်အားထုတ်ပါလေလော့' လို့ မိန့်ကြားတော်မူတယ်။

အဲဒီအခါ အရှင်ကောဏ္ဍညရဲ့ မူလအသွင် ကွယ်ပျောက်ပြီး ရှင်ရဟန်းအဖြစ်သို့ ရောက်တော်မူတယ်။ ဆံရိတ်ပြီး သင်္ကန်း တစ်ထည်ကို သင်းပိုင်အဖြစ် ခါးမှာဝတ်လျက် အခြားသင်္ကန်း တစ်ထည်ကို ကေသီအဖြစ် ရုံလျက် ဒုကုဋ်နှစ်ထပ်သင်္ကန်းကို ပခုံးပေါ်တင်လျက် လက်ဝဲပခုံးစွန်းမှာ သပိတ်ကို လွယ်လျက် ပရိက္ခရာရှစ်ပါးတို့ဟာ သူ့နေရာနှင့်သူ အဆင်သင့် ဆင်ယင်ပြီး ကာ ဝါတော် (၆၀) ရတဲ့ မထေရ်ကြီးလို ကြည်ညိုဖွယ် ရဟန်း အဖြစ်ကို ရောက်သွားပေတော့တယ်။

အရှင်ကောဏ္ဍညဟာ အခုလိုတရားဦးရဖို့အတွက် ပဒုမုတ္တရ မြတ်စွာဘုရားလက်ထက်တော်က မြတ်စွာဘုရားနဲ့ သံဃာတော် ကို ခုနစ်ရက်ပတ်လုံး ယာဂုဆွမ်းနဲ့ တိစီဝရိက် သင်္ကန်းလှူဒါန်း ပြီး ဆုပန်ခဲ့ပါတယ်။ ဝိပဿီမြတ်စွာဘုရားလက်ထက်မှာလည်း မဟာကာဠသူကြွယ်ဖြစ်ပြီး ကောက်စပါး တစ်ကြိမ်စိုက်ရင် ဝတ်ဆံဦးအလှူ၊ မုန့်ဆန်းအလှူ၊ ရိတ်ဦးအလှူစသည်ဖြင့် ကိုး ကြိမ်တိတိ လှူဒါန်းပြီးတော့ ရှေးဦးစွာတရားရလိုကြောင်း ဆု တောင်းခဲ့တယ်။

ကျန် ပဉ္စဝဂ္ဂီလေးဦးတို့လည်း မြတ်စွာဘုရားက တရားညွှန် ပြပေးလို့ နောက်နေ့တွေမှာ တစ်နေ့တစ်ပါးနှုန်းနဲ့ သောတာပန် ရဟန်း ဖြစ်လာကြတယ်။ ဒီပဉ္စဝဂ္ဂီရဟန်းငါးပါးဟာ ပထမဆုံး သံဃာအဖွဲ့အစည်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာပြုလုပ်ငန်း တူညီထမ်း

ပဉ္စဝဂ္ဂီငါးပါးတို့ဟာ မြတ်စွာဘုရား အနတ္တလက္ခဏသုတ် ဟောကြားတဲ့အခါ ရဟန္တာများ ဖြစ်လာကြတယ်။ ဗာရာဏသီ **သူဌေးသား ယသ** နဲ့ သူငယ်ချင်း ၅၄ ဦးတို့ကိုလည်း မြတ်စွာဘုရားက ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာ၊ မဂ္ဂကထာ ဒေသနာစဉ်ကို ဟောကြားပြီး ရဟန္တာများအဖြစ်သို့ ရောက်စေပါတယ်။ ပထမဝါကျွတ်တဲ့အခါ ရဟန္တာ ၆၀ တို့ကို မြတ်စွာဘုရား ဒီလိုမိန့်တော်မူတယ်။

'ရဟန်းတို့...ငါဘုရားဟာ လူနတ်တို့မှာဖြစ်တဲ့ကိလေသာကျော့ကွင်းမှ လွတ်မြောက်ခဲ့ပြီ၊ ရဟန်းတို့...များစွာသော လူနတ်တို့ရဲ့ အကျိုးစီးပွားဖြစ်ခြင်းငှာ ချမ်းသာခြင်းငှာ လောကကို စောင့်ရှောက်ခြင်းငှာ ဒေသစာရီ လှည့်လည်ကြကုန်လော့၊ ခရီးတစ်ကြောင်းလျှင် နှစ်ပါး မသွားကြကုန်လင့်။

'ရဟန်းတို့...အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံပြီး အနက်သဒ္ဒါတို့နှင့်လဲ ပြည့်စုံတဲ့ တရားတော်ကို ဟောကြားကုန်လော၊ အပိုအလိုမရှိထက်ဝန်းကျင် ပြည့်စုံပြီး ဒုစရိုက် အညစ်အကြေးမှ ကင်းဝေးစင်ကြယ်တဲ့ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါး အကျင့်တရားလို ထင်ရှားအောင် ပြကြကုန်လော့။

'ရဟန်းတို့...ဉာဏ်ပညာမျက်စိမှာ ကိလေသာမြူမှုန် နည်းပါးကုန်တဲ့ လူနတ်ဗြဟ္မာတွေ ရှိကြတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ တရားတော်ကို မနာကြားရရင် မဂ်ဖိုလ်ရခြင်းမှ ဆုံးရှုံးနစ်နာသွားကြလိမ့်မယ်။'

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်က စပြီး ရဟန္တာခြောက်ကျိပ်တို့ဟာ လမ်းခရီး တစ်ကြောင်းလျှင် တစ်ပါးကျ ကြွသွားပြီး သာသနာပြုလုပ်ငန်း ကြီးကို မြတ်စွာဘုရားနဲ့အတူ ထမ်းဆောင်ကြပါတော့တယ်။

ပဉ္စဝဂ္ဂီရဟန်းတစ်ပါးဖြစ်တဲ့ **အရှင်အဿဇိ** က ရာဇဂြိုဟ်မြို့ ထဲသို့ အလွန်တည်ငြိမ်တဲ့ ဣန္ဒြေသိက္ခာနဲ့ ဆွမ်းခံကြွလာတယ်။ တရားစစ် တရားမှန် ရှာဖွေနေတဲ့ ဥပတိဿက မထေရ်နောက် လိုက်သွားပြီး အယူဝါဒကို မေးတယ်။ မထေရ်က "ယေဓမ္မာ ဟေတုပ္ပ ဘဝါ..." အစချီတဲ့ ဂါထာတစ်ပုဒ်နဲ့ ဖြေတယ်။ အဓိပ္ပာယ်က...

"ငါတို့ဆရာ မြတ်စွာဘုရားဟာ အကြောင်းတရား တွေကြောင့် အကျိုးတရားတွေဖြစ်တာကို ဟောတယ်၊ အဲဒီ အကြောင်းတရား အကျိုးတရားတို့ရဲ့ ချုပ်ငြိမ်းရာ ချုပ်ငြိမ်းကြောင်းကိုလဲ ဟောတော်မူတယ်"

သစ္စာလေးပါးရဲ့ သဘောအကျဉ်းကို ပြောလိုက်တာပဲ။ ဥပတိဿက ဉာဏ်ကြီးသူဖြစ်လို့ ဒီဂါထာ ကြားနာလိုက်တာနဲ့ သောတာပန်ဖြစ်သွားတယ်။ ဥပတိဿက အဲဒီဂါထာကို သူ့ သူငယ်ချင်း ကောလိတအား ပြောပြတယ်။ ဒီဂါထာကို နာကြား ရတော့ ကောလိတလည်း သောတာပန်ဖြစ်သွားတယ်။

သူငယ်ချင်းနှစ်ဦးက တပည့် ၂၅၀ တို့နဲ့အတူ မြတ်စွာဘုရား ထံသွားပြီး ရဟန်းပြုကြတယ်။ မြတ်စွာဘုရား တရားဟောတော့ တပည့် ၂၅၀ က ရဟန္တာဖြစ်ကြတယ်။ ကောလိတနဲ့ ဥပတိဿ တို့က ခုနစ်ရက်နဲ့ ၁၅ ရက် အသီးသီး တရားအားထုတ်ပြီးမှ

www.burmeseclassic.com

www.burmeseclassic.com



ရဟန္တာဖြစ်ကြတယ်။ ဥပတိဿက အရှင်သာရိပုတ္တရာအမည်နဲ့ လက်ယာရံ အဂ္ဂသာဝကဖြစ်လာတယ်။ ကောလိတက အရှင်မဟာ မောဂ္ဂလာန်အမည်နဲ့ လက်ဝဲရံ အဂ္ဂသာဝက ဖြစ်လာတယ်။ သူတို့နှစ်ပါးက အနော်မဒဿီမြတ်စွာဘုရား လက်ထက်က အဂ္ဂသာဝက ဆုတောင်းပန်ပြီး တစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်းစီပါရမီဖြည့်ခဲ့ကြရပါတယ်။

**လက်ယာတော်ရံ အရှင်သာရိပုတ္တရာ** ဟာ ပညာအရာမှာ ဧတဒဂ်ရသူဖြစ်တယ်။ မြတ်စွာဘုရား အကျဉ်းမျှဟောကြားတဲ့ တရားကို အကျယ်သိမြင်နိုင်သူဖြစ်တယ်။ အဘိဓမ္မာတရားတော်ကို တာဝတိံသာမှာ မြတ်စွာဘုရား ဟောကြားနေတဲ့အချိန်မှာ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားထံက နည်းခံယူပြီးတော့ သူ့တပည့်ငါးရာကို လူ့ပြည်မှာလည်း တစ်ပြိုင်နက်တည်း ဟောကြားပါတယ်။ အဘိဓမ္မာဒေသနာတော်ကို မကျဉ်းမကျယ် လူတို့နှင့် သင့်တင့်လျောက်ပတ်အောင် စီစဉ်ပြီး အရှင်သာရိပုတ္တရာ ဟောကြားတဲ့ တရားတော်ဟာ အဘိဓမ္မာပိဋကတ်တော်အဖြစ် ထင်ရှားစွာ ကျန်ရစ်ခဲ့ပါတယ်။

**လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလာန်** ဟာ တန်ခိုးအရာမှာ ဧတဒဂ်ရသူ ဖြစ်တယ်။ အလွန်တန်ခိုးကြီးတဲ့ နန္ဒောပနန္ဒနဂါးမင်းကို မြတ်စွာဘုရားကိုယ်စား နှိမ်နင်းအောင်မြင်တော်မူခဲ့တယ်။ နတ်ပြည် ငရဲပြည်တို့သို့ အကြိမ်ကြိမ် ကြွရောက်ခဲ့ပြီး သတ္တဝါတို့ဟာ မိမိတို့ ပြုစီမံကြတဲ့ ကုသိုလ်ကံ အကုသိုလ်ကံများအား လျော်စွာ အကျိုးခံစားကြရတာကို အထင်အရှား ဟောကြားပြသပေးခဲ့တယ်။ အရှင်သာရိပုတ္တရာနဲ့တွဲဖက်ပြီး သံဃာ့အရေးအခင်း

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စများကို မြတ်စွာဘုရားကိုယ်တား သွားရောက်ဖြေရှင်း နှိမ်နင်း ပေးရသူလည်း ဖြစ်ပေတယ်။

သူဌေးသား ဝိပ္ပလိလုလင်ဘဝက ရွှေရုပ်လို လှတဲ့ဇနီး မယ် ဘဒ္ဒါနဲ့ နှစ်ဦးသဘောတူ လမ်းခွဲပြီး တရားရှာထွက်လာတာကို မြတ်စွာဘုရား ကြုံဆိုပြီး တရားဟောပြလို့ တရားထူးရခဲ့တဲ့ ပုဂ္ဂိုလ်ကျော်ဟာ အရှင်မဟာ ကဿပဖြစ်ပါတယ်။

**အရှင်မဟာ ကဿပ မထေရ်**ဟာ ဗုဒ္ဓမြတ်စွာရဲ့ အထူး ယုံကြည် အားထားခြင်းခံရတဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ သာသနာတော်သန့် ရှင်းစင်ကြယ်ရေးအတွက် ဗုဒ္ဓကိုယ်စား ဦးဆောင်ထမ်းရွက်ရသူ ဖြစ်လို့ ရဟန်းသံဃာအပေါင်းရဲ့ ကြည်ညိုလေးစားခြင်းကို ခံရ သူဖြစ်တယ်။ ကိလေသာကင်းစင်ကြောင်း ကောင်းမြတ်တဲ့ဓုတင် အကျင့်ကို ကိုယ်တိုင်လည်း ကျင့်သုံးဆောက်တည်တယ်၊ သူ တစ်ပါးတို့ ကျင့်သုံးဆောက်တည်ဖို့လည်း ဟောပြောဆုံးမတယ်၊ ဓုတင်အရာမှာ ဧတဒဂ်ရသူဖြစ်တယ်။

### မင်းညီမင်းသားများ ရဟန်းပြုကြခြင်း

ဗုဒ္ဓမြတ်စွာ ပထမအကြိမ် ကပိလဝတ်နေပြည်တော်သို့ ကြွ ရောက်လာပြီး ထိုမှအပြန် အနုပိယ သရက်ဥယျာဉ်မှာ သီတင်း သုံး နေတော်မူခိုက်မှာ သာကီဝင်မင်းသား ၁၀၀၀ တို့ ရဟန်းပြု ကြတယ်။ ထို့နောက် ဘဒ္ဒိယမင်းသား၊ အနုရုဒ္ဓါမင်းသား၊ အာ နန္ဒာမင်းသား၊ ဘဂုမင်းသား၊ ကိမိလမင်းသား၊ ဒေဝဒတ္တမင်းသား ဆိုတဲ့ သာကီဝင်မင်းသား ခြောက်ဦးနဲ့ ဥပါလိအမည်ရှိတဲ့ဆတ္တာ သည်တို့ဟာ ဘုရားရှင်ထံမှောက်သို့ ရောက်လာကြပြီး ရဟန်း ပြုကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



**ဘဒ္ဒိယမင်းသား**က သုဒ္ဓေါဒနမင်းကြီးကိုယ်စား သာကီဝင်မင်းတို့ကို စီမံအုပ်ချုပ် မင်းလုပ်နေရသူဖြစ်တယ်။ ရဟန်းဝတ်ပြီးနောက် ပထမဝါတွင်းမှာပဲ ရဟန္တာဖြစ်တော်မူတယ်။ ရဟန္တာဖြစ်ပြီးတဲ့နောက် 'ချမ်းသာလေစွ...ချမ်းသာလေစွ'လို့ ဥဒါန်းကျူးရင့်နေတာကို ရဟန်းအများက ကြားလို့ အကြောင်းကိုမေးကြတဲ့အခါ 'ဘုရင်လုပ်နေစဉ်အခါက သက်တော်စောင့်များအတန်တန်ထားပြီး အိပ်စက်သော်မယ့် စိတ်ချလက်ချ မအိပ်နိုင်ခဲ့ဘူး၊ ယခုတော့ စိုးရိမ်ပူပန်မှုတွေ ကြောင့်ကြစိုက်ရမှုတွေ အကုန်ချုပ်ငြိမ်းသွားကြပြီဖြစ်လို့ တကယ်ချမ်းသာနေလို့ ချမ်းသာလေစွလို့ ဥဒါန်းကျူးခြင်းဖြစ်ပါတယ်'လို့ ဖြေကြားတော်မူတယ်။

**အနုရုဒ္ဓါမင်းသား**ဟာ လောကစည်းစိမ်ဟူသမျှကို မကြောင့်မကြ မတောင့်မတ ခံစားစံစားလာခဲ့ရသူဖြစ်တယ်။ 'မရှိ'ဆိုတဲ့စကားကို နားမလည်သူဖြစ်လို့ မိခင်က မုန့်မရှိတော့ဘူးလို့ ပြောလိုက်တာကို 'မရှိမုန့် ပေးပါ'လို့ တောင်းခံတယ်။ မိခင်က ရွှေအုပ်ထဲ ဘာမှမထည့်ဘဲ ပေးလိုက်တာကို နတ်တို့က နတ်သုဒ္ဓါရှိတဲ့မုန့်ကို ဖြည့်ထည့်ပေးရတယ်။ အတိတ်ဆင်းရဲသားဘဝက မိမိဝေစုထမင်းကို ပစ္စေကဗုဒ္ဓါတစ်ပါးအား လှူပြီး 'မရှိတာ မသိပါရစေနဲ့'လို့ ဆုတောင်းခဲ့လို့ပါပဲ။

တစ်နေ့မှာ နောင်တော်မဟာနာမ်မင်းသားက ညီတော်အနုရုဒ္ဓါ မင်းသားကို လောကီလုပ်မှုကိစ္စအကြောင်း ပြောပြတယ်။ 'ညီတော်...ထမင်းကို ဆန်မှရတယ်၊ ဆန်ကို စပါးမှ ရတယ်၊ စပါးကို ပင်ပင်ပန်းပန်းထွန်ယက်စိုက်ပျိုး ရိတ်သိမ်းမှ ရတယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအလုပ်တွေကို တစ်နှစ်ပြီး တစ်နှစ် မဆုံးတမ်းလုပ်ကိုင်ရတယ်၊ အဲဒါ ညီတော်က လယ်လုပ်မလား၊ ရဟန်းဝတ်မလား'

'ကျွန်တော် လယ်အကြောင်း နားမလည်ဘူး၊ နောင်တော် လယ်လုပ်ပါ၊ ကျွန်တော် ရဟန်းဝတ်မယ်'

အနုရုဒ္ဓါက မိဘများထံ ခွင့်ပန်တဲ့အခါ ခွင့်မရဘူး။ 'သားရဲ့ သူငယ်ချင်း ဘဒ္ဒိယမင်းသား ရဟန်းပြုရင် သင်ချစ်သားလဲ ရဟန်းပြုပါတော့'ဆိုတဲ့မယ်တော်ရဲ့ ဝန်ခံစကားကိုသာ ရတယ်။

အဲဒီတော့ အနုရုဒ္ဓါက သူငယ်ချင်းဖြစ်တဲ့ ဘဒ္ဒိယမင်းသားကို ပါအောင် ဆွဲခေါ်နိုင်လို့ နှစ်ဦးလုံး ရဟန်းပြုဖြစ်သွားတယ်။ အနုရုဒ္ဓါမထေရ်က ပထမဝါတွင်းမှာ ဒိဗ္ဗစက္ခုအဘိညာဉ်ကိုပဲ ရတယ်။ နောက် အရှင်သာရိပုတ္တရာရဲ့ အဆုံးအမကို ခံယူပြီး တရားဆက်အားထုတ်တော့ ရဟန္တာဖြစ်တော်မူတယ်။ ဒိဗ္ဗစက္ခု အဘိညာဉ်မှာ ဧတဒဂ်ရရှိတယ်။ နတ်သား နတ်သမီးတို့ရဲ့ ကိုယ် အဆင်းသဏ္ဍာန်နဲ့ အရောင်အဝါအမျိုးမျိုးဖြစ်နေပုံကို ကောင်းစွာ ရှင်းပြနိုင်သူဖြစ်တယ်။

**အရှင်ဒေဝဒတ်**က ပထမဝါတွင်းမှာ လောကီသမာပတ် ရှစ်ပါးနဲ့ လောကီအဘိညာဉ်တို့ကို ရရှိတယ်။ ရှင်ဒေဝဒတ်က ရှေးက ဘုရားအလောင်းတော်အပေါ်မှာ ထားခဲ့တဲ့ အာဃာတ ရန်ငြိုးကြောင့် ဒီဘဝမှာ မြတ်စွာဘုရားကို အကြိမ်ကြိမ် လုပ်ကြံတဲ့အပြင် သံဃာတော်တွေကို သင်းခွဲဖို့ ကြိုးစားတယ်။ ဒီ ကြီးလေးတဲ့ အပြစ်တွေကြောင့် မြေမျိုခံရပြီး အဝီစိငရဲသို့ ကျရောက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



**အရှင်အာနန္ဒာက** ပထမဝါမှာ သောတာပန်ဖြစ်တယ်။ မြတ်စွာဘုရား ဝါတော် ၂၀၊ သက်တော် ၅၅ နှစ် ပြည့်လာပြီးတဲ့အခါ ဘုရားရှင် ကြွလေရာအရပ်ကို လိုက်ပါရပြီး ဘုရားရှင်ကို ဝတ်ကြီး ဝတ်ငယ် ပြုစုလုပ်ကျွေးရတယ်။ အရှင်အာနန္ဒာဟာ ဧတဒဂ်ငါးတန် ရရှိတဲ့မထေရ်ဖြစ်တယ်။ ဧတဒဂ်ဆုတွေက ...

(၁) အကြားအမြင်များခြင်းမှာ အသာဆုံး အမြတ်ဆုံး။

(၂) ဗုဒ္ဓရဲ့တရားစကားကို ကာလကြာမြင့်စွာ ဆောင်ထားနိုင်တဲ့ သတိရှိခြင်းအရာမှာ အသာဆုံး အမြတ်ဆုံး။

(၃) ဗုဒ္ဓ ဟောကြားတော်မူတဲ့ စကားပုဒ်တို့ကို သိစွမ်းနိုင်တဲ့ အသိပညာအရာမှာ အသာဆုံး အမြတ်ဆုံး။

(၄) ဗုဒ္ဓရဲ့ တရားစကားတော်ကို သင်ခြင်း၊ ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်း၊ လုပ်ကျွေးပြုစုခြင်းတို့မှာ လုံ့လဝီရိယ အသာဆုံး အမြတ်ဆုံး။

(၅) ဗုဒ္ဓကို လုပ်ကျွေးပြုစုရာမှာ အသာဆုံး အမြတ်ဆုံး။

အရှင်အာနန္ဒာဟာ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူတဲ့ တရားအားလုံးကို ဆောင်ထားနိုင်တဲ့ ဓမ္မဘဏ္ဍာဂါရိက အရှင်မြတ် ဖြစ်တော်မူတယ်။ သက်တော် ၁၂၀ အထိ (ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံလွန်ပြီး နှစ် ၅၀ ကြာသည်အထိ) သာသနာတော်ရဲ့ အကျိုးကို ဆက်လက်ထမ်းရွက်တော်မူတယ်။ ပထမသင်္ဂါယနာတင်ပွဲမှာ အရှင်အာနန္ဒာက သုတ္တန်ပိဋကနှင့် အဘိဓမ္မာပိဋကတို့ကို ပြန်ဆိုရပါတယ်။

ဘဂုမထေရ်၊ ကိမိလမထေရ်နဲ့ ဥပါလိမထေရ်တို့လည်း ရဟန္တာများ ဖြစ်လာကြတယ်။ **ဥပါလိမထေရ်**က ဝိနည်းအရာ

www.burmeseclassic.com

www.burmeseclassic.com



မှာ ဧတဒဂ်ရတော်မူပြီး ပထမသင်္ဂါယနာတင်ပွဲမှာ ဝိနည်းပိဋက တော်ကို ပြန်ဆိုရပါတယ်။

ဗုဒ္ဓမြတ်စွာဟာ မိမိရဲ့ညီအရင်းဖြစ်တဲ့ **နန္ဒမင်းသား**နဲ့ သား တော် **ရာဟုလာ**တို့ကိုလည်း သာသနာ့ဘောင်သို့ သွတ်သွင်း တော်မူခဲ့ပါတယ်။ ဒီပုဂ္ဂိုလ်နှစ်ဦးတို့ကလည်း အမြတ်ဆုံး သာ သနာ့အမွေ ဖြစ်တဲ့ အရဟတ္တဖိုလ်ကို ရရှိကြပါတယ်။

## သူဌေးသူကြွယ်သားများ ရဟန်းပြုကြခြင်း

သာသနာတော်က ပေးဆောင်နိုင်တဲ့ လောကုတ္တရာအမွေဟာ လောကီအမွေစည်းစိမ်ချမ်းသာထက် အဆပေါင်းများစွာ သာ လွန်ပါတယ်။ ဒါကြောင့် ပါရမီအခံရှိကြတဲ့ သူဌေးသူကြွယ်သား များစွာတို့ကလည်း သာသနာတွင်းသို့ ဝင်ရောက်လာကြပါ တယ်။ ဒီပုဂ္ဂိုလ်များအထဲမှာ **အရှင်ရဋ္ဌပါလ** ဟာ စံနမူနာပြ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ပါတယ်။

တစ်ရံရောအခါ ဗုဒ္ဓမြတ်စွာဟာ နောက်ပါသံဃာများနှင့် အတူ ကုရုတိုင်းသို့ ဒေသစာရီလှည့်လည်လာကာ ထုလ္လကော ဋ္ဌိက နိဂုံးသို့ ရောက်လာပါတယ်။ တရားတော်ကို နာကြားရ တော့ ရဋ္ဌပါလဟာ သဒ္ဓါဖြစ်ပေါ်လာပြီး ရဟန်းပြုဖို့ ဗုဒ္ဓထံ ခွင့် ပန်တယ်။ မြတ်ဗုဒ္ဓက ထုံးစံအတိုင်း မိဘထံက ခွင့်ပြုချက်ကို ရယူစေပါတယ်။

ရဋ္ဌပါလက ချမ်းသာကြွယ်ဝတဲ့မိဘတို့ရဲ့ တစ်ဦးတည်းသော သား ငယ်ရွယ်နုပျိုသူဖြစ်လို့ မိဘတို့က ခွင့်မပြုဘူး။ သုံးကြိမ် ခွင့်ပန်လို့ မရတဲ့အခါ ရဋ္ဌပါလက မြေပေါ်မှာ အိပ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ ... ရဟန်းပြုခွင့် ရရင်ရ၊ မရရင် အသေခံမယ်' ဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ အိပ်တာပဲ၊ အစားအစာ မသုံးဆောင်ဘဲ ခုနစ်ရက်လောက် ကြာလာတဲ့အခါ မိဘတို့က စိတ်ပူလာကြတယ်။

'တို့သား သေဆုံးသွားတာထက် ရဟန်းအဖြစ်နဲ့ ရှိနေတာက တော်ပေသေးတယ်၊ သားကို မြင်နိုင် တွေ့နိုင်ပါသေးတယ်' လို့ ဆင်ခြင်မိကြကာ ရဟန်းပြုခွင့်ပေးလိုက်ကြတယ်။

ရဋ္ဌပါလဟာ ရဟန်းပြုပြီး မြတ်ဗုဒ္ဓနှင့်အတူ သာဝတ္ထိပြည်သို့ လိုက်ပါသွားတယ်။ ဆိတ်ငြိမ်ရာမှာ နေပြီး တရားအစဉ်ကို မမေ့မလျော့ တရားအားထုတ်တာ ရဟန္တာဖြစ်သွားတယ်။

အဲဒီအခါ 'မိဘတို့ကို အတွေ့ခံပါ့မယ်' ကတိစကားအတိုင်း မြတ်စွာဘုရားထံ ခွင့်ပန်ပြီး ထုလ္လကောဋ္ဌိကနိဂုံးသို့ ကြွလာတယ်။ မိဂစီရအမည်ရှိတဲ့ ဥယျာဉ်မှာ သီတင်းသုံးပြီး နံနက်အချိန်မှာ နိဂုံးအတွင်းသို့ ဆွမ်းခံကြွတယ်။ အိမ်စဉ်အလိုက် ဆွမ်းရပ်တာ မိဘအိမ်ရှေ့ကျတော့ အိမ်သူအိမ်သားတို့က မမှတ်မိကြဘူး။

'ဒီ ဦးပြည်းရဟန်းယုတ်များဟာ ငါရဲ့ တစ်ဦးတည်းသော သားချစ်ကို ရဟန်းအဖြစ် ဆွဲဆောင်ယူသွားကြတယ်' လို့ ဖခင်ဖြစ်သူက မကျေမနပ်ဖြင့် ဆဲရေးတဲ့စကားကို မထေရ်ကြားလိုက်ရတယ်။

မထေရ်က မိဘအိမ်မှ ထွက်ခွာမည်အပြုမှာ အိမ်စေကျွန်မက မုယောမုန့် အကြွင်းအကျန်ကို စွန့်ပစ်ဖို့ ထွက်လာတယ်။

'နှမ ... အဲဒီမုယောမုန့်ကို စွန့်ပစ်တော့မယ်ဆိုရင် ငါ့သပိတ်ထဲ လောင်းထည့်လိုက်ပါ'

ကျွန်မက မုယောမုန့်အသိုးကို သပိတ်ထဲ ထည့်စဉ် မထေရ်

www.burmeseclassic.com

www.burmeseclassic.com



ကို မော့ကြည့်တော့ မှတ်မိတယ်။ ဒါကြောင့် မထေရ်ရဲ့မိခင်ထံ ပြေးသွားပြီး…

'အရှင်မ…အရှင်မရဲ့သား ရေဝတလ ရောက်လာပြီ' လို့ အားရ ဝမ်းသာ ပြောလိုက်တယ်။

'ဟယ်…ကျွန်မ၊ သင်ဘယ်လိုလုပ်ပြီး သိသလဲ၊ သင် ပြော တိုင်း မှန်ရင် သင့်ကို ကျွန်အဖြစ်က လွတ်စေမယ်' လို့ မိခင်က ပြောပြီး ဝမ်းမြောက်ဝမ်းသာနဲ့ ခင်ပွန်းထံသို့ ပြေးသွားတယ်။

'အရှင့်သား ရောက်လာပြီ၊ အခုတင် ဒီကထွက်သွားတာ၊ မြန် မြန် လိုက်ခေါ်ပါ'

အရှင်ရေဝတလရဲ့ဖခင်လည်း ဝမ်းသာလုံးဆို့ကာ လိုက်သွား တယ်။ အရှင်ရေဝတလက သင့်တင့်လျောက်ပတ်ရာမှာ ထိုင်ပြီး မုယောမုန့်အသိုးကို ဘုဉ်းပေးတော်မူတယ်။ ဖခင်က ယူကျုံးမရ ဖြစ်ကာ…

'ချစ်သား… ဖြစ်မှဖြစ်ရပလေ၊ ဘာဖြစ်လို့ မုယောမုန့်အသိုး ကို စားရသလဲ၊ မိဘအိမ် ရှိလျက်သားနဲ့ ဘာကြောင့် အိမ်မလာ တာလဲ'

'အို…ဒကာကြီး၊ ငါတို့မှာ အိမ်မရှိဘူး၊ သင့်အိမ်သို့ ရောက် ခဲ့ပြီ၊ 'ကန်တော့ဆွမ်း' ကိုမျှ မရခဲ့ပါ၊ ဆဲရေးခြင်းကိုသာ ရခဲ့ပေ တယ်။'

'အို…ချစ်သား ရေဝတလ၊ လာပါ…အိမ်သို့သွားကြပါစို့'

'ဒါယကာကြီး…တန်ပြီ၊ ယနေ့အဖို့ ငါ့အား ဆွမ်းကိစ္စပြီးပြီ'

'ချစ်သား…သို့ဖြစ်ရင် နက်ဖြန်မနက်ဆွမ်းကိုလက်ခံပါလော့'

မထေရ်က ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဥစ္စာတွေကို ရေမျှောလိုက်ပါ

အရှင်ရဋ္ဌပါလရဲ့မိဘများက သားကြိုက်နှစ်သက်တဲ့ဘောဇဉ် များကိုစီစဉ်ထားကြတယ်။ အရှင်ရဋ္ဌပါလရဲ့ မယားဟောင်းများ ကလည်း အလှပဆုံး ဝတ်စားဆင်ယင်ထားကြတယ်။

အရှင်ရဋ္ဌပါလ ကြွလာတဲ့အခါ ဖခင်က ရွှေငွေဘဏ္ဍာများ ထည့်ထားတဲ့ သေတ္တာကို ဖွင့်ပြီးပြတယ်။

'ချစ်သား... ကြည့်ပါလော့၊ ဒီရတနာပစ္စည်းတွေဟာ အမိ ဘက်က ပါလာတဲ့မုန့်ဖိုးပဲဖိုးလောက်ပဲ ရှိသေးတယ်၊ ဖခင်ဘက် ကရော အဘိုးအဘွားဘက်ကရော ရွှေငွေရတနာ လယ်ယာ ဥယျာဉ်ပစ္စည်းတို့ဟာ များစွာရှိသေးတယ်၊ ဒီပစ္စည်းဥစ္စာ အား လုံးဟာ ချစ်သားတစ်ဦးတည်း ပိုင်ဆိုင်တာပဲ၊ ချစ်သားဟာ ငယ် ရွယ် နုပျိုပါသေးတယ်၊ စည်းစိမ်ခံစားပါဦးလော့၊ ကုသိုလ် ကောင်းမှုတွေလဲ ပြုတာပေါ့'

'အို...ဒါယကာကြီး ကျွန်ုပ်ရဲ့စကားကို လိုက်နာနိုင်မယ် ဆို ရင် ဒီရွှေငွေရတနာဥစ္စာတွေကို လှည်းဖြင့် တင်သွားပြီး မြစ်ထဲ ပစ်ချလိုက်ပါ၊ ဘာကြောင့်လဲဆိုတော့ ဒီဥစ္စာတွေကို အကြောင်း ပြုပြီး ဒကာကြီးတို့ ကိုယ်စိတ် ဆင်းရဲကြရတယ်။'

အဲဒီအခါ အရှင်ရဋ္ဌပါလရဲ့ မယားဟောင်းများက အနီးသို့ ချဉ်းကပ်လာကြပြီး အရှင်မြတ်ရဲ့ခြေကို ဆုပ်နယ်ပွတ်သပ်ကြ ကုန်တယ်။ ချစ်ခင်ဖွယ်ရာသောအသံတို့ဖြင့် ပျူပျူငှာငှာ မြူဆွယ် ကြတယ်။

ကိလေသာကုန်ခန်းနေပြီဖြစ်တဲ့ မထေရ်မြတ်တို့ဟာ ဥစ္စာ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ရော မိန်းမနဲ့ရော မြူဆွယ်လို့ မရတော့ပါဘူး။ ရွှေကို သံလိုက်တုံးနဲ့ ဆွဲငင်လို့ မရသလိုပါပဲ။ ဒါကြောင့် အရှင်ရှုပါလက...

'အို ... ဒါယကာကြီး၊ ဆွမ်းဘောဇဉ်ကို ပေးလှူမယ်ဆိုရင် ပေးလှူပါလော့၊ ကျွန်ုပ်အား ဥစ္စာနဲ့တစ်တန်၊ မိန်းမနဲ့တစ်သွယ် ဆက်ပြီး မညှဉ်းဆဲပါနဲ့'

ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ မထေရ်က တရားစကား အနည်းငယ် ပြောကြားတယ်။

'ရှုကြစမ်းပါ၊ ဒီခန္ဓာကိုယ် အတ္တဘောဟာ အနာဝတို့နဲ့ ပြည့်နေတယ်၊ အမြဲတစေ နာကျင်ကိုက်ခဲနေတယ်၊ ကြာရှည်မတည်မြဲနိုင်ဘူး။

'ရှုစမ်းပါဦး၊ အရိုးကို အရေဖုံးအုပ်နေတဲ့ ရုပ်ပုံဟာ အဝတ်တန်ဆာတွေ ပတီးလက်ကောက် နားတောင်းတွေ ဆင်မြန်းထားမှ တင့်တယ်တယ်၊ ဒါပေမဲ့ ဒွါရကြီးကိုးပေါက်မှ မပြတ်ယိုစီးကျနေတဲ့ မျက်ချေး၊ နားချေး၊ နှပ်ချေး၊ တံတွေး၊ သလိပ်၊ ကျင်ကြီး ကျင်ငယ်တို့ဟာ ရွံဖွယ်အတိဖြစ်နေတယ်မဟုတ်လား။

'ချိပ်ရည်ဆိုးထားတဲ့ ခြေထောက်တွေ၊ အမွှေးနံ့သာ လိမ်းခြယ်ထားတဲ့ မျက်နှာ၊ ဆင်ယင်ထုံးဖွဲ့ထားတဲ့ ဆံပင်၊ မျက်ကွင်းဆေးနဲ့ လှပအောင် ခြယ်သထားတဲ့ မျက်ခုံး မျက်လုံး မျက်တောင်တွေဟာ လူမိုက်တွေကိုသာ တွေဝေစေနိုင်တယ်၊ နိဗ္ဗာန်ကို ရှာမှီးသူတို့အား မတွေဝေစေနိုင်ဘူး'

'သားသတ်မုဆိုးက ပိုက်ကို ထောင်ထားပေမယ့် လိမ္မာတဲ့ သားသမင်ဟာ ပိုက်ကိုမထိစေဘဲ အစာကိုစားပြီး ဖဲခွာသွားနိုင်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



တရားစကား ပြောဆိုပြီးတော့ မထေရ်မြတ်က မိဂစိရ ဥယျာဉ်သို့ ပြန်လည်ကြွသွားပါတယ်။ ကိလေသာကင်းရှင်းပြီးတဲ့ မထေရ်မြတ်တို့ဟာ သစ်ပင်အောက်မှာ သီတင်းသုံးရစေကာမူ ကိလေသာရှိသူတို့က ရွှေဘုံပေါ်မှာ ကျိန်းစက်နေကြရခြင်းထက် ပိုပြီး ချမ်းသာကြပါတယ်။

## ဘာကြောင့် ရဟန်းပြုရသလဲ

ကုရုတိုင်းကို အစိုးရတဲ့ ကောရဗျမင်းဟာ မိမိရဲ့ ဥယျာဉ်မှာ အရှင်ရဋ္ဌပါလ သီတင်းသုံးနေတာကြားလို့ လာပြီးမေးလျှောက်တယ်။

'အရှင်ရဋ္ဌပါလ ... လောကမှာ ပျက်စီးခြင်းလေးမျိုး ရှိတယ်လို့ ကြားဖူးတယ်၊ အိုခြင်း, နာခြင်း, စည်းစိမ်ဆုံးရှုံးခြင်းနဲ့ ဆွေမျိုးဆုံးရှုံးခြင်းတို့ပါပဲ၊ ဒီပျက်စီးခြင်းလေးမျိုးကြောင့်သာ အချို့သူတို့ဟာ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်လေ့ရှိပါတယ်။

'အရှင်ရဋ္ဌပါလ ... အရှင်ဘုရားဟာ ငယ်ရွယ်နုပျိုသေးလို့ အိုမှုဆိုတဲ့ ပျက်စီးခြင်း မရှိသေးဘူး၊ ကျန်းမာသန်စွမ်းသူဖြစ်လို့ နာမှုဆိုတဲ့ ပျက်စီးခြင်းလဲ မရှိသေးဘူး၊ စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝနေတဲ့အတွက် စည်းစိမ်ဆုံးရှုံးမှုဆိုတဲ့ ပျက်စီးခြင်းလဲ မရှိသေးဘူး၊ ဆွေမျိုးသားချင်းတွေလဲ အမြောက်အမြား ရှိနေလို့ ဆွေမျိုးဆုံးရှုံးမှုဆိုတဲ့ ပျက်စီးခြင်းလဲ မရှိသေးဘူး၊ အဘယ့်ကြောင့် ရဟန်းပြုတာလဲ'

'မင်းကြီး၊ မြတ်စွာဘုရား အကျဉ်းညွှန်ပြတဲ့ တရားလေးပါးကို မြင်သိလို့ ရဟန်းပြုခဲ့ပါတယ်။ ထိုတရားလေးပါးက ...



www.burmeseclassic.com

www.burmeseclassic.com



(၁) အိုခြင်း, သေခြင်းဟာ လူအပေါင်းကို ဆောင်တယ်။ ဒါ့ကြောင့် လူတွေဟာ အမြဲမတည်ဘူး။

(၂) လူအပေါင်းဟာ ခိုကိုးရာမရှိ၊ အားထားရာ မရှိဘူး။

(၃) လူအပေါင်းဟာ ကိုယ်ပိုင်ဥစ္စာမရှိကြဘူး၊ သေတဲ့အခါ အကုန်စွန့်လွှတ်သွားရတယ်။

(၄) လူအပေါင်းဟာ အလိုပြည့်တယ်လို့ မရှိကြဘူး၊ ယုတ် လျော့လျက်သာ ရှိကြတယ်၊ ရောင့်ရဲမှုမရှိ၊ တဏှာရဲ့ ကျေးကျွန်သာ ဖြစ်ကြတယ်'

'အရှင်ဘုရား...အိုခြင်း သေခြင်းဟာ လူအပေါင်းကို ဆောင် တဲ့အတွက် အမြဲမတည်ဘူးဆိုတာ ဘယ်လိုလဲ'

'မင်းကြီး...သင်မင်းကြီးဟာ အသက်ငယ်ရွယ်စဉ်အခါက ဆင်စီး မြင်းစီးအတတ်၊ ဓားလှံအတတ်၊ လေးအတတ်တွေကို တတ်မြောက်ပြီး လက်ရုံးစွမ်းအား, ကိုယ်ခန္ဓာစွမ်းအားတွေ ရှိခဲ့ တယ် မဟုတ်လား၊ ယခု ဒီစွမ်းအားတွေ ရှိသေးရဲ့လား'

'မှန်ပါတယ်၊ နုပျိုစဉ်အခါက မိမိစွမ်းအားနဲ့ တူသူမရှိဘူးလို့ ထင်ခဲ့တယ်၊ ယခု အသက် ၈၀ ရှိပြီဖြစ်လို့ ဒီစွမ်းအားတွေ မရှိ တော့ဘူး၊ ခြေလှမ်းကိုတောင် တည့်မတ်မှန်ကန်အောင် မလှမ်း နိုင်တော့ဘူး'

'မင်းကြီး...ဆင်ခြင်ပါလော့၊ အိုခြင်း, သေခြင်းဟာ လူ အပေါင်းကို ဆောင်လို့ အမြဲမတည်ဘူးဆိုတာကို သင်မင်းကြီး သဘောပေါက်ပြီမဟုတ်လား'

'အရှင်ရဋ္ဌပါလ...သဘောပေါက်ပါပြီ၊ 'လူအပေါင်းမှာ ခို ကိုးရာ မရှိ၊ အားထားရာမရှိ' ဆိုတဲ့စကားကို ထပ်ရှင်းပါဦး'

www.burmeseclassic.com

www.burmeseclassic.com



'မင်းကြီး…သင်မင်းကြီးကိုပဲ မေးပါရစေ၊ သင်မင်းကြီးဟာ တစ်ခါတစ်ရံမှာ အလွန်ပြင်းထန်တဲ့ဝေဒနာကို မခံစားခဲ့ရဖူးဘူးလား'

'ခံစားခဲ့ရဖူးပါတယ်၊ အကျွန်ုပ်ကို ဝန်းရံနေကြတဲ့ ဆွေမျိုးသားချင်းတွေကတောင် 'ကောရဗျမင်းကြီး သေတော့မယ်၊ ကောရဗျမင်းကြီး သေတော့မယ်' လို့ မြည်တမ်းကြတာလဲ ရှိခဲ့ပါတယ်'

'မင်းကြီး…အဲဒီအခါမှာ ဝန်းရံပြုစုနေကြတဲ့ ဆွေမျိုးတွေကို 'အို…အမောင်တို့ အမိတို့၊ ငါခံစားနေရတဲ့ဝေဒနာဆိုးကို ခွဲဝေမျှယူကြပါ' လို့ ခွဲဝေပေးလို့ ရရဲ့လား'

'ခွဲဝေပေးလို့ မရဘူး၊ အကျွန်ုပ်ပဲ ဝေဒနာကို ခံရပါတယ်'

'မင်းကြီး…ဆင်ခြင်ပါလေ၊ 'လူ့အပေါင်းတို့မှာ ခိုကိုးရာမရှိ၊ အားထားရာမရှိ' ဆိုတဲ့စကားကို သင်မင်းကြီးသဘောပေါက်ပြီ မဟုတ်လား'

'မှန်ပါပေတယ် အရှင်ရဋ္ဌပါလ၊ အကျွန်ုပ်သဘောပေါက်ပါပြီ၊ လူအပေါင်းမှာ ကိုယ်ပိုင်ဥစ္စာမရှိ၊ အလုံးစုံကို စွန့်လွှတ်ပြီးသွားရတယ်' ဆိုတဲ့ တတိယစကားကို ရှင်းပြပါဦး'

'မင်းကြီး…သင်မင်းကြီးဟာ ယခုဘဝမှာကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်ဥစ္စာနဲ့ ကာမဂုဏ်အာရုံတို့ကို ခံစားနေရပါတယ်၊ နောင်တမလွန်ဘဝမှာလဲ အလားတူစည်းစိမ်ကို ခံစားနိုင်ရအောင်လို့ သင်မင်းကြီးရဲ့ ပစ္စည်းဥစ္စာတွေကို ယူသွားလို့ရမလား၊ ဒါမှမဟုတ် စွန့်ထားခဲ့ရမှာလား'

'အရှင်ရဋ္ဌပါလ…ကျွန်ုပ်ရဲ့ စည်းစိမ်ဥစ္စာတွေကို အကုန်စွန့်ပြီး ဗလာကိုယ်ထီး လက်ခြေချည်းတို့သာလျှင် တမလွန်လောက

www.burmeseclassic.com

www.burmeseclassic.com



သို့ ကျွန်ုပ်သွားရပေမယ်၊ 'လူအပေါင်းမှာ ကိုယ်ပိုင်ဥစ္စာ မရှိ၊ အလုံးစုံကို စွန့်လွှတ်သွားရမယ်' ဆိုတဲ့စကားကို ကျွန်ုပ်သဘော ပေါက်ပါပြီ၊ 'လူအပေါင်းဟာ အလိုမပြည့်ဘူး၊ ယုတ်လျော့လျက် သာ ရှိတယ်၊ ရောင့်ရဲမှုမရှိ၊ တဏှာရဲ့ကျေးကျွန်တွေပဲ' ဆိုတဲ့ စတုတ္ထစကားကို ရှင်းပြပါဦး'

'ကောင်းပေပြီ မင်းကြီး၊ သင်မင်းကြီးဟာ အခု စည်ပင်ဝပြော တဲ့ ဒီကုရုတိုင်းကို အုပ်စိုးနေရတယ်မဟုတ်လား၊ အသင်မင်းကြီး ရဲ့ လူယုံတော်ယောကျ်ားတစ်ယောက်က 'ကုရုတိုင်းရဲ့ အရှေ့ ဘက်မှာ အင်မတန်သာယာဝပြောတဲ့ နိုင်ငံငယ်တစ်ခုရှိတယ်၊ ဆန်ရေစပါး ရွှေငွေရတနာ သမီးကညာတွေ အလွန်ပေါများ တယ်၊ အဲဒီနိုင်ငံကို မင်းကြီးအလွယ်တကူနဲ့ သိမ်းပိုက်နိုင်တယ်' လို့ လျှောက်ထားရင် သင်မင်းကြီး သိမ်းပိုက်မှာလား၊ မသိမ်းပိုက် ဘဲ လက်လွှတ်လိုက်မလား'

'အရှင်ဘုရား ... အကျွန်ုပ် လက်လွှတ်မခံနိုင်ဘူး၊ သိမ်းပိုက် မှာပဲ'

'မင်းကြီး ... အလားတူပဲ လူယုံတော်များက ကုရုတိုင်းရဲ့ အနောက်ဘက်, တောင်ဘက်, မြောက်ဘက်တွေမှာ သာယာ ဝပြောတဲ့ နိုင်ငံကလေးတွေကို အလွယ်တကူချီတက်သိမ်းပိုက် နိုင်ပါတယ်' လို့ လာရောက်လျှောက်ထားရင် သင်မင်းကြီး သိမ်း ပိုက်မည်လား၊ ရှောင်လွှဲမည်လား'

'မရှောင်လွှဲပါ၊ ထိုထိုနိုင်ငံတွေကို ချီတက်သိမ်းပိုက်မှာပဲ'

'မင်းကြီး ... သတိဖြင့် ဆင်ခြင်ပါ၊ 'လူအပေါင်းဟာ အလို မပြည့်ကြဘူး၊ ယုတ်လျော့လျက်သာ ရှိကြတယ်၊ မရောင့်ရဲနိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြဘူး၊ တဏှာရဲ့ကျေးကျွန်များသာ ဖြစ်ကြတယ်’ဆိုတဲ့စကား ကို သင်မင်းကြီး ကောင်းစွာ သိမြင်လောက်ပါပြီ’

‘ကောင်းလှပေတယ် အရှင်ရဋ္ဌပါလ၊ မှန်ကန်လှပေတယ်၊ ကျွန်ုပ်သဘောပေါက်ပါပြီ’

‘မင်းကြီး… ကာမဂုဏ်ငါးပါးတို့ဟာ ဆန်းကြယ်ထူးထွေ ကုန်တယ်၊ မွေ့လျော်သာယာနာပျော်ဖွယ် ဖြစ်ကုန်တယ်၊ အထူး ထူး အပြားပြားသော အခြင်းအရာတို့ဖြင့် စိတ်ကိုမွှေနှောက်တတ် ကုန်တယ်၊ ထိုကာမဂုဏ်တို့ရဲ့အပြစ်ကို မြင်လို့ ငါရဟန်းပြုခဲ့ တယ်။

‘အို… မင်းကြီး၊ သစ်သီးတို့ဟာ ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ ကြွေကျကုန်တာပဲ၊ ထို့အတူ လူကြီးဖြစ်စေ၊ လူလတ်ဖြစ် စေ၊ လူငယ်ဖြစ်စေ သေကြရကုန်တယ်၊ ဒီသဘောကို မြင်တဲ့အ တွက်ကြောင့်လဲ ငါဟာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ ရဟန်း ဘောင်သို့ ကူးပြောင်းခဲ့ခြင်းဖြစ်ပေတယ်’

(မဇ္ဈိမပဏ္ဏာသ ပါဠိတော်၊ ရာဇဝဂ်၊ ရဋ္ဌပါလသုတ်)

## ကမ္ဘာ့ထိပ်တန်းအဖွဲ့အစည်း

သာသနာ့ဘောင်ထဲသို့ မင်းညီမင်းသားတွေ သူဌေးသူကြွယ် သားတွေ ဆင်းရဲသားတွေ ဝင်ရောက်လာကြတဲ့အခါ ဂုဏ်ပကာ သနတွေ ပပျောက်ပြီး မြတ်စွာဘုရားရဲ့ တပည့်သားများအနေနဲ့ ညီအစ်ကိုတွေ ဖြစ်လာကြတယ်၊ ဝါငယ်သူတို့က ဝါကြီးသူတို့ ကို ရိုသေလေးစားကြရတယ်။

ကမ္ဘာပေါ်မှာ အသက်အရှည်ဆုံး စည်းစနစ်အကျဆုံးနဲ့ အမြင့်မြတ်ဆုံး အဖွဲ့အစည်းကိုပြပါဆိုရင် သံဃာ့အဖွဲ့အစည်း

www.burmeseclassic.com

www.burmeseclassic.com



ကို ပြရမှာဖြစ်တယ်။ ဒီအဖွဲ့အစည်းရဲ့ စည်းကမ်းချက်တွေက အလွန်မြားမြောင်ပြီး အလွန်တင်းကျပ်ပါတယ်။ ရတနာသုံးပါးနဲ့ ကံတရားတို့အပေါ်မှာ ယုံကြည်မှုသဒ္ဓါမရှိတဲ့လူတွေ လိုက်နာဖို့ ခဲယဉ်းတယ်။ ဒီစည်းကမ်းချက်တွေကို လိုက်နာလိုက်တာနဲ့ တစ်ပြိုင်နက် ထိပ်တန်းကိုယ်ကျင့်တရားကို ရရှိပြီး နတ်လူပြဟ္မာတို့ရဲ့ ရှိခိုးပူဇော်ခြင်းကို ခံယူထိုက်တော့တယ်။

အဲဒီစည်းကမ်းချက်များက ဘာတွေလဲ။ ဘိက္ခုပါတိမောက်မှာလာတဲ့ သိက္ခာပုဒ် ၂၂၇ ပါးတို့က မူလအခြေခံဖြစ်ပြီး အရေးအကြီးဆုံး သိက္ခာပုဒ်များ ဖြစ်ကြတယ်။ အကျယ်အားဖြင့် ပြောရင် သိက္ခာပုဒ်ပေါင်း ကုဋေ ကိုးထောင်ကျော် ရှိပါတယ်။ ရဟန်းတို့ရဲ့ ကိုယ်နှုတ်နှစ်ပါး အထူးယဉ်ကျေးသိမ်မွေ့အောင် ရည်ရွယ်ပြီး ဒီသိက္ခာပုဒ်တွေကို မြတ်စွာဘုရားက အာဏာစက်သုံးပြီး ပြဋ္ဌာန်းထားခြင်း ဖြစ်တယ်။

ဒီသိက္ခာပုဒ်တွေမှာ ရဟန်းတို့ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုသွားလာရမယ်၊ ဘယ်လိုဆက်ဆံရမယ်၊ ဘယ်လိုစားသောက်ရမယ် စသည်ဖြင့် အသေးစိတ်ညွှန်ကြားချက်တွေ ပါတယ်။ ယုတ်စွအဆုံး အိမ်သာတက်ရင်တောင် ဘယ်လိုပြုမူလုပ်ကိုင်ရမယ် ဆိုတာ ပါတယ်။ ဒီလို အသေးစိတ်ညွှန်ကြားထားတော့ မြတ်ဗုဒ္ဓအလိုတော်ကျ နေထိုင်ချင်သူတွေအတွက် လွယ်ကူသွားတာပေါ့။

မြတ်စွာဘုရားဟာ ဝိနည်းသိက္ခာပုဒ်များကို ပညတ်တော်မူရာမှာ အောက်ပါရည်ရွယ်ချက်များကို ထားရှိတယ်။

၁။ သံဃာတော်က လိုလိုလားလား လက်ခံကျင့်သုံးရန်၊

www.burmeseclassic.com

www.burmeseclassic.com



၂။ သံဃာတော်များ ချမ်းသာရန်၊

၃။ အကျင့်သီလ ဖောက်ဖျက်သူတို့ကို နှိမ်နင်းရန်၊

၄။ အကျင့်သီလကို ချစ်မြတ်နိုးကြတဲ့ ရဟန်းများ ချမ်းသာစွာ နေထိုင်ရန်၊

၅။ မျက်မှောက်မှာ ဖြစ်ကုန်တဲ့ ဆင်းရဲအထူးတို့ကို စောင့်စည်းရန်၊

၆။ နောင်ဖြစ်လတ္တံ့သော ဆင်းရဲအထူးတို့ကို ဖယ်ရှားရန်၊

၇။ မကြည်ညိုသေးတဲ့သူတို့ကို ကြည်ညိုလာစေရန်၊

၈။ ကြည်ညိုပြီးတဲ့သူတို့ကို တိုး၍ကြည်ညိုလာစေရန်၊

၉။ သူတော်ကောင်းတရားနဲ့ သာသနာသုံးရပ် တည်တံ့ရန်၊

၁၀။ ဝိနည်းစည်းမျဉ်းဥပဒေကို ချီးမြှောက်ရန်၊

(ဆဋ္ဌမအင်္ဂုတ္တိုရ်၊ ဝိနယဝိနည်း၊ မဟာဝါပါဠိတော် မြန်မာပြန်)

**ဝိနယောနာမ သာသနဿ အာယု။** ဝိနည်းတော်ဟာ သာသနာတော်ရဲ့ အသက် ဖြစ်တယ်။

ရဟန်းတော်များအားလုံးက ဝိနည်းတော်ကို လေးစားလိုက်နာကြမယ်ဆိုရင် သာသနာတော် စည်ပင်သာယာမယ်။ ရဟန်းတော်များက ဝိနည်းတော်ကို မလေးစားမလိုက်နာကြရင် သံဃာ့အဖွဲ့အစည်းလည်း ပျက်၊ သာသနာတော်လည်း ပျက်စီးမှာပဲ။

## လူနှင့် မတူတဲ့ ရဟန်း

ရဟန်းဟာ လူဝတ်ကြောင်နှင့်မတူတဲ့ လူသား ဖြစ်ပါတယ်။ လူဝတ်ကြောင်တွေက ကြောင်ကြောင်ကျားကျား အင်္ကျီလုံချည် ဖက်ရှင်အမျိုးမျိုး ဝတ်ဆင်ကြတယ်။ ရဟန်းများက သစ်ခေါက်

www.burmeseclassic.com

www.burmeseclassic.com



ရည် အရောင်ဆိုးထားတဲ့ သင်္ကန်းသုံးထည်ကို အသုံးပြုကြတယ်။ တိစီဝရိက်မှတင်ဆောင်ထားတဲ့ ရဟန်းက သင်္ကန်းသုံးထည်ပဲ အသုံးပြုတယ်၊ အပိုမထားဘူး။

သင်္ကန်းဆိုတာ အင်္ကျီပုံ၊ လုံချည်ကွင်းပုံ ချုပ်ထားတာမဟုတ်ဘူး။ အပိုင်းပိုင်းပြတ်နေတဲ့ အဝတ်တွေကို ချုပ်စပ်ထားတဲ့ ရှည်မျောမျော စတုဂံပုံအဝတ်ဖျင်ပိုင်းမျှသာဖြစ်တယ်။ ပုံသဏ္ဍာန်အဝတ်ပိုင်းကလေးတွေကို ချုပ်စပ်ပြီး သစ်ခေါက်ရည်ဆိုးလိုက်ရင် သင်္ကန်းဖြစ်လာတယ်။

ဘုရားရှင်က မာဂဓတိုင်းသားတို့ရဲ့ လယ်ကွက်များကိုကြည့်ပြီး အာနန္ဒာအား လယ်ကန်သင်းဖွဲ့ပုံအတိုင်း သင်္ကန်းကိုစီရင်စေတယ်။ အရှင်အာနန္ဒာကလည်း အနားပတ်၊ တရုတ်မြောင်းရှည်၊ တရုတ်မြောင်းငယ်၊ အိမ်ဝမ်းကြီး၊ အိမ်ခွဲ၊ အလယ်ကောင်၊ ခေါင်ရံနှင့်တကွ အဝတ်စများကို ချုပ်စပ်ထားတယ်။ ဒါကို မြတ်စွာဘုရား နှစ်သက်တော်မူတယ်။ ဒီလို ဖျင်စကို အပိုင်းပိုင်းဖြတ်ပြီး ချုပ်စပ်ထားတော့ သူခိုးဓားပြတို့ မလိုချင်ဘူး၊ မလိုချင်တော့ ရန်အေးတာပေါ့။

မြတ်စွာဘုရားကိုယ်တိုင် ဝတ်ရုံအသုံးပြုတဲ့ သင်္ကန်းဟာ ရဟန်းတော်များ ဝတ်ရုံထားတဲ့အခါမှာလည်း ဘုန်းကျက်သရေရှိပြီး တင့်တယ်သပ်ရပ်ပါတယ်။ အနောက်တိုင်း နိုင်ငံများသို့ သံဃာတော်များ ကြွရောက်သွားကြတဲ့အခါ ဟိုကလူတွေက အထူးအဆန်းအဖြစ် ကြည့်ကြတယ်။ သင်္ကန်းကို ကိုင်ပြီး 'ဒါ ဘာခေါ်သလဲ' လို့ မေးမြန်းကြတယ်။ သင်္ကန်းကို ကျစ်လျစ်သပ်ရပ်စွာ ဝတ်ရုံပြလိုက်တဲ့အခါ သူတို့ အလွန်အံ့အားသင့်ကြ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ 'ကောင်းတယ်…ကောင်းတယ်' လို့လည်း အာမေဋိတ် စကား ပြောကြားကြတယ်။

ကနေ့ ငွေကြေးတတ်နိုင်တဲ့ အမျိုးသမီးတို့က အင်္ကျီလုံချည် အဆင်တူနဲ့ 'ဝမ်းဆက်' (one set) ဝတ်စုံတွေ ဝတ်ကြတယ်၊ ဘယ်လောက်ပဲ အဖိုးတန်တဲ့ဝတ်စုံကို ဝတ်ဆင်ကြပါစေ၊ ရဟန်း သံဃာများရဲ့ အဝတ်ပိုင်းများကို ချုပ်စပ်ထားတဲ့သက်န်းလောက် ကျက်သရေမရှိဘူး။

အနောက်နိုင်ငံများဆီ ရောက်သွားကြတဲ့ ရဟန်းတော်များ ကို ဘာကြောင့် ခေါင်းတုံးထားရသလဲလို့ မေးကြပါတယ်။ ဆံပင် ညှပ်ရတာ၊ ခေါင်းလျှော်ရတာ၊ ဆံပင်ကို ဆီလိမ်းရတာ၊ ဖြီးရတာ၊ မှန်နဲ့ ဘီး အမြဲ ဆောင်ထားရတာ စတဲ့ ကိစ္စ ဒုက္ခတွေက ကင်းဝေး အောင်လို့ ဦးပြည်းခေါင်းတုံး ထားတယ်လို့ ဖြေဆိုတဲ့အခါလည်း သဘောကျကြတယ်။

ရဟန်းတွေ အသုံးပြုတဲ့ သပိတ်ကလည်း နားရွက်မပါတဲ့ ခေါင်းပြတ် အိုးငုတ်တိုကလေးလိုပဲ၊ အမည်းရောင်လည်း ဖြစ် နေတယ်ဆိုတော့ လူတွေ မသုံးချင်ကြဘူး။ ဒီသပိတ်တစ်လုံးနဲ့ ပဲ ရဟန်းဟာ ဆွမ်းခံပြီး အာဟာရကိစ္စကိုပြီးစေပါတယ်။ ရဟန်း တော်များရဲ့ ကိုယ်ပိုင်ပစ္စည်းဆိုလို့ သင်္ကန်းသုံးထည်၊ သပိတ် တစ်လုံး၊ ခါးပန်းကြိုး၊ သင်တုန်းဓား၊ အပ်၊ အပ်ချည်နဲ့ ရေစစ် တို့ပဲရှိတယ်။ ဒါကို **ပရိက္ခရာ ရှစ်ပါး** လို့ ခေါ်တယ်။ အများအား ဖြင့် ရဟန်းတော်များဟာ သင်္ကန်းသုံးထည်၊ သပိတ်တစ်လုံးနဲ့ ပဲ သွားလာကြတယ်။ ငှက်များလို ပေါ့ပေါ့ပါးပါး သွားနိုင်ကြ တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတို့မှာ ရွှေငွေရတနာ အလှူခံခွင့်၊ သုံးစွဲခွင့်၊ ပိုင်ဆိုင်ခွင့် မရှိဘူး။ အိုးအိမ်လယ်ယာပိုင်ဆိုင်ခွင့်မရှိဘူး။ အပြဟ္မ စရိယာ အကျင့်ကိုကျင့်ပြီး အိမ်ထောင်သားမွေး မလုပ်ရဘူး။ လယ်အလုပ် ယာအလုပ်စတာတွေကိုမလုပ်ရဘူး။ သစ်ခက် သစ်ရွက်နဲ့ မြက်ပင်တွေကိုတောင် မခုတ်ဖြတ်ရ၊ မနုတ်ရဘူး။

ရဟန်းများ လုပ်ကိုင်ရတဲ့အလုပ်က နှစ်မျိုးပဲ ရှိတယ်။ **ဂန္ထဓုရ** ခေါ် ပရိယတ်စာပေ သင်ကြားခြင်းနဲ့ **ဝိပဿနာဓုရ** ခေါ် သမထဝိပဿနာ ပွားများအားထုတ်ခြင်းပါပဲ။ ဒီအလုပ်နှစ်မျိုးက သာသနာတော်တည်တံ့ရေးနဲ့ မိမိဘဝ တိုးတက်ရေးတို့ အတွက် ကျေးဇူးပြုပါတယ်။

**"ဃရာဝါသ၊ သမ္ဗာဓဟော၊ ကိစ္စမြားမြောင်၊ လူတို့ဘောင်"** ဆိုတဲ့အတိုင်း လူ့လောကမှာ ကိစ္စဝိစ္စတွေ အလွန်များပြားလှပေတယ်။ ကာမဂုဏ်အာရုံတွေနဲ့ နှီးနှောနေရတဲ့အတွက်လည်း ပူပန်သောကတွေ ဆင်းရဲဒုက္ခတွေ မြားမြောင်လှပါတယ်။

ရဟန်းဘဝကတော့ တဏှာပွားစီးစေတဲ့ ကာမဂုဏ်အနှောင်အဖွဲ့ကို ကျော်ခိုင်းပြီး နေက္ခမ္မပါရမီကို ကျင့်သုံးခြင်းဖြစ်တယ်။ ရဟန်းဘောင်သို့မတက်ရောက်မီ ရှင်သာမဏေအဖြစ်ကိုတောင်းခံစဉ်ကပင် ...

> ဘန္တေ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ၊

'အရှင်ဘုရား ... သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပါရခြင်း အကျိုးငှာ ရှင်သာမဏေအဖြစ်ကို တောင်းခံပါ၏' လို့ သုံးကြိမ်လျှောက်ထားရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ရဟန်းဘဝဟာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်အောင် ကြိုးပမ်းအားထုတ်ရတဲ့ဘဝ ဖြစ်တယ်။ အချိန်ပြည့် အားထုတ်နိုင်အောင်လို့ ကိစ္စဝိစ္စတွေ နည်းနိုင်သမျှနည်းအောင် မြတ်ဗုဒ္ဓက စီမံပေးထားတယ်။ ပြီးတော့ ပြည်သူအများ ကြည်ညိုလေးစားပြီး ဆွမ်း, ဆေး, သင်္ကန်း, ကျောင်း ဆိုတဲ့ ပစ္စည်းလေးပါးဖြင့် အမြဲထောက်ပံ့ကြရန်အတွက်လည်း အမြင့်မြတ်ဆုံးသော အကျင့်ကို မြတ်စွာဘုရားက ကျင့်သုံးစေခြင်းဖြစ်တယ်။

**ဉဒေနမင်းကြီးက အရှင်ပိဏ္ဍောလ** မထေရ်အား မေးလျှောက်တယ်။

'အရှင်ဘုရား ... ဂေါတမဗုဒ္ဓရဲ့ သာသနာတွင်းမှာ နေထိုင်ကြတဲ့ ရဟန်းကလေးတွေဟာ ပထမအရွယ်မျှသာ ရှိကြသေးတယ်၊ သူတို့တစ်တွေဟာ ကာမဂုဏ်မခံစားဘဲ ဒီအကျင့်မြတ်ကို ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ်နဲ့ ဘာကြောင့် တစ်သက်လုံး နေနိုင်ကြရသလဲ'

'မင်းကြီး ... ရှင်တော်မြတ်ဘုရားက ရဟန်းတို့ကို ဒီလို သင်ပေးထားတယ်၊ ရဟန်းတို့ ... သင်တို့ဟာ အမိအရွယ်ရှိတဲ့ အမျိုးသမီးကို အမိဆိုတဲ့စိတ်၊ နှမအရွယ်ရှိတဲ့သူတွေကို နှမဆိုတဲ့စိတ်၊ သမီးအရွယ် ရှိတဲ့သူတွေကို သမီးဆိုတဲ့စိတ် ထားကြရမယ်။ ဒီဩဝါဒအတိုင်း ရဟန်းကလေးတွေက လိုက်နာနေထိုင်ကြတဲ့အတွက် သာသနာ့ဘောင်မှာ တစ်သက်လုံး နေနိုင်ကြတာပဲ'

**မင်းတုန်းမင်းကြီး** က 'ရဟန်း သံဃာတော်များဟာ အိမ်ထောင်သားမွေး မပြုကြဘူး၊ ဒီတစ်ချက်တည်းနဲ့ကို အလွန် ကြည်ညိုစရာ ကောင်းပါတယ်' လို့ မိန့်ဆိုခဲ့ဖူးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ်များခမ္မာရုံမှာ **ချမ်းမြေ့ဆရာတော်**တရားဟောတဲ့အခါ တက္ကသိုလ်ကျောင်းသားတွေက မေးခွန်းအမျိုးမျိုးမေးကြတယ်။ မေးခွန်းတစ်ခုက 'မြန်မာဘုန်းကြီးနဲ့ ဈင်ဘုန်းကြီး ဘယ်လိုကွာခြားသလဲ' ဖြစ်ပါတယ်။ ဆရာတော်က 'မြန်မာဘုန်းကြီးတွေက အိမ်ထောင်သားမွေးတဲ့အမှုကို မပြုကြဘူး၊ ဈင်ဘုန်းကြီးတွေက ပြုကြတယ်၊ ဒါ အဓိကကွာခြားချက်ပဲ' လို့ ဖြေလိုက်တော့ ပရိသတ်က သဘောကျသွားကြပါတယ်။

ရဟန်းတော်များဟာ နေ့လွဲညစာ စားသုံးခြင်းမရှိ၊ စားစရာများကို နောက်နေ့အတွက် ချန်မထားရ၊ ပစ္စည်းဥစ္စာများကိုလည်း စုဆောင်းသိုမှီးထားခြင်းမပြုရ၊ မိမိရဲ့အကျင့်သီလနဲ့ ခြေသလုံး မြင်းခေါင်းကို အားကိုးကာ အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်တဲ့ သပဒါနစာရိက အကျင့်မြတ်ဖြင့်သာ အသက်မွေးကြတယ်။

အိမ်စဉ်ဆွမ်းခံတဲ့အကျင့်မြတ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ကျင့်သုံးခဲ့တယ်မဟုတ်လား။ ကပိလဝတ်နေပြည်တော်သို့ နောက်ပါသံဃာ ၂၀,၀၀၀ နဲ့အတူ မြတ်စွာဘုရားကြွချီတော်မူတဲ့အခါ ဆွမ်းပင့်ဖိတ်ထားသူမရှိလို့ အိမ်စဉ်မပြတ် ဆွမ်းရပ်ပြီးလှည့်လည်တော်မူတယ်။

ဒီသတင်းကို ကြားရတော့ ခမည်းတော် **သုဒ္ဓေါဒနမင်းကြီး**က တုန်လှုပ်ထိတ်လန့်ပြီး သားတော်ထံ အမြန်သွားတယ်။

'အရှင်မြတ်ဘုရား... တပည့်တော်တို့ကို အဘယ့်ကြောင့် အရှက်ခွဲရသလဲ၊ အဘယ့်ကြောင့် ယခုလို ဆွမ်းခံလှည့်လည်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရသလဲ၊ အရှင်ဘုရားနဲ့ ရဟန်းတော် နှစ်သောင်းတို့အတွက် ခမည်းတော်ထံမှ ဆွမ်းပြည့်စုံစွာ ရနိုင်မည် မထင်လို့လား'

'ခမည်းတော်မင်းကြီး...အိမ်စဉ်မပြတ် ဆွမ်းရပ်လှည့်လည်တဲ့အကျင့်ဟာ ငါဘုရားတို့ရဲ့ အနွယ်စဉ်ဆက် ဆင်းသက်လာတဲ့အကျင့် ဖြစ်ပေတယ်'

'သားတော်အရှင်မြတ်ဘုရား ... ကျွန်ုပ်တို့ရဲ့ အမျိုးအနွယ်ဟာ မဟာသမ္မတမင်းမှ ဆင်းသက်လာတဲ့ ခတ္တိယအမျိုး မဟုတ်လား၊ ဒီမဟာသမ္မတခတ္တိယအနွယ်စဉ်မှာ တစ်ဦးတစ်ယောက်မျှလဲ ဆွမ်းခံလှည့်လည်တာ မရှိခဲ့ပါ'

'ခမည်းတော်မင်းကြီး ... ဒီမဟာသမ္မတ ခတ္တိယအနွယ်ဟာ သင်မင်းကြီးရဲ့အနွယ်ဖြစ်တယ်၊ ငါတို့ရဲ့အနွယ်က ဒီပင်္ကရာ မြတ်စွာဘုရားမှသည် အစဉ်မပြတ် ပွင့်ထွန်းခဲ့ကြတဲ့ ဗုဒ္ဓအနွယ် ဖြစ်ချေတယ်၊ မြတ်စွာဘုရားအားလုံးတို့က အိမ်စဉ်မပြတ် ဆွမ်းရပ် လှည့်လည်တဲ့ အကျင့်မြတ်ဖြင့် အသက်မွေးတော်မူကြတယ်။

'ခမည်းတော်မင်းကြီး ... ရဟန်းဖြစ်တဲ့သူဟာ ဒါယကာတို့ရဲ့ အိမ်တံခါးဝဝယ် သပ္ပာယ်စွာရပ်ပြီး ရအပ်တဲ့ဆွမ်းမှာ မမေ့လျော့ရဘူး၊ မအပ်တဲ့ ရှာမှီးမှုနဲ့ မရောစပ်တဲ့ ကောင်းစွာကျင့်အပ်တဲ့ ဆွမ်းခံခြင်းအကျင့်ကို ကျင့်အပ်တယ်၊ ဒီလိုဆွမ်းခံတဲ့ ကျင့်ဝတ်ကို မချွတ်ပြုလုပ်လေ့ရှိတဲ့ ရဟန်းဟာ ဒီဘဝမှာရော တမလွန်ဘဝမှာပါ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာနေထိုင်ရတယ်'

ဒီဂါထာအဆုံးမှာ သုဒ္ဓေါဒနမင်းကြီးဟာ သောတာပန်ဖြစ်သွားတယ်။ ဘုရားရှင်ရဲ့ သပိတ်တော်ကို လှမ်းယူပြီး ဘုရားရှင်နဲ့

www.burmeseclassic.com

www.burmeseclassic.com



သံဃာများကို နန်းတော်သို့ ပင့်ဆောင်သွားတယ်။ ရွှေနန်းတော်ထက်မှာ မြတ်စွာဘုရား တစ်ခါထပ်မိန့်ပြန်တယ်။

'ခမည်းတော်မင်းကြီး . . . အနေသန (မအပ်သော ရှာမှီးမှု) နှင့် မဖက်စပ်၊ ကောင်းစွာ ကျင့်အပ်တဲ့ ဆွမ်းခံအကျင့်ကို ကျင့်ရာတယ်။ ထိုဆွမ်းခံအကျင့်ကို (ပျို, ပဏ်, သူရာ, ပြည့်တန်ဆာ, လင်ကွာ, ရဟန်းမ = အပျိုကြီး, ပဏ္ဍုတ်, သေတင်းကုပ်, ပြည့်တန်ဆာမ, လင်ကွာမုဆိုးမ, ရဟန်းမ ဤခြောက်ပါးသော) အဂေါစရဌာနၷ လှည့်လည်သောအားဖြင့် မကောင်းသဖြင့် မကျင့်ရာ။ ယင်းသို့ အနေသနနှင့် မဖက်စပ်၊ ဖြူစင်တဲ့ ဆွမ်းခံကျင့်ဝတ်ကို မချွတ်ပြုကျင့်လေ့ရှိတဲ့ ရဟန်းဟာ ယခုဘဝမှာရော တမလွန်ဘဝမှာရော ချမ်းသာစွာနေထိုင်ရပေတယ်။'

ဤဒုတိယဂါထာအဆုံးမှာ ခမည်းတော်က သကဒါဂါမ်ဖြစ်ပြီး မိထွေးတော် မဟာပဇာပတိ **ဂေါတမီမိဖုရားကြီး** က သောတာပန်ဖြစ်သွားတယ်။ ရဟန်းတော်တို့ရဲ့ အသက်မွေးဝမ်းကျောင်းက ဖြူစင်သန့်ရှင်းလွန်းလို့ ကြားရသူတွေတောင် အရိယာများ ဖြစ်သွားကြတယ်။

(တိပိဋကဓရ ဆရာတော်ဦးဝိစိတ္တသာရာဘိဝံသ၊ မဟာဗုဒ္ဓဝင်၊ တတိယတွဲ)

## ရဟန်းတော်များရဲ့ သီလ

ရဟန်းတော်များ စောင့်ထိန်းရတဲ့သီလက လေးမျိုးရှိတယ်။ ပါတိမောက္ခ သံဝရသီလ၊ ဣန္ဒြိယသံဝရသီလ၊ အာဇီဝပါရိသုဒ္ဓိသီလနဲ့ ပစ္စယသန္နိဿိတသီလ ဖြစ်ပါတယ်။

**ပါတိမောက္ခသံဝရသီလ** – စောင့်ထိန်းသူကို အပါယ်ဘေးမှ ကင်းဝေးစေတဲ့သီလ ဖြစ်ပါတယ်။ လူတွေမှာ ငါးပါးသီလ၊ ရှင်

www.burmeseclassic.com

www.burmeseclassic.com



သာမဏေတွေမှာ ၁၀ ပါးသီလ၊ ရဟန်းတွေမှာ ပါတိမောက်လာ သိက္ခာ ၂၂၇ ပါးတို့ ဖြစ်ကြပါတယ်။

ပါတိမောက်သိက္ခာပုဒ်များမှာ ကျူးလွန်မိရင် ပြန်ကုစားလို့ မရတော့တဲ့ ပါရာဇိကသိက္ခာပုဒ် လေးပါးရှိတယ်။

(၁) လူ သို့မဟုတ် တိရစ္ဆာန်နှင့် မေထုန်မှီဝဲမှု၊
(၂) သူတစ်ပါးပစ္စည်းဥစ္စာကို ခိုးယူမှု၊
(၃) လူသတ်မှု၊ လူသေအောင် စေ့ဆော်မှု၊
(၄) ဈာန်မဂ်ဖိုလ်စတဲ့ တရားကို မရဘဲနဲ့ ရတယ်လို့ လိမ်ညာမှုတို့ ဖြစ်ကြပါတယ်။

ဒီသိက္ခာပုဒ် တစ်ခုခုကို ကျူးလွန်ရင် ရဟန်းအဖြစ်ကနေ လျှောကျသွားတယ်၊ ရဟန်းပြန်မဖြစ်နိုင်တော့ဘူး။

ကျန်သိက္ခာပုဒ်တွေကို ကျူးလွန်မိရင် အာပတ်သင့်ပြီး အာပတ် ပျောက်အောင် ထိုက်သလို ကုစားရတယ်။ ဒါပေမဲ့ ရဟန်းတို့ဟာ အဏုမြူလောက် သေးငယ်တဲ့အပြစ်ကိုပဲ ကြီးကျယ်တဲ့ ပါရာဇိကအပြစ်အလား ရှောင်ရှားသင့်တယ်။ စာမရီသားကောင်ဟာ မိမိရဲ့ အမြီးဆံကို အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်သလို ရစ်မက မိမိရဲ့ဥကို အသက်အသေခံပြီး စောင့်ရှောက် သလို ရဟန်းတော်များကလည်း သီလကို အသက်တမျှ ချစ်ခင်ပြီး စောင့်ရှောက်အပ်ကြတယ်။

ရဟန်းတော်များဟာ လပြည့်နေ့တိုင်း၊ လကွယ်နေ့တိုင်း စုပေါင်း သိမ်တက်ပြီး ဥပုသ်ပြုကြရတယ်။ သိမ်တက်တဲ့ ရည်ရွယ်ချက်တစ်ရပ်က မထေရ်ကြီးများရဲ့ဩဝါဒကိုခံယူပြီး ရဟန်းများ ညီညွတ်ကြဖို့ပဲ ဖြစ်တယ်။ ပါတိမောက်သိက္ခာပုဒ်များကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ဖတ်ကြားနိုင်တယ်။ ရဟန်းတော်များဟာ ဝိနည်းသိက္ခာပုဒ်များကို နားလည်အောင်၊ သိအောင် လေ့လာထားပြီး ဝိနည်းတော်အတိုင်း ကျင့်ကြံနေထိုင်ကြရတယ်။

ရဟန်းတော်တို့ဟာ ဘုရား, တရား, သံဃာတို့မှာ ရှိသေ လေးစားတဲ့ သဒ္ဓါတရားဖြင့် ပါတိမောက္ခသံဝရသီလကို လုံခြုံအောင် စောင့်ထိန်းကြရတယ်။

**ဣန္ဒြိယသံဝရသီလ** – မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် ဆိုတဲ့ ဣန္ဒြေခြောက်ပါး (ဝါ) အာရုံဝင်ရောက်ရာ တံခါး ခြောက်ပေါက်မှာ အကုသိုလ်မဖြစ်အောင် စောင့်ထိန်းရတဲ့သီလ ဖြစ်တယ်။ မျက်စိမှာ ရူပါရုံထင်လာရင် ထင်လာတဲ့ ရူပါရုံကို သိရုံမျှသာ ကြည့်ရတယ်။ အာရုံက ချောတယ်၊ လှတယ်၊ အချိုးအစားက ဘယ်လို၊ အမူအရာက ဘယ်လို စသည်ဖြင့် အသေးစိတ် မကြည့်ရဘူး။ အသေးစိတ်ကြည့်ရင် တဏှာရာဂဖြစ်ပေါ်လာတယ်။

နားမှာ အသံကြားရင်လည်း ကြားရုံနဲ့ ရပ်နိုင်အောင် ကြိုးစားရမယ်။ အသံက သာယာလိုက်တာ၊ ဘယ်သူ့အသံပဲ၊ ဘာအကြောင်းကို ပြောနေတာပဲ စသည်ဖြင့် ဆက်ပြီး အာရုံမယူရဘူး။ ကျန်ဒွါရတွေမှာ အာရုံထင်လာရင်လည်း သိရုံသာ သိပြီး တဏှာမဖြစ်အောင် စောင့်စည်းရတယ်။

ရှာစည်းရိုးနဲ့ ကင်းအစောင့်အရှောက်မရှိတဲ့ ရွာတွေထဲကို သူခိုး, ဓားပြတွေ လွယ်လွယ်ကူကူ ဝင်နိုင်တယ်။ စည်းရိုးနဲ့ အစောင့်အရှောက်ရှိရင် ရန်သူအလွယ်တကူ မဝင်ရောက်နိုင်ဘူး။ ဒါကြောင့် အာရုံဝင်ရောက်ရာ တံခါးပေါက်များမှာ သတိတံခါး

www.burmeseclassic.com

www.burmeseclassic.com



ရွက်နဲ့ လုံအောင်ပိတ်ပြီး သတိအမှတ်နဲ့ စောင့်ရှောက်ရမယ်။ စောင့်ရှောက်ပုံ နမူနာနှစ်ခု တင်ပြမယ်။

သီရိလင်္ကာသာသနာမှာ **မဟာမိတ္တမထေရ်**ရဲ့မယ်တော်မှာ အိုင်းအနာပေါက်တယ်။ မိခင်က သမီးဘိက္ခုနီမကို သားရဟန်းထံ လွှတ်ပြီး ဆေးနည်းကောင်း တောင်းစေတယ်။ သားမထေရ်က 'ငါဟာ ဆေးကုတဲ့နည်းကိုမသိဘူး၊ ဒါပေမဲ့ငါဟာ ရဟန်းဝတ်တဲ့အချိန်မှစ၍ ကနေ့အထိ ဣန္ဒြိယသံဝရသီလကို ဖျက်ပြီး မိန်းမတို့ရဲ့ အဆင်းရူပါရုံကို လောဘစိတ်ဖြင့် မကြည့်ဖူးဘူး၊ ဤမှန်ကန်တဲ့ သစ္စာစကားကြောင့် မယ်တော်ချမ်းသာပါစေသတည်း' ဒီသစ္စာစကားကို ဘိက္ခုနီမအား ယူဆောင်သွားစေပြီး ဒကာမကြီးရဲ့ ကိုယ်ကို နှိပ်နယ်ရင်း ရွတ်ဆိုစေပါတယ်။

ဘိက္ခုနီမက မိခင်ထံပြန်ပြီး မှာတဲ့အတိုင်း ပြုလုပ်တော့မိခင်ရဲ့ အိုင်းအနာဟာ ရေမြှုပ်ဆိုင်လိုဖြစ်ပြီး ကြေပျောက်သွားပါတယ်။

**အရှင်စိတ္တဂုတ္တမထေရ်**ဆိုတာ ကုရဏ္ဍကလိုဏ်ကြီးမှာ အနှစ် ၆၀ သီတင်းသုံးခဲ့တဲ့ သက်တော် ၈၀ ရှိမထေရ်ကြီးပဲ၊ မထေရ်ကြီးက နှစ် ၆၀ အတွင်း လိုဏ်နံရံတွေကို တစ်ခါမှ မော်မကြည့်မိဘူး။

ရဟန်းငယ်တွေက ကျောင်းစဉ်လှည့်ပြီး လိုက်ကြည့်တော့ ကုရဏ္ဍကလိုဏ်သို့ ရောက်လာတယ်။ လိုဏ်ကြီးရဲ့နံရံပေါ်မှာ ဝိပဿီ၊ သိခီ၊ ဝေဿဘူ၊ ကကုသန်၊ ကောဏာဂုမ်၊ ကဿပ၊ ဂေါတမ ဆိုတဲ့ ဘုရားခုနစ်ဆူတို့ရဲ့ တောထွက်ခန်းများကို ရောင်စုံပန်းချီ ရေးထားတာကို မြင်လို့ ချီးကျူးကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ရှင်တို့...အနှစ် ၆၀ ကျော်ကာလပတ်လုံး ဒီလိုဏ်မှာနေတဲ့ ငါဟာ ပန်းချီဆေးရေးများရှိတာကို မသိဘူး၊ ကနေ့တော့မျက်စိကောင်းတဲ့ငါ့ရှင်တို့ကို မှီပြီး ငါသိရပေတယ်'လို့ မထေရ်ကြီးက မိန့်တော်မူတယ်။

လိုဏ်ပေါက်ဝမှာ ကံ့ကော်ပင်ကြီးတစ်ပင် ရှိတယ်။ ဒီအပင်ကိုလည်း မထေရ်ကြီး တစ်ခါမှ မော်မကြည့်မိဘူးတဲ့။ နှစ်စဉ်မြေမှာ ကြွေကျတဲ့ ပန်းပွင့်တွေကိုမြင်မှသာ ကံ့ကော်ပွင့်ကြောင်းသိတော်မူတယ်။

ဘုရင်မင်းမြတ်က အရှင်စိတ္တဂုတ္တမထေရ်ရဲ့ သတင်းကိုကြားတော့ နန်းတော်ကို ပင့်တယ်။ မထေရ်က မကြွဘူး။ အဲဒီတော့ဘုရင်မင်းမြတ်က မထေရ်ဆွမ်းခံရွာဖြစ်တဲ့ မဟာဂါမရွာကြီးကနို့စို့မိခင်များအားလုံးရဲ့သားမြတ်တွေကို ရင်လွှမ်းအဝတ်နဲ့ ပတ်ပြီး မင်းတံဆိပ်ခတ်စေလို့ အမိန့်ချတယ်။

ကလေးတွေ နို့မစို့ရတော့ ငိုကြွေးကြတာပေါ့။ ဒီအကြောင်းကို မထေရ်ကြီးကို ပြောပြတော့ နန်းတော်သို့ မထေရ်ကြွတယ်။ နန်းတော်မှာ ဘုရင်မင်းမြတ်က ရှိခိုးတဲ့အခါ 'သုခီဟောထ မဟာရာဇ = အရှင်မင်းကြီး ချမ်းသာပါစေ'လို့ မထေရ်က ဆုပေးတယ်။ မိဖုရားတွေ မောင်းမတွေ ရှိခိုးကန်တော့ကြတဲ့အခါမှာလည်း 'သုခီဟောထ မဟာရာဇ'လို့ပဲ ဆုပေးတယ်။

အဲဒီတော့ နောက်ပါရဟန်းများက မထေရ်ကြီးကို သတိပေးတယ်။ လူတွေ ကန်တော့တိုင်း ကန်တော့တိုင်း ဘာကြောင့် 'သုခီဟောထ မဟာရာဇ'လို့ ဆုပေးရသလဲလို့ မေးတော့ မထေရ်ကြီးက ပြန်ဖြေတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ငါ့ရှင် ...ငါ့ဟာ မင်းလား၊ မိဖုရားလား၊ မောင်းမလား ပိုင်းခြားခြင်းကို မပြုဘူး'

ဘယ်သူကန်တော့တယ်ဆိုတာကို ပိုင်းပိုင်းခြားခြား သိအောင် မကြည့်ဘူးတဲ့၊ ဒါကြောင့် ဘေးကင်းအောင် 'ဘုရင်မင်းမြတ် ချမ်းသာပါစေ' လို့ တစ်မျိုးတည်း ဆုပေးတာပဲ။

နန်းတော်မှာ ဘယ်လောက်ပင် ပြုစုကြပေမယ့် မထေရ်ကြီးက မပျော်ပိုက်ဘူး၊ ဒါကြောင့် ဘုရင်က မထေရ်ကြီးကို ပြန်ပို့စေတယ်၊ ကုရဏ္ဍကလိုဏ် ရောက်တော့ မထေရ်ကြီးက ညလုံးပေါက် စင်္ကြံလျှောက်ပြီး တရားရှုတော်မူတယ်၊ ကံ့ကော်ပင်စောင့် နတ်က မီးရှူးတိုင်ကိုင်ပြီး လိုဏ်ကို ထွန်းလင်းစေတယ်၊ မထေရ်က ကမ္မဋ္ဌာန်းအလွန်စင်ကြယ်ပြီး ရွှင်လန်းဝမ်းမြောက်ခြင်း၊ ငြိမ်းအေးခြင်း၊ ချမ်းသာခြင်း၊ တည်ကြည်ခြင်းတို့ အဆင့်ဆင့်ဖြစ်ပေါ်ပြီး သန်းခေါင်ယံအချိန်မှာ အလုံးစုံသော တောတောင်တို့ကို ပဲ့တင်ထပ်စေလျက် အရဟတ္တမဂ်ဖိုလ်သို့ ဆိုက်ရောက်တော်မူတယ်။

ဒါကြောင့် ဣန္ဒြိယသံဝရသီလဟာ အရဟတ္တဖိုလ်တိုင်အောင် အကျိုးပေးနိုင်တယ်။

**အာဇီဝပါရိသုဒ္ဓိသီလ** – အသက်မွေးဝမ်းကျောင်း စင်ကြယ်တဲ့ သီလ ဖြစ်ပါတယ်။ ကာယဒုစရိုက် သုံးပါးနဲ့ ဝစီဒုစရိုက် လေးပါးတို့အနက် တစ်ပါးပါးနဲ့ ဆက်စပ်ပြီး အသက်မွေးရင် မိစ္ဆာအာဇီဝ – မှားတဲ့အသက်မွေးမှုဖြစ်တယ်။ အဆိုပါ ဒုစရိုက် ခုနစ်ပါးကို ရှောင်ကြဉ်ပြီး အသက်မွေးပါမှ သမ္မာအာဇီဝ ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်များက ကုလဒူသက ရှစ်ပါး၊ အနေသန ၁၁ ပါး စသည်တို့ကို ရှောင်ကြဉ်ကြရသေးတယ်။

**ကုလဒူသက** ဆိုတာ ဒါယကာ ဒါယိကာမတို့ကို (၁) ပန်းပေးခြင်း၊ (၂) သစ်သီးပေးခြင်း၊ (၃) ကုက္ကိုမှုန့်အဖန်မှုန့် မျက်နှာချေ ပေါင်ဒါ ပေးခြင်း၊ (၄) မြေညက်ပေးခြင်း၊ (၅) တံပူ (သွားပွတ်တံ) ပေးခြင်း၊ (၆) ဝါးပေးခြင်း၊ (၇) ဆေးပေး၊ ဆေးကုခြင်း၊ (၈) လူတွေရဲ့စာကိုဖြစ်စေ၊ နှုတ်မှစကားကိုဖြစ်စေ ယူဆောင်သွားလာပေးခြင်းတို့ ဖြစ်ကြတယ်။

ဒီအမှုတွေကြောင့် ဒါယကာ ဒါယိကာမတို့က ရဟန်းကို လှူဒါန်းပေးကမ်းတဲ့အခါ ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ပေးခြင်းမျိုး ဖြစ်လာလို့ စစ်မှန်အဖိုးတန်တဲ့ သဒ္ဓါတရားဟာ ပျက်စီးဆုံးရှုံးသွားရတယ်။ ပေးလှူခြင်းရဲ့အကျိုးကိုလည်း အပြည့်အဝ မရတော့ဘူး။

BURMESE CLASSIC

**အနေသန** ဆိုတာ မအပ်တဲ့နည်းနဲ့ အသက်မွေးမှုပါပဲ။

(၁) အံ့သြဖွယ်ဖြစ်အောင် သုံးနှုန်းပြောဆိုနေထိုင်ခြင်း၊
(၂) ပစ္စည်းလာဘ်လာဘရအောင် ဆွယ်၍ ပြောဆိုခြင်း၊
(၃) ပေးလှူခြင်းနဲ့စပ်တဲ့ အရိပ်နိမိတ်ကို ပြုခြင်း၊
(၄) သူတစ်ပါးရဲ့အပြစ်ကိုပြောပြီး လာဘ်ကို ရှာခြင်း၊
(၅) နည်းတဲ့လာဘ်နဲ့ များတဲ့လာဘ်ကို ရှာခြင်း၊
(၆) မိမိကိုယ်ကို နှိမ့်ချပြီး ပြောဆိုခြင်း၊
(၇) ကလေးသူငယ်ကို ချီပွေ့ချော့မြှူပေးခြင်း၊
(၈) မင်္ဂလာလမ်းနဲ့ ဖီလာဖြစ်တဲ့ အင်္ဂကျမ်း၊ နေမေတ္တာက ဝိဇ္ဇာ စတဲ့ကျမ်းအတတ်ကိုသင်ပြီး ဟောပြောခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



(၉) မိန်းမ, ယောကျ်ားတို့ရဲ့ တင့်တယ်ခြင်း၊ မတင့်တယ်ခြင်း လက္ခဏာကိုသိကြောင်းအတတ်ကိုသင်ပြီး ဟောပြောခြင်း၊

(၁၀) လူများရဲ့ အစေအခိုင်းခံခြင်း၊

(၁၁) လူတို့ရဲ့ လုပ်ငန်းကိစ္စကို လုပ်ကိုင်ဆောင်ရွက်ပေးခြင်း စသည်တို့ ဖြစ်ကြတယ်။

ဒီလို မှားယွင်းတဲ့ အသက်မွေးမှုဖြင့် ဖြစ်ပေါ်လာတဲ့ စားသောက်ဖွယ်တို့ကို မစားသောက်သင့်ဘူး။

## အရှင်သာရိပုတ္တရာရဲ့ လေနာရောဂါ

အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာမောဂ္ဂလာန်တို့ဟာ ရဟန္တာဖြစ်ပြီးစအချိန်လောက်မှာ တောအုပ်တစ်ခုထဲ ဖလသမာပတ်ဝင်စားနေကြတယ်။ ညချမ်းအခါမှာ အရှင်မဟာ မောဂ္ဂလာန်က အရှင်သာရိပုတ္တရာထံ လာတယ်။ အရှင်သာရိပုတ္တရာ လဲလျောင်းနေတာကို မြင်တော့ 'ငါ့ရှင် ဘာဖြစ်တာလဲ' လို့ မေးတယ်။

'လေနာရောဂါကြောင့် ပြင်းထန်တဲ့ဝေဒနာဆိုးကို ခံစားနေရတယ်'

'ငါ့ရှင် ... ရှေးက ဒီလိုဖြစ်တဲ့အခါ ဘာဆေးနဲ့ ချမ်းသာဖူးသလဲ'

'လူ့ဘောင်တုန်းက မယ်တော်ဟာ ထောပတ်၊ ပျားသကာ၊ ရေမရောတဲ့ နို့ရည်တို့နဲ့ ချက်ထားတဲ့ ဃနာထမင်းကို ကျွေးလို့ ချမ်းသာဖူးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ငါတို့ရဲ့ဘုန်းကံရှိရင် နက်ဖြန်ခါ ဃနာထမင်းရကောင်းရဲ့'

ဒီလို မထေရ်နှစ်ပါး ပြောဆိုနေကြတာကို စကြာဦး သစ်ပင်စောင့်နတ်က ကြားတယ်။ ထိုနတ်က အရှင်သာရိပုတ္တရာရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဒါယကာအိမ်သွားပြီး သားကြီးကို ဝင်ပူးတယ်။ ဆေးကုဖို့ ဆွေမျိုးတွေ စုဝေးလာကြတယ်။ အဲဒီအခါ နတ်က…

'နက်ဖြန်ခါ အရှင်သာရိပုတ္တရာနဲ့ အရှင်မဟာ မောဂ္ဂလာန် ဆွမ်းခံကြွကြမယ်၊ ဃနာနို့ဆွမ်း လှူပါ၊ သူငယ်ကို လွှတ်ပေးမယ်' လို့ ပြောတော့ အိမ်ရှင်တွေက ဝမ်းမြောက်စွာ ကတိ ခံဝန်ချက် ပေးကြတယ်။

နောက်နေ့နံနက်စောစော အရှင်မဟာမောဂ္ဂလာန် ဆွမ်းခံကြွတယ်။ ဃနာနို့ဆွမ်းချက်ထားတဲ့အိမ်က ပျူပျူငှာငှာ ခရီးဦးကြိုပြီး ဃနာနို့ဆွမ်းကို သပိတ်အပြည့် လောင်းလှူတယ်။ အရှင်မဟာ မောဂ္ဂလာန် ဘုဉ်းပေးပြီးတဲ့အခါမှာ ဃနာနို့ဆွမ်း သပိတ်အပြည့် ထပ်လှူလိုက်ပြန်တယ်။

အရှင်မဟာ မောဂ္ဂလာန်ပြန်ကြွလာပြီးတော့ အရှင် သာရိပုတ္တရာအား ဃနာနို့ဆွမ်းကို ပေးတယ်။ အလွန်နှစ်သက်ဖွယ်ကောင်းတဲ့ ဒီဆွမ်းဟာ ဘယ်လိုနည်းနဲ့ ဖြစ်ပေါ်လာသလဲလို့ အရှင်သာရိပုတ္တရာ ဆင်ခြင်တော့ စကြာဦးသစ်ပင်စောင့်နတ်ရဲ့ လုပ်ရပ်ကို မြင်သိတော်မူတယ်။

'အို…ငါ့ရှင် မောဂ္ဂလာန်၊ ဤဆွမ်းဟာ သုံးဆောင်ဖို့ မထိုက်ဘူး'

အရှင်မောဂ္ဂလာန်က စိတ်ကွက်ခြင်း၊ ဓောဒကတက်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိဘဲ ယနာနို့ဆွမ်းကို မြေကြီးပေါ်သို့ သွန်လောင်းလိုက်တယ်။ ယနာနို့ဆွမ်း မြေကြီးကို ထိတဲ့အချိန်မှာ အရှင်သာရိပုတ္တရာရဲ့ လေနာရောဂါဟာ ပျောက်သွားတယ်။ နောက် ၄၅ နှစ် တိုင်အောင် လေနာရောဂါ တစ်ဖန်ပြန်မဖြစ်တော့ဘူး။

'ငါ့ရှင်...ဝစီဝိညတ် (နှုတ်အပြော) ကိုမှီပြီး ဖြစ်လာတဲ့ဆွမ်းကို အရှုမအခွေခွေတို့က ဆာလောင်မွတ်သိပ်လို့ အပြင်ထွက်ပြီး အစာရှာကြစေကာမူ သုံးဆောင်ဖို့မသင့်ဘူး၊ အကယ်၍ ငါ စားမိရင် ငါ့ရဲ့အသက်မွေးခြင်းကို သူတော်ကောင်းတို့ ကဲ့ရဲ့ပြစ်တင်ကြလိမ့်မယ်'

အရှင်မြတ်တို့ရဲ့ အသက်မွေးမှုဟာ အလွန်စင်ကြယ်ပါတယ်။ မိမိတို့ရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို ကြည်ညိုပြီး သဒ္ဓါအစစ်နဲ့ လှူဒါန်းခြင်းကိုသာ ခံယူကြပါတယ်။ အာဇီဝပါရိသုဒ္ဓိသီလကို ဝီရိယနဲ့ ပြည့်စုံစေရတယ်။

## ပစ္စယသန္နိဿိတသီလ

ဆွမ်း, ဆေး, သင်္ကန်း, ကျောင်း ဆိုတဲ့ ပစ္စည်းလေးပါးကိုသုံးစွဲတဲ့အခါမှာ တဏှာ, မာန, ဒိဋ္ဌိ စတဲ့ ကိလေသာတရားဆိုးများ မကပ်ရောက်နိုင်အောင် ပညာဖြင့် ဆင်ခြင်ပြီး သုံးစွဲရပါတယ်။ အစာအာဟာရကို အာဟာရေပဋိကူလသညာ – ရွံစရာအနေနဲ့ ဆင်ခြင်ပြီး သုံးဆောင်ရတယ်။ သင်္ကန်း, ကျောင်း, ဆေးတို့ကို ဓာတ်ကြီးလေးပါးမျှသာပဲဆိုတဲ့ ဓာတ်ကမ္မဋ္ဌာန်းနည်းနဲ့ ဆင်ခြင်ပြီး သုံးစွဲရတယ်။

www.burmeseclassic.com

www.burmeseclassic.com



*အသက်ရှည်ကြာ၊ ဘေးရောဂါတို့၊*
*ကိုယ်မှာမကပ်၊ ပရိယတ်နှင့်၊*
*ပဋိပတ်အရေး၊ မျှော်ထောက်တွေး၍၊*
*ဤဆေး ဤဆွမ်း၊ ဤသင်္ကန်းနှင့်၊*
*ရှင်လန်းဖွယ်ကောင်း၊ ဤစံကျောင်းကို၊*
*မှီအောင်းသုံးစွဲပါသတည်း။ ။*

ပစ္စည်းလေးပါးကို သုံးဆောင်တိုင်း လောဘမဖြစ်အောင် အခုလို ဆင်ခြင်ပြီးတော့လည်း သုံးစွဲရမယ်။

အထက်က ပြဆိုခဲ့တဲ့ သီလလေးပါးကိုလုံလုံခြုံခြုံစောင့်ထိန်းတဲ့ရဟန်းဟာ ကြည်ညိုဖွယ်အတိဖြစ်တဲ့အပြင် အင်ကြင်းတောနဲ့ သဏ္ဌာန်တူတဲ့ သာသနာတော်ကို မဋ္ဌူသကနတ်ပန်းနှယ် သင်းပျံ့မွှေးကြိုင်စေမှာ ဖြစ်ပါတယ်။

## ဘိက္ခုနီသံဃာ

ပထမအကြိမ် ကပိလဝတ်နေပြည်တော်ကို မြတ်စွာဘုရားကြွလာတော်မူတဲ့အခါ မိထွေးတော်မဟာပဇာပတိဂေါတမီဟာ သောတာပန်ဖြစ်ခဲ့ပါတယ်။ ထို့နောက် အမျိုးသမီးများ ဘုရားသာသနာတွင်းသို့ ဝင်ရောက်ပြီး ရှင်ရဟန်းပြုခွင့်ရဖို့အတွက် မြတ်စွာဘုရားထံ သုံးကြိမ်တောင်းပန်တယ်။ မြတ်စွာဘုရားက မိထွေးတော်ရဲ့ တောင်းပန်ချက်ကို သုံးကြိမ်တိုင်တိုင် ပယ်မြစ်တော်မူတယ်။

ဝေသာလီပြည် မဟာဝုန်တောမှာ မြတ်စွာဘုရား ပထမ ဝါကပ်ပြီး သီတင်းသုံးနေတဲ့အခါ ခမည်းတော်သုဒ္ဓေါဒနမင်းကြီးဟာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံလွန်သွားပါတယ်။ မြတ်စွာဘုရား

www.burmeseclassic.com



ထံမှာ ရဟန်းပြုကြတဲ့ သာကီဝင်မင်းသား ငါးရာတို့ကလည်း ရဟန္တာများဖြစ်ကုန်ကြလို့ သူတို့ဇနီးဟောင်းတွေက လူထွက်ပြီး ပြန်လာကြဖို့ သတင်းစကား မှာကြားတာကို 'ငါတို့ဟာ လူ့ဘောင်မှာ အိမ်ရာတည်ထောင်ဖို့ မဖြစ်နိုင်တော့ဘူး' လို့ စကားပြန်ကြားလိုက်တယ်။

အဲဒီဇနီးဟောင်း သာကီဝင် မင်းသမီးငါးရာတို့က မဟာပဇာပတိဂေါတမီထံ သွားရောက်ကြပြီး အမျိုးသမီးများအား ရှင်ရဟန်းပြုခွင့်ရအောင် မြတ်စွာဘုရားထံ တောင်းခံပေးပါလို့ ပူဆာကြတယ်။ ဒါနဲ့ မိထွေးတော်နဲ့ မင်းသမီးငါးရာတို့က ဆံပင်များကို ရိတ်ပယ်ကြပြီး ဖန်ရည်စွန်းတဲ့ အဝတ်တို့ကို ဝတ်ရုံကြတယ်။ ရွှေနန်းတော်အတွင်းမှာပဲ မြတ်စွာဘုရားကို ရည်ညွှန်းပြီး ရဟန်းမအသွင်ကို ခံယူကြတယ်။

ကပိလဝတ်ပြည်နဲ့ ဝေသာလီပြည်ဟာ ၅၁ ယူဇနာ (မိုင် ၄၀၀ ကျော်) ဝေးတယ်။ ယာဉ်စီးသွားရင် ဘုရားရှင်ကို မရိုသေရာ ရောက်တဲ့အတွက် ခြေလျင်သွားကြတယ်။ သာကီဝင်မင်းနဲ့ ကောလိယမင်းတို့က အစောင့်အရှောက်ပေးပြီး စားရေရိက္ခာထောက်ပံ့ပေးကြတယ်။ အင်မတန်နူးညံ့သိမ်မွေ့ကြတဲ့ မင်းသမီးများ ဖြစ်ကြလို့ သူတို့ရဲ့ခြေများဟာ အဖုအကွဲတွေနဲ့ ဖူးဖူးရောင်ကြွနေကြတယ်။

မဟာဝုန်တော ကူဋာဂါရကျောင်းတိုက် တံခါးမုခ်သို့ ရောက်ကြတဲ့အခါ ကျောင်းထဲသို့ မဝင်ဝံ့ဘဲ ငိုကြွေးနေကြတယ်။ အရှင်အာနန္ဒာတွေ့တော့ မေးတယ်။

'အို... မိထွေးတော် အဘယ်အကြောင်းကြောင့် ဖူးဖူးရောင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့ မြေ၊ မြူလိမ်းကျံနေတဲ့ ကိုယ်တွေနဲ့ ဆင်းရဲပင်ပန်းစွာ ငိုကြွေးနေကြရတာလဲ'

'အို ... အရှင်အာနန္ဒာ၊ မြတ်စွာဘုရားက အမျိုးသမီးများကို ဓမ္မဝိနယ (တရားနဲ့ ဝိနည်း) သာသနာတော်မှာ ရှင်ရဟန်းမ ပြုလုပ်ခွင့်မပေးလို့ ခုလို ငိုကြွေးနေကြရတာပဲ'

'မိထွေးတော် ... ဒီလိုဆိုရင် ဒီမှာ စောင့်နေပါ၊ အကျွန်ုပ် ဘုရားထံ သွားပြီး အမျိုးသမီးများ ရှင်ရဟန်းမ ပြုလုပ်ခွင့် ရဖို့ တောင်းပန်လျှောက်ထားမယ်'

အရှင်အာနန္ဒာ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး လျှောက်ထားတယ်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... ရှင်တော်ဘုရားက အမျိုးသမီးများကို ဓမ္မဝိနယသာသနာတော်မှာ ရှင်ရဟန်းမ ပြုလုပ်ခွင့် မပေးတဲ့အတွက် မိထွေးတော်ဂေါတမီနဲ့ သာကီဝင်မင်းသမီး ငါးရာတို့ဟာ ဖူးဖူးရောင်တဲ့ ခြေ၊ မြူမှုန်လိမ်းကျံထားတဲ့ ကိုယ်တွေနဲ့ ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲပင်ပန်းစွာ ကျောင်းတံခါး မုခ်ရဲ့အပြင်ဘက်မှာ ငိုကြွေးနေကြပါတယ်။ ဘုန်းတော်ကြီးသော မြတ်စွာဘုရား ... တောင်းပန်စကား လျှောက်ထားပါရစေ၊ မာတုဂါမ (အမျိုးသမီး) များကို ဓမ္မဝိနယသာသနာတော်မှာ ရှင်ရဟန်းမ ပြုလုပ်ခွင့် ရကြပါစေ'

'မသင့်လျော်ဘူး အာနန္ဒာ ... သင်ချစ်သားဟာ မာတုဂါမများရဲ့ ရှင်ရဟန်းမ ဖြစ်ခြင်းကို မနှစ်သက်ပါနဲ့'

အရှင်အာနန္ဒာ စိတ်မလျှော့ဘဲ နှစ်ကြိမ်ထပ်လျှောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားကလည်း နှစ်ကြိမ်ထပ်ပယ်တယ်။ အဲဒီအခါ အရှင်အာနန္ဒာက တစ်နည်းပြောင်းလျှောက်တယ်။

'ဘုန်းတော်ကြီးတဲ့ မြတ်စွာဘုရား... မာတုဂါမများဟာ ဒီသာသနာတော်မှာ ရှင်ရဟန်းမ များ ပြုလုပ်ပြီးရင် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ်တို့ကို မျက်မှောက်ပြုဖို့ ထိုက်တန်ပါသလား'

'ချစ်သားအာနန္ဒာ... ထိုက်တန်ပေတယ်'

'ဘုန်းတော်ကြီးတဲ့ မြတ်စွာဘုရား... မာတုဂါမများဟာ သာသနာတော်မှာ ရှင်ရဟန်းမ ပြုကြပြီး အရိယာဖိုလ်လေးပါးကို မျက်မှောက်ပြုဖို့ ထိုက်တန်တယ်ဆိုရင် မိထွေးတော်ဟာ ရှင်တော်ဘုရားရဲ့ အပေါ်မှာ အလွန်ကျေးဇူးများပါတယ်၊ အရှင်ဘုရားကို ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ် ဖွားသစ်စအချိန်ကစပြီး ယုယပိုက်ထွေး ကျွေးမွေးသုတ်သင်ပေးခဲ့သူဖြစ်ပါတယ်၊ ဒါကြောင့် မာတုဂါမများကို ဓမ္မဝိနယ သာသနာတော်မှာ ရှင်ရဟန်းမ ပြုခွင့်ပေးတော်မူပါ'

'ချစ်သားအာနန္ဒာ... မိထွေးတော် မဟာပဇာပတိဂေါတမီဟာ ဂရုဓံရှစ်ပါးကို လက်ခံလိုက်နာယူမယ်ဆိုရင် ထိုခံယူလိုက်နာတဲ့ အချိန်ကစပြီး ရှင်အဖြစ် ရဟန်းမအဖြစ်ကို ရှိစေရမယ်၊ ဂရုဓံတရား ရှစ်ပါးက...

(၁) ဝါ ၁၀၀ ရှိတဲ့ ရဟန်းမ ဖြစ်ပါစေ၊ ရဟန်းဖြစ်ခါစ ရဟန်းငယ်ကို ရှိခိုးရမယ်၊

(၂) ရဟန်းမ တို့ဟာ ရဟန်း ယောကျ်ား တို့ နှင့် မနီး တဲ့ ကျောင်းမှာ ဝါမကပ်ရ၊

www.burmeseclassic.com

www.burmeseclassic.com



(၃) ရဟန်းမတို့ဟာ လခွဲတစ်ကြိမ် ရဟန်းသံဃာထံမှ ဥပုသ်ပေးခြင်းနှင့် အဆုံးအမဩဝါဒပေးခြင်းကို လိုလိုလားလား လက်ခံရမယ်၊

(၄) ဝါကျွတ်ပြီးတဲ့ ရဟန်းမဟာ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဖက်မှာ အပြစ်ရှိရင် ပြောဆိုဆုံးမဖို့ ဖိတ်ကြားမှု (ပဝါရဏာ) ပြုရမယ်၊

(၅) သံဃာဒိသိသ် အာပတ်သင့်တဲ့ ဘိက္ခုနီမဟာ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဖက်မှာ ၁၅ ရက် (တစ်ပက္ခ) ကြာ မာနတ်အကျင့်ကို ကျင့်ရမယ်၊

(၆) ဘိက္ခုမာန်အဖြစ် နှစ်နှစ်တိုင်တိုင် ကျင့်နေပြီးမှ ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဖက်မှာ ရဟန်းခံယူရမယ်၊

(၇) ရဟန်းမဟာ ရဟန်းယောကျ်ားကို မည်သည့် အကြောင်းကြောင့်မျှ မဆဲရေးရ၊

(၈) ရဟန်းမများက ရဟန်းယောကျ်ားတို့အား အဆုံးအမဩဝါဒပေးခြင်းကို တားမြစ်တယ်။ ရဟန်းယောကျ်ားတို့က ရဟန်းမများအား အဆုံးအမဩဝါဒပေးခြင်းကို မတားမြစ်အပ်။

မိထွေးတော်ဂေါတမီဟာ ဒိဂရုခံတရား ရှစ်ပါးကို ဝမ်းမြောက်ဝမ်းသာ လက်ခံတဲ့အတွက် ပထမဆုံးဘိက္ခုနီဖြစ်သွားတယ်။

သာကီဝင်မင်းသမီးငါးရာအတွက် ဘယ်လိုပြုကျင့်ရမှာကို မြတ်စွာဘုရားထံ လျှောက်ထားတဲ့အခါ 'ရဟန်းယောကျ်ားများက ရဟန်းမတို့ကို ပဉ္စင်းခံပေးဖို့ ခွင့်ပြုတယ်' ဆိုတဲ့ သိက္ခာပုဒ်ကို မြတ်ဗုဒ္ဓ ပညတ်တော်မူတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သာကီဝင်မင်းသမီးငါးရာတို့ဟာ ရဟန်းတော်များထံမှ ပဉ္စင်းခံယူကြတယ်။ ရဟန်းမ ဖြစ်ပြီးတဲ့နောက် မဟာပဇာပတိ ဂေါတမီထေရီဟာ သံခိတ္တသုတ်ဒေသနာကို ကြားနာရလို့ ရဟန္တာဖြစ်တယ်။ သာကီဝင်မင်းသမီး ရဟန်းမ ငါးရာတို့ကလည်း နန္ဒကောဝါဒသုတ္တန်ကို ကြားနာကြရတဲ့အခါ မိမိတို့ရဲ့ အလိုဆန္ဒအတိုင်း အချို့သောတာပန်၊ အချို့ သကဒါဂါမ်၊ အချို့အနာဂါမ်၊ အချို့ ရဟန္တာဖြစ်ကြတယ်။

## လက်ယာရံ ခေမာထေရီ

ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းရဲ့ မိဖုရားခေါင်ကြီး ခေမာဒေဝီဟာ မဒ္ဒရာဇ်တိုင်း သာဂလမြို့သူပီပီ အလွန်လှပတဲ့ လှလွန်းဆွေ ဖြစ်ပေတယ်။ အလှအပကို တန်ဖိုးထားပြီး အလှမာန် ယစ်နေသူဖြစ်တယ်။

သောတာပန် အရိယာဖြစ်နေတဲ့ ဗိမ္ဗိသာရမင်းက မိမိချစ်မြတ်နိုးတဲ့ မိဖုရားခေါင်ကို မြတ်စွာဘုရားအား ဖူးမြော်စေချင်တယ်။ ဗုဒ္ဓမြတ်စွာက ရုပ်အဆင်းရဲ့ အပြစ်ကို ပြပြီး တရားဟောလေ့ရှိတဲ့အတွက် မြတ်ဗုဒ္ဓကို ခေမာဒေဝီက မဖူးတွေ့ချင်ဘူး။

ဗိမ္ဗိသာရမင်းကြီးက မြတ်စွာဘုရားသီတင်းသုံးနေတဲ့ ဝေဠုဝန်ဥယျာဉ်ရဲ့ သာယာကြည်နူးပုံကို တေးသီချင်းဖွဲ့ပြီး သီဆိုစေတဲ့အခါ ဝေဠုဝန်သို့ ခေမာဒေဝီသွားချင်လာတယ်။ 'မြတ်စွာဘုရားနဲ့ မဆုံတွေ့ရအောင် သွားမယ်' လို့ စိတ်ကူးကာ ဗုဒ္ဓနဲ့ ရဟန်းတော်များ ဆွမ်းခံချိန်မှာ ဝေဠုဝန်သို့ သွားတယ်။

ဥယျာဉ်ကိုလှည့်ပတ်ကြည့်ရှုပြီးတော့ မြတ်စွာဘုရား သီတင်းသုံးရာ ဂန္ဓကုဋိကျောင်းကိုလည်း ဝင်ကြည့်မိတယ်။ အဲဒီအခါ

www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားနဲ့ ပက်ပင်းဆုံတွေ့ရတော့တယ်။ မြတ်စွာဘုရားက ဆွမ်းခံမကြွဘဲ ခေမာမိဖုရားကြီးအလာကို စောင့်မျှော်နေတာကိုး။

မြတ်ဗုဒ္ဓဟာ ခေမာထက် အဆများစွာ ပိုလှပနုပျိုတဲ့ မိန်းမငယ်တစ်ဦးကို ဖန်ဆင်းပြထားတယ်။ ခေမာရဲ့ စိတ်အစဉ်က ထိုမိန်းမချောကလေးမှာ ညွတ်ကျစူးစိုက်နေမိတယ်။ ခေမာရှုကြည့်နေရင်းမှာပဲ မိန်းမပျိုရဲ့ရုပ်အသွင်ဟာ တဖြည်းဖြည်း အိုမင်း ရင့်ရော်လာပြီး သွားကျိုး၊ ဆံဖြူ၊ ခါးကိုင်း၊ ပါးရေတွန့်လိမ်ပြီး တုန်ချည့် မောဟိုက်နေတဲ့ ဒုက္ခိတအဘွားအိုဖြစ်လာတယ်။

ဩော် … ရုပ်အဆင်းဆိုတာ တရွေ့ရွေ့အိုမင်းရင့်ရော်နေပြီး မတည်မြဲပါကလား၊ အားကိုးဖွယ်မဟုတ်ပါကလား၊ စင်စစ် စက်ဆုပ် ရွံရှာဖွယ်ပါတကား၊ အမိုက်မတို့သာလျှင် ဤရုပ်ကောင်မှာ မွေ့လျော်ပျော်ပိုက်နေကြပါကုန်တကားလို့ ခေမာမိဖုရား သဘောပေါက်လာတယ်။

မြတ်စွာဘုရားက 'ရုပ်နာမ်ဟာ အနိစ္စ – မမြဲဘူး၊ ဒုက္ခ– ဆင်းရဲပဲ၊ အနတ္တ– အစိုးမရဘူး၊ အသုဘ– မတင့်တယ်ဘူး၊ ဒါကြောင့် ရုပ်ခန္ဓာကို မတွယ်တာသင့်ဘူး' လို့ တရားဟောကြားတဲ့အခါ ခေမာမိဖုရားက တရားအစဉ်မှာသက်ဝင်ပြီး အရိယာဖြစ်သွားတယ်။

ထို့နောက် ဗိမ္ဗိသာရထံ ခွင့်ပန်ပြီး ရဟန်းမ ပြုလုပ်တယ်။ ဝိပဿနာတရားကို ရှုဆင်ခြင်တော့ ရဟန္တာမ ဖြစ်သွားတယ်။ ရဟန်းမအပေါင်းတို့မှာ ဉာဏ်ပညာကြီးမားတဲ့အရာမှာ ခေမာ

www.burmeseclassic.com

www.burmeseclassic.com



ထေရီဟာ အသာဆုံး အမြတ်ဆုံးလို့ တေဒဂ်ဆုကို မြတ်စွာဘုရား ချီးမြှင့်တော်မူတယ်။

## လက်ဝဲရံ ဥပ္ပလဝဏ်ထေရီ

ရှေးရှေးသောဘဝက ပြုခဲ့တဲ့ ကောင်းမှုကြောင့် ကြာညိုပန်း အဆင်းလို လှပတင့်တယ် ရှုချင်စဖွယ်ဖြစ်လို့ ဥပ္ပလဝဏ်လို့ အမည်တွင်တယ်။ သာဝတ္ထိပြည် သူဌေးကြီးတစ်ဦးရဲ့ သမီး ရတနာလည်းဖြစ်ပြန်တော့ မြတ်နိုးစုံမက်သူ လက်ဆက် ထိမ်းမြားလိုသူ သူဌေးသားတွေ မင်းညီမင်းသားတွေက သူ့ထက်ငါ ဦးအောင် ကမ်းလှမ်းလာကြတယ်။

တောင်းရမ်းလာသူ အားလုံးကို ကျေနပ်အောင် ဘယ်လို ဆောင်ရွက်ရပါ့မလဲ။ ဖခင်က တစ်ခုသောအကြံကို တွေးမိလို့ သမီးကို မေးတယ်။

'ချစ်သမီး ဥပ္ပလဝဏ်၊ သင် ရဟန်းမ မပြုချင်ဘူးလား'

'အို … ဖခင်၊ သမီး ရဟန်းမ ပြုလိုပါတယ်'

ဒီအမေးအဖြေတစ်စုံကြောင့် ကာလသားများ ရင်မောဆို့နင့်ပြီး နှမြောတသ ဖြစ်ကြရပေတယ်။ ပါရမီရှင်ဖြစ်တဲ့ဥပ္ပလဝဏ် က ရဟန်းမအဖြစ်သို့ ရောက်ရတာကို အလွန်နှစ်သက်ကျေနပ် နေပါတယ်။ ဝိပဿနာတရား ပွားများအားထုတ်လို့ မကြာမြင့်မီမှာပဲ ရဟန္တာဖြစ်သွားပါတယ်။ ဘိက္ခုနီ သာသနာတော်မှာ တန်ခိုးဣဒ္ဓိပါဒ်အရာမှာ အသာဆုံး အမြတ်ဆုံး တေဒဂ်ဘွဲ့ကို လည်း ရရှိပါတယ်။

ဒါကြောင့် ဘိက္ခုနီသာသနာတော်ဟာ အဂ္ဂသာဝကအစုံနဲ့ တင့်တင့်တယ်တယ် ဖူးပွင့်ဝေဆာလာပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## သာသနာတော်ကို စောင့်ထိန်းခဲ့ကြပုံ

မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်နေ့မှာ မလ္လာမင်းတို့ရဲ့ ကုသိနာရုံပြည်အင်ကြင်းတောမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတယ်။

အရှင်မဟာကဿပဟာ သံဃာငါးရာနှင့်အတူ ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ကြွလာလျက် ရှိတယ်။ လမ်းခရီးမှာ ကုသိနာရုံပြည်ကလာတဲ့ အာဇီဝကတက္ကတွန်းတစ်ယောက်နဲ့ တွေ့လို့ ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန်စံတော်မူတာ ခုနစ်ရက်ရှိပြီး ဖြစ်ကြောင်း ကြားသိရတယ်။

အဲဒီအခါ ရာဂမကင်းသေးတဲ့ ရဟန်းများက ငိုကြွေး မြည်တမ်းကြတယ်၊ ရာဂကင်းပြီးတဲ့ရဟန်းတို့ကတော့ 'သင်္ခါရတရားတို့ဟာ အမြဲမတည်ကုန်၊ သင်္ခါရတရားမှာ မြဲခြင်းသဘောကို ဘယ်မှာရနိုင်ပါ့မလဲ' လို့ အောက်မေ့ဆင်ခြင်ပြီး ဓမ္မသံဝေဂ ယူကြတယ်။

အဲဒီရဟန်းပရိသတ်မှာပဲ သုဘဒ္ဒအမည်ရှိတဲ့ တောထွက်ရဟန်းကြီးက 'ငါ့ရှင်တို့...မငိုကြနဲ့၊ ယခုအခါ ငါတို့ဟာ ရဟန်းကြီး ဂေါတမရဲ့လက်အောက်မှ ကောင်းစွာလွတ်မြောက်ကြပြီ၊ ရဟန်းကြီး ဂေါတမဟာ ငါတို့ကို အရာရာမှာ ချုပ်ချယ်ခဲ့တယ်၊ ယခုတော့ ငါတို့ပြုချင်ရာ ပြုနိုင်ကြပြီ၊ မပြုချင်ရာကိုလဲ မပြုဘဲ နေကြကုန်အံ့' လို့ ကြွေးကြော်လိုက်တယ်။

ဒီစကားလုံးတွေဟာ အရှင်မဟာကဿပရဲ့ အသည်းနှလုံးကို လှံအစင်းတစ်ရာနဲ့ ထိုးဆွသလို ဖြစ်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



'ဩော်... ပြောမှ ပြောရက်ပလေ၊ ဘုရားရှင် ပရိနိဗ္ဗာန်စံတာ ခုနစ်ရက်သာ ရှိသေးတယ်၊ ရွှေအဆင်းကဲ့သို့ဝင်းဝါတဲ့ အလောင်းတော် ရုပ်ကလာပ်ကြီးတောင် ထင်ရှားရှိနေပါသေးတယ်၊ မြတ်စွာဘုရား ပင်ပန်းကြီးစွာ ကြိုးစားအားထုတ်ပြီး တည်ထောင်ခဲ့တဲ့ သာသနာတော်မှာ ရန်ဆူးရန်ငြောင့်တွေ ပေါ်ပေါက်လာပုံက မြန်ဆန်လှချေကလား။

'မြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ တရားဒေသနာတို့ဟာ မသီကုံးရသေးတဲ့ ပန်းပုံကြီးနဲ့တူတယ်၊ အရပ်လေးမျက်နှာက လေတိုက်ခတ်လာရင် လွင့်စဉ်ပြန့်ကျဲသွားလိမ့်မယ်၊ ဝိနည်းသိက္ခာပုဒ်တွေ တစ်ခုချင်း နှစ်ခုချင်း ပျောက်သွားရင် သုတ္တန်တရား အဘိဓမ္မာတရားတွေ တဖြည်းဖြည်းပပျောက်သွားရင် ဗုဒ္ဓသာသနာ ကွယ်ပသွားလိမ့်မယ်၊ ဒါကြောင့် ဗုဒ္ဓသာသနာတော် မကွယ်ပရအောင် ဓမ္မနဲ့ ဝိနယကို သင်္ဂါယနာတင်ရမယ်'

မြတ်စွာဘုရားရဲ့ အလောင်းတော်ကို နံ့သာထင်းတုံးတို့နဲ့ ဖုံးအုပ်ပြီး မလ္လာမင်းတို့ မီးရှို့တာ မီးမစွဲလောင်ဘူး၊ အရှင်မဟာကဿပနဲ့ တပည့်ငါးရာတို့က အလောင်းတော်ကို ရှိခိုးကန်တော့ပြီးတာနဲ့ နံ့သာထင်းတွေဟာ အလိုလိုမီးစွဲလောင်တယ်။ ခုနစ်ရက် ကြာ လောင်ကျွမ်းပြီးတဲ့နောက် မလ္လာမင်းတို့က နံ့သာရေဖြင့် မီးငြိမ်းသတ်ကြတယ်။ ဓာတ်တော် မွေတော် ရှစ်စိတ် (နှစ်တင်း) ရရှိတယ်။ ရာဇဂြိုဟ်၊ ဝေသာလီ၊ ကပိလဝတ် စတဲ့ ခုနစ်ပြည်ထောင်သော မင်းတို့က ဓာတ်တော်မွေတော်များ တောင်းခံလာကြတယ်။ မင်းအပေါင်းတို့ရဲ့ ဆရာဖြစ်တဲ့ ဒေါဏပုဏ္ဏားကြီးက ကုသိနာရုံအပါအဝင် ရှစ်ပြည်ထောင်မင်းတို့ကို ဓာတ်တော်

www.burmeseclassic.com

www.burmeseclassic.com



တစ်စိတ်စီ ခွဲဝေပေးလိုက်တယ်။ ထိုမင်းတို့က အသီးသီး စေတီ တည်ထားပြီး ကိုးကွယ်ကြတယ်။

ကုသိနာရုံပြည်မှာ ရဟန်းသံဃာ မရေမတွက်နိုင်အောင် စုဝေးမိကြတယ်။ အဲဒီရဟန်းတို့အနက် ခေါင်းဆောင်ဖြစ်တဲ့ သံဃာ့ထေရ်ခုနစ်သိန်းကို စုဝေးစေပြီးတော့ အရှင်မဟာကဿပ က သင်္ဂါယနာတင်ဖို့ တိုက်တွန်းနှိုးဆော်တယ်။ အားလုံး သဘော တူကြတယ်။ သင်္ဂါယနာတင်ပွဲမှာ ပါဝင်ဆောင်ရွက်ရမယ့်ရဟန်း များကို ရွေးချယ်ရာမှာ ပိဋကတ်သုံးပုံဆောင် ပုထုဇဉ်ရဟန်း၊ သောတာပန်၊ သကဒါဂါမ်, အနာဂါမ်, ဈာန်မရရဟန္တာများကို ချန် လှပ်ပြီး ပိဋကတ်သုံးပုံဆောင် ဆဠဘိည၊ ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ၄၉၉ ပါးကို ရွေးကောက်ကြတယ်။

ရဟန်း ငါးရာပြည့်ဖို့အတွက် နောက်ဆုံးတစ်ပါးကို အရှင် အာနန္ဒာကို ရွေးချယ်ကြတယ်။ အရှင်အာနန္ဒာက သောတာပန် ပင် ဖြစ်လင့်ကစား မြတ်စွာဘုရားနောက်တော်က အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါပြီး ဘုရားဟောတရားတော် ဓမ္မက္ခန္ဓာ ၈၄,၀၀၀ ကို မြတ်စွာဘုရားထံမှ ကိုယ်တိုင်ကိုယ်ကျ ကြားနာ သင်ယူမှတ်သားခဲ့တဲ့ပုဂ္ဂိုလ်ထူးဖြစ်တယ်။ သင်္ဂါယနာမတင်မီ တစ်ညဥ့်မှာ အရှင်အာနန္ဒာက ကြိုးစားပြီး တရားရှုမှတ်လို့ ဆဠ ဘိညပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်သွားပါတယ်။

**ပထမသင်္ဂါယနာ**တင်ပွဲကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီး သုံးလပြည့်တဲ့နေ့မှာ ရာဇဂြိုဟ်မှာ အဇာတသတ်မင်းရဲ့ အထောက် အပံ့နဲ့ စတင်ကျင်းပပါတယ်။ **အရှင်မဟာကဿပ** မထေရ်က သံဃာ့နာယက မဟာထေရ်အဖြစ် ဆောင်ရွက်တယ်။ ဝိနည်း

www.burmeseclassic.com

www.burmeseclassic.com



ပိဋကကို သင်္ဂါယနာတင်ကြတဲ့အခါ အရှင်မဟာကဿပက မေးမြန်းပြီး အရှင်ဥပါလိထေရ်က ဖြေကြားတော်မူတယ်။ ဒီလို အမေးအဖြေပြုတာကို မထေရ်အားလုံးက သဘောတူညီတဲ့အခါ မထေရ်ငါးရာတို့က သံပြိုင်ရွတ်ဆိုပြီး အတည်ပြုလက်ခံကြတယ်။ ဝိနယပိဋကကို သင်္ဂါယနာတင်ရာမှာ အပိုင်းကဏ္ဍများ ခွဲခြင်း၊ မျိုးတူရာ စုပေါင်းခြင်း၊ ရှေ့နောက် အစီအစဉ်ကျအောင် စီမံခြင်းတို့ကို ပြုလုပ်ခဲ့ကြတယ်။

သုတ္တန်ပိဋကနှင့် အဘိဓမ္မာပိဋကကို သင်္ဂါယနာတင်ဖို့ အတွက် အရှင်အာနန္ဒာကို သံဃာတော်များက ရွေးချယ်ကြတယ်။ အရှင်မဟာကဿပ မေးသမျှကို အရှင်အာနန္ဒာက ဖြေကြားပါတယ်။ တစ်သုတ်စီကိုမေးဖြေစိစစ်ပြီးတဲ့အခါ ရဟန္တာငါးရာတို့ စုပေါင်းညီညာ သံပြိုင်ရွတ်ဆိုပြီး အတည်ပြုလက်ခံတော်မူကြတယ်။ သုတ္တန်ပိဋကကို ဒီဃနိကာယ်၊ မဇ္ဈိမနိကာယ်၊ သံယုတ္တနိကာယ်၊ အင်္ဂုတ္တရနိကာယ်၊ ခုဒ္ဒကနိကာယ်အဖြစ် ငါးကဏ္ဍ ပိုင်းခြားလိုက်တယ်။ မျိုးတူရာစုပေါင်းပြီး ရှေ့နောက် အစီအစဉ်ကျအောင် စီမံတော်မူခဲ့ကြတယ်။

အဘိဓမ္မာပိဋကကို အဘိဓမ္မာခုနစ်ကျမ်းအဖြစ် အစီအစဉ်တကျ ခွဲခြားကာ သင်္ဂါယနာတင်တော်မူကြတယ်။

ရှေးက ရဟန္တာများနဲ့ အရိယာပုဂ္ဂိုလ်များဟာ မှတ်ဉာဏ် အလွန်ကောင်းကြတယ်။ တစ်ကြိမ်ရွတ်ဆိုပြီးတာကို မမေ့အောင် မှတ်သားနိုင်ကြတယ်။ ယနေ့ မြန်မာနိုင်ငံမှာရှိတဲ့ ပိဋကတ်သုံးပုံဟာ ပထမသင်္ဂါယနာတင်စဉ်ကအတိုင်း ရှေးမူမပျက် တည်ရှိတယ်လို့ ယုံကြည်ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဖြုတ်ပယ်ဖြည့်စွက်ခြင်း မပြုရ

ပထမသင်္ဂါယနာတင်ကြတဲ့ ရဟန္တာမထေရ်ကြီး ငါးရာတို့ဟာ အောက်ပါ မူသုံးချက်ကို တစ်ညီတစ်ညွတ်တည်း ဆုံးဖြတ်တော်မူခဲ့ကြတယ်။

(၁) သံဃာတော်ဟာ မြတ်စွာဘုရား မပညတ်ခဲ့တာကို အသစ်တိုးချဲ့ပညတ်ခြင်း မပြုရ။

(၂) မြတ်စွာဘုရားပညတ်ခဲ့တာကို ဖြုတ်ပယ်ဖျက်ဆီးခြင်း မပြုရ။

(၃) မြတ်စွာဘုရား ပညတ်တော်မူခဲ့တဲ့ သိက္ခာပုဒ် (စည်းကမ်း ဥပဒေ) များကို ရှိသေစွာ လိုက်နာကျင့်သုံးကြမယ်။

ဒီမူသုံးချက်အတိုင်း ဖြည့်စွက်, ထုတ်ပယ်ခြင်းမပြုဘဲ မူလအရှိအတိုင်း တရိုတသေထိန်းသိမ်းစောင့်ရှောက် ကျင့်သုံးလာခဲ့တဲ့ ဂိုဏ်းကို **ထေရဝါဒဂိုဏ်း** လို့ ခေါ်တွင်ပါတယ်။

## ဒုတိယသင်္ဂါယနာ

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး နှစ် ၁၀၀ ကြာတဲ့အခါ ဝေသာလီပြည်မှာ ဝဇ္ဇီတိုင်းသား ရဟန်းများက 'ရွှေငွေအသပြာကို အလှူမခံအပ်' ဆိုတဲ့ ပညတ်ချက်ကို ဖောက်ဖျက်ပြီး 'ရွှေငွေအသပြာကို အလှူခံနိုင်တယ်' ဆိုတဲ့ ပြင်ဆင်ချက်နဲ့တကွ ပြင်ဆင်ချက် ၁၀ ချက်ကိုပြုကြတယ်။ ပြောင်ပြောင်တင်းတင်း ကျင့်သုံးကြတယ်။

သာဝတ္ထိပြည် ဇေတဝန်ကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးစဉ်က အောက်ပါတရားကို ဟောကြားတော်မူခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



'ရဟန်းတို့ . . . ဆီးနှင်းမြူတိမ် သူရိန်မိးခိုးဟာ လ, နေတို့ရဲ့ အညစ်အကြေးဖြစ်သလို သေရည်သေရက်သောက်စားမှု၊ မေထုန်မှီဝဲမှု၊ ရွှေငွေအလှူခံမှု၊ မှားယွင်းတဲ့ အသက်မွေးမှုတို့ဟာ တရားကျင့်တဲ့ ရသေ့ရဟန်းတို့အတွက် အညစ်အကြေးဖြစ်ကြကုန်တယ်'

တစ်ဖန် ရာဇဂြိုဟ်ပြည်မှာ အရှင်ဥပနန္ဒကို အကြောင်းပြုပြီး ရွှေငွေ အလှူခံမှုကို တားမြစ်တဲ့ သိက္ခာပုဒ်ကို မြတ်စွာဘုရား ပညတ်တော်မူခဲ့တယ်။

ဒီအကြောင်းတွေကို အဘိညာဉ်ရ ရဟန္တာဖြစ်တဲ့အရှင် **မဟာယသထေရ်**က ထောက်ပြပြီး ဝဇ္ဇီတိုင်းသားရဟန်းများကို ဟန့်တားတော်မူတယ်။ မရဘူး။ အရှင်မဟာယသက မဇ္ဈိမဒေသ တစ်ခွင်လုံးလှည့်လည်ပြီး အဓမ္မဝါဒီများ အားမကောင်းမီ နှိမ်နင်းနိုင်ဖို့အတွက် လှုံ့ဆော်ဟောပြောတယ်။ အနီးဝန်းကျင်နိုင်ငံများသို့လည်း တမန်စေလွှတ်ပြီး အကြောင်းကြား လျှောက်ထားတယ်။

အဲဒီအခါ ဝေသာလီပြည်သို့ သံဃာတော် ၁၂ သိန်း စည်းဝေး ရောက်လာကြတယ်။ အရှင်သဗ္ဗကာမိမဟာထေရ်(ဝါတော် ၁၂၀၊ သက်တော် ၁၄၀) နဲ့ အခြားသက်တော် ၁၂၀ ကျော်တဲ့ မထေရ်ခုနစ်ပါးတို့ကို ဝိနည်းမိုရ်ပုဂ္ဂိုလ်များအဖြစ် ရွေးချယ်ပြီး အဆုံးအဖြတ်ခံယူခဲ့ကြတယ်။ ဒီမထေရ်အားလုံးဟာ ပဋိသမ္ဘိဒါပတ္တ ဆဠဘိည တိပိဋကဓရ ရဟန္တာတွေချည်းပဲ။

ဝဇ္ဇီတိုင်းသားရဟန်းများရဲ့ ပြင်ဆင်ချက် ၁၀ ချက်ဟာ ဝိနည်းတော်နဲ့ မလျော်ညီကြောင်း ဆုံးဖြတ်ကြတယ်။ အဓိကရဏ်းပြီး

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းသွားတဲ့အခါ သံဃာတော်၁၂ သိန်းမှ တိပိဋကဓရ ပဋိသမ္ဘိဒါ ပတ္တဆဠဘိည ရဟန္တာမထေရ်ကြီး ၇၀၀ တို့ကိုရွေးချယ်ပြီး ဒုတိယ အကြိမ် သင်္ဂါယနာတင်ကြပါတယ်။ ပါဋလိပုတ်ပြည် ကာလာ သောမ မင်းကြီးက အာဏာစက်ဖြင့် ထောက်ပံ့ကူညီတယ်။

ဝဇ္ဇီတိုင်းသား ရဟန်းဆိုးများဟာ ဝေသာလီပြည်မှ ထွက်ခွာ ပြီး အနယ်နယ်အရပ်ရပ်က အဓမ္မဝါဒီရဟန်းများကို စည်းရုံးပြီး ရဟန်းပရိသတ်တစ်သောင်းရှိတဲ့အခါ ကောသမ္ဗီပြည်မှာ စင်ပြိုင် သင်္ဂါယနာတင်ကြတယ်။ အဲဒီ ဗွေဆော်ဦးခွဲထွက်တဲ့ ဂိုဏ်းကို **မဟာသံဃိကဂိုဏ်း** လို့ ခေါ်ပါတယ်။ နာမည်အားဖြင့် အပေါ်စီး ရအောင်လို့ 'မဟာ' ထည့်ထားတယ်။

ဒီအချိန်ကစပြီး သံဃာဂိုဏ်းတွေ အကွဲကွဲအပြားပြား ဖြစ် လာတာ ဝမ်းနည်းစရာပဲ။ သံဃာအသင်းခွဲဖို့ ကြိုးစားခဲ့တဲ့ ရှင် ဒေဝဒတ်ဟာ မြေမျိုပြီး အဝီစိငရဲသို့ လားရောက်ခဲ့ရတယ်။ သဒ္ဓါ တရား မပြည့်ဝတဲ့ ပုထုဇဉ်ရဟန်းများကသာ မြတ်ဗုဒ္ဓရဲ့ ဝိနည်း ဥပဒေတော်ကြီးမှ သွေဖည်လိုကြပေလိမ့်မယ်။

## တတိယသင်္ဂါယနာ

သာသနာတော် သက္ကရာဇ် ၂၁၄ နှစ်မှာ **သီရိဓမ္မာသောက** မင်းကြီးက မဇ္ဈိမဒေသတစ်ခုလုံးကို စိုးမိုးတော်မူတယ်။ သူ့ကို အသောကမင်းလို့လည်း ခေါ်တယ်။ အိန္ဒိယနိုင်ငံသမိုင်းမှာ ဘုန်း တန်ခိုးအကြီးဆုံး ဘုရင်စကြာဇ်ပဲ။ အသောကမင်းရဲ့ ခမည်း တော် ဗိန္ဒုသာရမင်းကြီးဟာ ဂျိန်းဘာသာရဲ့ သာသနာ့ဒါယကာ ဖြစ်တယ်။ ဒါကြောင့် အသောကမင်း နန်းတက်ပြီး သုံးနှစ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



တိုင် အ၀တ်မ၀တ်တဲ့ဂိုဏ်းရဟန်းများ၊ အာဇီ၀တက္ကတွန်းရဟန်းများ၊ ဗြဟ္မဏဘာသာဝင်ရဟန်းများ ၆၀,၀၀၀ တို့ကို နန်းတော်မှာ ဆွမ်း၀တ် အမြဲပြုရတယ်။

အသောကမင်းရဲ့တူတော် **နိဂြောဓသာမဏေ**ရဲ့ ဟောပြောမှုကြောင့် အသောကမင်းဟာ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်လာတယ်။ နန်းတော်မှာ နေ့စဉ် ဆွမ်းစားနေကျ ၀တ်လစ်စလစ် တက္ကတွန်းရဟန်း ၆၀,၀၀၀ ကို မောင်းထုတ်တယ်။

အသောကာရာမကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းပြီး ရဟန်းတော်အရှင်ကောင်း ၆၀,၀၀၀ တို့ကို အမြဲဆွမ်း၀တ်ပြုတော်မူတယ်။ ပြီးတော့ ဓမ္မက္ခန္ဓာ ၈၄,၀၀၀ ကိုပူဇော်တဲ့အနေနဲ့ ဇမ္ဗူဒိပ်မှာ ရေတွင်းပေါင်း ၈၄,၀၀၀၊ ရေကန်ပေါင်း ၈၄,၀၀၀၊ ကျောင်းတိုက်ပေါင်း ၈၄,၀၀၀၊ စေတီပုထိုးပေါင်း ၈၄,၀၀၀ တို့ကို အသပြာငွေ ၉၆ ကုဋေအကုန်ခံပြီး လှူဒါန်းတော်မူတယ်။

အသောကမင်းကြီးရဲ့ညီတော် တိဿကုမာရ၊ သားတော် မဟိန္ဒ၊ သမီးတော်သင်္ဃမိတ္တာ၊ သမက်တော် အဂ္ဂိဗြဟ္မမင်းသား၊ မြေးတော်သုမနမင်းသား စတဲ့ မင်းညီမင်းသားများနဲ့ နောက်ပါအခြွေအရံများစွာတို့က သာသနာ့ဘောင်ထဲသို့ ဝင်ရောက်ကြတဲ့အတွက် ရဟန်းတော်များ မရေမတွက်နိုင်အောင် များပြားလှတယ်။ အသောကနိုင်ငံ မဇ္ဈိမဒေသတစ်ဝန်းလုံးမှာသက်န်းရောင် ဖုံးလွှမ်းသွားတယ်။ ဒါဟာ အိန္ဒိယနိုင်ငံ ပြည်မမှာ နောက်ဆုံး သာသနာထွန်းတောက်ခြင်းပါပဲ။

ဂိုဏ်းရဟန်းများ၊ အာဇီ၀က တက္ကတွန်းများ၊ ဗြဟ္မဏရဟန်းများက လာဘ်လာဘရှားပါးပြီး စားရေးသောက်ရေး ခက်ခဲလာ

www.burmeseclassic.com

www.burmeseclassic.com



လို့ ဗုဒ္ဓသာသနာအတွင်းသို့ နည်းအမျိုးမျိုးနဲ့ ဝင်ရောက်လာကြတယ်။ ဒီရဟန်းတု ရဟန်းယောင်တွေကြောင့် ရဟန်းကောင်းများဟာ ဥပုသ်မပြုနိုင်ကြတော့ဘူး။

ဒီအကြောင်းကို သိတော့ အသောကမင်းက အရှင်မဟာ **မောဂ္ဂလိပုတ္တတိဿ** ထံမှာ ဩဝါဒခံယူပြီးနောက် ရဟန်းတု ရဟန်းယောင်များကို ဖယ်ထုတ်တယ်။ ရဟန်းကောင်း ခြောက်သန်းအနက် ပဋိသမ္ဘိဒါပတ္တပိဋကတ်သုံးပုံဆောင် ရဟန္တာထေရ်ကြီး ၁၀၀၀ ကို ရွေးချယ်ပြီးတော့ သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်မှာ တတိယအကြိမ် သင်္ဂါယနာတင်ကြတယ်။

ဒီအကြိမ်မှာ ထူးခြားတာက ကိုးတိုင်း ကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ခြင်းဖြစ်တယ်။ မဇ္ဈိမဒေသမှာ သာသနာတော် ရေရှည်မတည်နိုင်ဘူးဆိုတာ ရဟန္တာကြီးများက သိမြင်တော်မူကြတယ်။ ကိုးတိုင်း ကိုးဌာနထဲမှာ ကသ္မီရဂန္ဓာရတိုင်း၊ ယောနကတိုင်း၊ သုဝဏ္ဏဘူမိ ခေါ် သထုံပြည်နဲ့ လင်္ကာဒီပကျွန်းခေါ် သီရိလင်္ကာကျွန်းတို့ ပါဝင်ကြတယ်။

အသောကမင်း ဇရာထောင်းပြီး နာမကျန်းဖြစ်ခိုက်မှာ မြေးတော် **သမ္ပဒီမင်းသား** က ထီးနန်းကို သိမ်းပိုက်တယ်။ ဒီမင်းသားက ဂျိန်းဘာသာဝင်ဖြစ်တော့ ဂျိန်းဘာသာကို ထောက်ပံ့အားပေးတယ်။ အသောကမင်းကြီးနောက် ခြောက်ဆက်မြောက်မင်းကို **သုင်္ဂပုဿမိတြ** အမည်ရှိတဲ့ ဗြာဟ္မဏပုဏ္ဏားစစ်သူကြီးက လုပ်ကြံပြီး ထီးနန်းကို လုယူတယ်။ ဗြာဟ္မဏဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာတယ်။ ဗုဒ္ဓဘာသာဘုန်းကြီး ခေါင်းတစ်လုံးကို ဆုတော်ငွေ ၁၀၀၀ ကျပ် ပေးမယ်လို့ ကြေညာလိုက်တော့

www.burmeseclassic.com

www.burmeseclassic.com



ရဟန်းတော်များဟာ တိုင်းစွန်ပြည်ဖျားသို့ ထွက်ပြေးပုန်းရှောင်ကြရတယ်။

ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ခဲ့တဲ့ အကျိုးတစ်ရပ်က ဂရိတ်နွယ်ဝင်ဘုရင်များ အုပ်စိုးနေတဲ့ ကသ္မီရဂန္ဓာရတိုင်း၊ ယောနကတိုင်း (ယခုခေတ် ကက်ရှမီးယား၊ အနောက်ပါကစ္စတန်၊ အာဖဂန်) မှာ ဗုဒ္ဓဘာသာထွန်းကားလာခြင်းဖြစ်တယ်။

သာသနာသက္ကရာဇ် ၅၀၀ မှာ ပညာရှိ**မိလိန္ဒမင်းကြီး** ပေါ်ထွန်းလာပြီးတော့ သူမေးသမျှပုစ္ဆာများကို အရှင်နာဂသေနရဟန္တာမထေရ်မြတ်က အချက်ကျကျဖြေကြားခဲ့တယ်။ ဒီအမေးအဖြေကျမ်းဟာ **မိလိန္ဒပဉှာ** လို့ အမည်ရပြီး ထေရဝါဒသာသနာတော်မှာ ပါဠိတော်ကျမ်းဂန်များနဲ့ တန်းတူအသိအမှတ်ပြုခံရပါတယ်။ အဲဒီအချိန်မှာ ရဟန္တာမထေရ်များဟာ သောင်းချီပြီး ရှိကြသေးတယ်။

မိလိန္ဒမင်းကြီးနောက် နှစ်ပေါင်း ၁၀၀ ကျော်ကြာတဲ့အခါ ယောနကတိုင်းမှာ မဟာသံဃိကဂိုဏ်းနဲ့ သဗ္ဗတ္ထိဝါဒဂိုဏ်းတို့ ထွန်းကားလာကြတယ်။ ဒါကြောင့် သာသနာနှစ် ၆၀၀ ခန့် ရောက်တဲ့အခါ အိန္ဒိယပြည်မြောက်ပိုင်းနဲ့ အနောက်မြောက်ပိုင်းတို့မှာ ထေရဝါဒဗုဒ္ဓသာသနာ မရှိတော့ဘူး။ အိန္ဒိယတောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှာသာ အနည်းငယ် ကြွင်းကျန်တော့တယ်။

## သီရိလင်္ကာသာသနာ

တတိယသင်္ဂါယနာတင်ပြီးတော့ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုအဖွဲ့များ စေလွှတ်ရာမှာ သီရိလင်္ကာကျွန်းသို့ အသောက

www.burmeseclassic.com



မင်းကြီးရဲ့သားတော် **အရှင်မဟိန္ဒ** ရဲ့အဖွဲ့က တာဝန်ကျတယ်။ အရှင်မဟိန္ဒက ၁၂ ဝါရှိပြီး ပိဋကတ်သုံးပုံဆောင် အဘိညာဉ်ရ ရဟန္တာအရှင်မြတ်ကြီးတစ်ဆူ ဖြစ်တော်မူတယ်။ သူနဲ့အတူလိုက်ပါတဲ့ ရဟန်းတော်လေးပါးနဲ့ တူတော်သုမနသာမဏေတို့က လည်း တန်ခိုးအဘိညာဉ်ရတဲ့ပုဂ္ဂိုလ်ချည်းပဲ။

သူတို့ဟာ ကောင်းကင်ခရီးဖြင့် သီရိလင်္ကာနိုင်ငံသို့ ကြွချီသွားကြတယ်။ အသောကမင်းက သီရိလင်္ကာဘုရင် **ဒေဝါနံပိယတိဿ** ထံသို့ မင်းမြှောက်တန်ဆာငါးပါးနဲ့ တရားရှေ့ပေလွှာတွေကို ပေးပို့ထားလို့ သီရိလင်္ကာမင်းက သာသနာပြုအဖွဲ့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုတယ်။ သာသနာပြုလုပ်ငန်းမှာလည်း မင်းအာဏာစက်ဖြင့် အပြည်အဝထောက်ပံ့ကူညီတော့သီရိလင်္ကာသာသနာဟာ နေ့ချင်းညချင်း ကြီးထွားလာပါတယ်။

အမျိုးသမီးများထဲက ရဟန်းဝတ်လိုသူများစွာ ပေါ်ပေါက်လာလို့ အရှင်မဟိန္ဒမထေရ်က နှမတော် ရဟန္တာမ **သင်္ဃမိတ္တာ** ကို မဟာဗောဓိပင်တောင်ကိုင်းကိုပင့်ဆောင်ပြီး သီရိလင်္ကာနိုင်ငံသို့ ကြွလာဖို့ ဖိတ်ကြားစေတယ်။ သင်္ဃမိတ္တာရောက်လာတဲ့အခါ ဘိက္ခုနီသာသနာလည်း ထွန်းတောက်လာပါတော့တယ်။

**ဒုဋ္ဌဂါမဏိမင်း** (သာသနာ ၃၈၇–၄၀၇) လက်ထက်မှာ သီရိလင်္ကာသာသနာဟာ တစ်ရှိန်ထိုး တိုးတက်လာပြန်တယ်။ မင်းကြီးရဲ့ ကုသိုလ်ကောင်းမှုအစုစုက ငွေအသပြာချည်းသက်သက် ၁၀၄၉ ကုဋေဖြစ်ပြီး အဖိုးမဖြတ်နိုင်တဲ့ ရတနာအလှူများနဲ့ နိစ္စဘတ် အလှူများလည်း ပါရှိသေးတယ်။

ဒေဝါနံ ပိယတိဿမင်းကြီးရဲ့ ကောင်းမှုတော် မဟာဝိဟာရ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတိုက်ကြီးအတွင်းမှာ အဖိုးအနဂ္ဃထိုက်တဲ့ လောဟပါသာဒ ကြေးပြာသာဒ်ကြီးနဲ့ သံတောင်အမြင့်၁၃၇ တောင် ရှိတဲ့ မဟာစေတီကြီးကို ဒုဋ္ဌဂါမဏိမင်းကြီး ဆောက်လှူတော်မူတယ်။

မဟာစေတီတော်ကြီးကို ပန္နက်ချတဲ့ သာသနာတော်နှစ် ၃၇၂ ခုနှစ်မှာ အပြည်ပြည်က အရိယာသူတော်ကောင်းများ ကောင်းကင်ခရီးဖြင့် ကြွလာချီးမြှောက်တော်မူကြရာ ၉၆ ကုဋေရှိတယ်၊ သထုံပြည်ကေလာသကျောင်းတိုက်ကြီးကပဲ ရဟန္တာအရှင်မြတ်ပေါင်း ၉၆,၀၀၀ ကြွရောက်တော်မူတယ်လို့ (မဟာဝံသ၂၉၊၄၃) မှာ ဖော်ပြထားတယ်။ ဒီအချိန်မှာ ဗုဒ္ဓသာသနာတော်ဟာ အလွန်ထွန်းတောက်နေတယ်လို့ ဆိုရလိမ့်မယ်။

သာသနာတော် ၄၄၀ ပြည့်နှစ်မှာ **ဝဋ္ဋဂါမဏိအဘယမင်း** နန်းတက်တယ်။ ငါးလကြာတဲ့အခါ စောဠတိုင်းသား ကျေးကုလားများနဲ့ ဗြဟ္မဏတိဿသူပုန်ခေါင်းဆောင် ပုန်ကန်ထကြွလို့ မင်းကြီးက တောထဲမှာ ၁၅ နှစ်ခန့် တိမ်းရှောင်ပုန်းအောင်းနေရတယ်။ အဲဒီသူပုန်ဘေးကြီး နှိပ်စက်နေတဲ့အခါမှာ မိုးလေဝသကလည်း အလွန်ခေါင်းပါးတဲ့အတွက် ရဟန်းရှင်လူတို့ အမြောက်အမြား သေဆုံးကြရတယ်။

ရဟန်းတော်အချို့တို့က အိန္ဒိယပြည်တောင်ပိုင်းသို့ ကြွသွားကြတယ်။ ရဟန်းတော်အချို့ကတော့ သီရိလင်္ကာကျွန်းမှာပဲ သူပုန်ရန်ကင်းရာ တောရွာများအနီးမှာ သီတင်းသုံးပြီး သစ်ဥ သစ်မြစ် သစ်ရွက်ဆွမ်းမျှနဲ့ အသက်ဆက်နေကြရတယ်။ သာသနာတော်ဟာ မှောင်ကြီးကျလုမတတ် ဖြစ်နေတယ်။ အစာအာဟာရ ချို့တဲ့နေတဲ့အကြားက သံဃာတော်များဟာ မိမိတို့

www.burmeseclassic.com

www.burmeseclassic.com



သင်ယူတတ်မြောက်ထားတဲ့နိကာယ်များကို မမေ့မပျောက်အောင် နှုတ်တိုက်သင်္ဂါယနာအမြဲဆိုခဲ့ကြတယ်။ ပူလောင်နေတဲ့ဝမ်းမိုက်များကို သဲစိတွေ ဖုံးဖိပြီးတော့ ပိဋကတ်တော်ကို စုပေါင်းရွတ်ဆိုခဲ့ကြတယ်။

သံဃာတော်ဟာ သာသနာကို အသက်နဲ့လဲပြီး စောင့်ရှောက်ခဲ့ကြတာပါပဲ။ သူပုန်ရန် ငြိမ်းအေးပြီး ဝဋ္ဋဂါမဏိမင်း ဒုတိယအကြိမ် နန်းတက်တဲ့ သာသနာတော် ၄၅၅ ခုနှစ်မှာပဲ **စတုတ္ထအကြိမ် သင်္ဂါယနာတင်ပွဲ** ကျင်းပပါတယ်။ ပါဠိတော်များနဲ့ အဋ္ဌကထာများကို ပထမဆုံးအကြိမ် ပေထက်အက္ခရာတင်တော်မူကြတယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ပိဋကတ်သုံးပုံ ပါဠိတော်များကို တစ်ပုဒ်တစ်ပါဒမျှ မယွင်းမသွေအောင် သံဃာအဆက်ဆက် အာဂုံဆောင်ထားနိုင်ခဲ့ကြတာဟာ အလွန် အံ့သြစဖွယ်ပင်ဖြစ်တယ်။ ထေရဝါဒသာသနာစောင့် မထေရ်ကြီးတို့က 'အက္ခရာတစ်လုံး ဘုရားတစ်ဆူ' ခံယူတော်မူကြလို့ အက္ခရာတစ်လုံးတလေကို သံသယရှိရင် ယူဇနာ ၁၀၀ ခရီးကို ခြေကျင်ကြွသွားပြီး လေ့လာအတည်ပြုတော်မူကြတယ်။

## တစ်သာသနာမှာ တစ်ယောက်

နိကာယ်အဋ္ဌကထာကျမ်းများကို ရေးသားခဲ့ပြီး သာသနာ့မီးရှူးတန်ဆောင်ကြီးဖြစ်တဲ့ အတုမဲ့ပါရမီရှင်တစ်ဦးက **အရှင်မဟာဗုဒ္ဓဃောသ** ဖြစ်ပါတယ်။ တစ်သာသနာမှာတစ်ယောက်ဆိုစလောက်အောင် ပါရမီဉာဏ် ထူးချွန်သူဖြစ်တယ်။

ငယ်နာမည်က ဃောသဖြစ်ပြီး အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရွာမှာဖွားမြင်ခဲ့တယ်။ မဂဓပြည့်ရှင် ဘုရင်သင်္ဂါမမင်းရဲ့ ပုရောဟိတ်

www.burmeseclassic.com

www.burmeseclassic.com



ပုဏ္ဏားရဲ့သား ဖြစ်တယ်။ အယူဝါဒအမျိုးမျိုးကို တတ်ကျွမ်းပြီး အယူဝါဒရေးရာ အချေအတင်ပြောဆိုဖို့ စိတ်ဝင်စားတယ်။ ဇမ္ဗူဒိပ် တစ်ကျွန်းလုံး လှည့်လည်ပြီး ဝါဒပြိုင်ဆိုင်ပြောဆိုနေခဲ့တယ်။

တစ်နေ့မှာ ကျောင်းတိုက်ကြီးတစ်တိုက်ကို ရောက်သွားပြီး ညအိပ်တည်းခိုတယ်။ မအိပ်ခင် ပဋ္ဌာနတလိရဲ့ အယူဝါဒကျမ်းစာကို အသံနေအသံထားနဲ့ ရွတ်ဆိုနေတယ်။

အရှင်ရေဝတမထေရ်ကြီးက အသံရဲ့ထူးခြားမှုကို သတိပြုကာ 'ဒီသူငယ်ဟာ ဉာဏ်ပညာကြီးတယ်၊ ဆုံးမသွန်သင်ရရင် ကောင်းမယ်' လို့ နှလုံးသွင်းမိပြီး စကားစ မေးလိုက်တယ်။

'ဟော့ ... ဒီနားမှာ မြည်းအော်သလို အော်နေတာ ဘယ်သူလဲ'

'မြည်းအော်တဲ့အသံရဲ့ အဓိပ္ပာယ်ကော သိရဲ့လား' လို့ လုလင်က ချက်ချင်းမေးခွန်းတုံ့ပြန်လိုက်တယ်။

'မင်းဘာတွေရွတ်ဆိုနေတာ ငါမသိဘဲ နေပါ့မလား၊ မင်း ရွတ်ဆိုနေတဲ့ အထဲက မင်းအဓိပ္ပာယ်မရှင်းတာရှိရင် မေးစမ်းပါ'

ဃောသလုလင်က ပြဿနာတစ်ခုပြီးတစ်ခု မေးတော့တယ်။ အရှင်ရေဝတကလည်း မေးတိုင်းဖြေတော်မူတယ်။ နောက်ထပ် မေးစရာမရှိတဲ့အခါ ...

'အရှင်ဘုရားရဲ့ အယူဝါဒကို ပြောပြပါဦး' လို့ လုလင်က တောင်းပန်တယ်။

အဘိဓမ္မာ ပါဠိသဘောများကို မထေရ်ကြီး ဟောပြလိုက်တော့ လုလင်က ဘာတစ်ခုမှ နားမလည်တော့ဘူး။

'အရှင်ဘုရား ... ဒီဗေဒဟာ ဘယ်သူ့ရဲ့ အတတ်ပညာလဲ'

'ဗုဒ္ဓမြတ်စွာရဲ့ ဗုဒ္ဓမန္တန်ဖြစ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အကျွန်ုပ်အား အဲဒီပညာကို သင်ပေးပါ'

'ရဟန်းပြုရင် သင်ပေးမယ်'

ဒါနဲ့ ဃောသလုလင်ဟာ အရှင်ရေဝတမထေရ်ကိုဥပဇ္ဈာယ်ဆရာပြုပြီး ရဟန်းခံတယ်။ 'မြတ်စွာဘုရားရှင်ရဲ့ အသံတော်ကဲ့သို့ နက်နဲတဲ့အသံရှိပြီး ဘုရားလိုကျော်စောထင်ရှားသူ ဖြစ်နိုင်တယ်'လို့ မျှော်တွေးပြီး 'ဗုဒ္ဓဃောသ'လို့ ဆရာက ဘွဲ့ပေးလိုက်တယ်။

အရှင်ဗုဒ္ဓဃောသဟာ ပိဋကတ်သုံးပုံကို သင်ယူတယ်။ ဗုဒ္ဓတရားတော်ကသာ ဆင်းရဲမှ လွတ်မြောက်ကြောင်းလမ်းစဉ်အမှန်ဖြစ်တာကို သဘောပေါက်သွားတယ်။ သူ့ရဲ့ ဉာဏ်စွမ်းရည် ထက်မြက်ပုံကို အရှင်ရေဝတ သိမြင်ရလို့ တပည့်အား ဒီလို တိုက်တွန်းတော်မူတယ်။

'ငါ့ရှင်ဗုဒ္ဓဃောသ...သီရိလင်္ကာကျွန်းသို့ သွားပါလေ၊ သီရိလင်္ကာ အဋ္ဌကထာများကို မာဂဓဘာသာ(ပါဠိ)သို့ ပြန်ဆိုပါ၊ ငါ့ရှင်ရဲ့ ပါဠိအဋ္ဌကထာကျမ်းများဟာ တစ်လောကလုံးကို အကျိုးပြုလိမ့်မယ်'

သီရိလင်္ကာဘုရင် မဟာနာမမင်းလက်ထက် (သာသနာ ၉၅၃–၉၇၅) မှာ အရှင်ဗုဒ္ဓဃောသ သီရိလင်္ကာသို့ ကြွတယ်။ မဟာဝိဟာရကျောင်းတိုက်ကြီးမှာ ထေရဝါဒပါဠိတော်များနဲ့ သီရိလင်္ကာဘာသာ အဋ္ဌကထာများကိုသင်ယူတယ်။ ဒီလိုသင်ယူပြီးတဲ့အခါ 'ဒီအဋ္ဌကထာတွေဟာ ဘုရားရှင်ရဲ့ အလိုတော်နဲ့ ကိုက်ညီတယ်'လို့ ဆုံးဖြတ်တယ်။

သံဃာတော်ထံက သီရိလင်္ကာအဋ္ဌကထာများကို ပါဠိဘာသာ

www.burmeseclassic.com

www.burmeseclassic.com



သို့ပြန်ဆိုရေးသားဖို့ ခွင့်တောင်းတဲ့အခါ သူ့ရဲ့ဉာဏ်ရည်ကို စမ်းသပ်ချင်တော့ 'သီလေပတိဋ္ဌာယ နရောသပညော' စတဲ့ဂါထာနှစ်ပုဒ်ကို အကျယ်ဖွင့်ဆိုရေးသားစေတယ်။

အရှင်ဗုဒ္ဓဃောသက ပိဋကတ်သုံးပုံရဲ့အနှစ်သာရ မှန်သမျှကို အဲဒါဂါထာနှစ်ပုဒ်ထဲ ထည့်သွင်းပြီး 'ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာ' ကျမ်းကြီးကို ရေးတော်မူတယ်။ ကျမ်းရေးပြီးလို့ သံဃာတော်များရှေ့မှောက်မှာ ဖတ်ကြားတင်ပြဖို့ စီစဉ်နေတုန်းမှာ ကျမ်းစာမူပေထုပ်ကြီး ရုတ်တရက် ပျောက်သွားတယ်။

ဒါကြောင့် အရှင်ဗုဒ္ဓဃောသက ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကို ဒုတိယအကြိမ် ရေးသားတော်မူတယ်။ ဒီဒုတိယမူလည်း ထူးထူးဆန်းဆန်း ပျောက်သွားပြန်လို့ တတိယအကြိမ် ရေးသားရပြန်တယ်။

သံဃာ့အစည်းအဝေးမှာ တတိယပေစာမူကို ဖတ်ကြားမယ့်ဆဲဆဲမှာ ပထမမူနဲ့ ဒုတိယမူတို့ကလည်း သံဃာ့အလယ်မှာ ထူးထူးခြားခြား ရောက်လာကြတယ်။ သုံးမူစလုံးကို တစ်ပြိုင်နက်ဖတ်ရှုကြတဲ့အခါ ကွဲလွဲခြင်းမရှိဘဲ တစ်ထပ်တည်းဖြစ်နေတာကို တွေ့ကြရတယ်။

သံဃမထေရ်ကြီးများက အံ့အားသင့်ကြပြီး ... 'ငါ့ရှင်ဗုဒ္ဓဃောသဟာ သာမညပုဂ္ဂိုလ်မဟုတ်ဘူး၊ ပါရမီရင့်သျှောင်းနေတဲ့ မေတ္တေယျဘုရားအလောင်းတော်ကြီး အစစ်ပေပဲ' လို့ ကောင်းချီးပေးတော်မူကြတယ်။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကျမ်းကြီးဟာ ကမ္ဘာကျော် ကျမ်းကြီးတစ်ဆူ ဖြစ်ပါတယ်။ ဘာသာအမျိုးမျိုးသို့ ပြန်ဆိုထားပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



သီရိလင်္ကာဘာသာ အဋ္ဌကထာကျမ်းအားလုံးကိုလည်း အရှင်ဗုဒ္ဓဃောသက ပါဠိဘာသာသို့ ပြန်ဆိုပေးတဲ့အတွက် တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့နေပါတယ်။

'အလုံးစုံသော ထေရဝါဒဆရာမထေရ်မြတ်တို့သည် ထိုအဋ္ဌကထာသစ်ကို ဘုရားဟောပါဠိတော်ကဲ့သို့ပင် အလေးတမူ အရေးယူလျက် နှစ်သက်လက်ခံတော်မူကြလေသည်' ဟု မဟာဝံသ နိဂုံးဂါထာမှာ ပြဆိုထားပါတယ်။

## မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ

ဥက္ကလာပတိုင်းသား မွန်ညီနောင် တဖုဿနဲ့ ဘလ္လိကတို့က မြတ်စွာဘုရားကို ဦးစွာဖူးမြင်ရပြီး ဆံတော်ရှစ်ဆူကို ပင့်ဆောင်လာကြတယ်။ ဥက္ကလာပမင်းကြီးနဲ့ ပြည်သူတို့က ဆံတော်များကို ဌာပနာပြီး ရွှေတိဂုံစေတီတော်ကြီး တည်ထားကိုးကွယ်ကြတဲ့အတွက် ဗုဒ္ဓဘာသာဟာ ဘုရားရှင်လက်ထက်တော်ကတည်းက အောက်မြန်မာနိုင်ငံမှာ ထွန်းကားခဲ့ပါတယ်။

သာသနာတော် ၂၃၅ ခုနှစ် တတိယသင်္ဂါယနာတင်ပြီးတဲ့အခါ အရှင်သောဏမထေရ်နဲ့ အရှင်ဥတ္တရမထေရ်တို့ ဦးဆောင်တဲ့ သာသနာပြုအဖွဲ့က သုဝဏ္ဏဘူမိ ခေါ် သထုံနေပြည်တော်သို့ ကြွတော်မူလာတယ်။ အဲဒီအချိန်ကစပြီး ထေရဝါဒ ဗုဒ္ဓဘာသာဟာ အရှိန်အဟုန်နဲ့ တိုးတက်လာတော့တယ်။ ဒါကြောင့် သာသနာတော် ၃၇၂ ခုနှစ် သီရိလင်္ကာမှာ မဟာစေတီပန္နက်ချတဲ့အခါ သထုံပြည် ကေလာသကျောင်းတိုက်ကြီးကတင်ပဲ ရဟန္တာ အရှင်မြတ် ၉၆,၀၀၀ ကြွရောက်တော်မူနိုင်ကြတာပဲ။

www.burmeseclassic.com

www.burmeseclassic.com



သထုံနဲ့ သီရိလင်္ကာတို့ဟာ အဆက်အသွယ်ရှိနေကြလို့ သီရိလင်္ကာက ပိဋကပါဠိတော်များနဲ့ အရှင်ဗုဒ္ဓဃောသရဲ့ ပါဠိ အဋ္ဌကထာများကို မွန်ရဟန်းတော်များက ကူးယူခဲ့ကြတယ်။

သာသနာတော် ၁၆၀၁ ခုနှစ် အနော်ရထာမင်း(အေဒီ ၁၀၄၄–၁၀၇၇) လက်ထက်မှာ အရှင်အရဟံရဲ့ လမ်းညွှန်မှုဖြင့် ထေရဝါဒ ဗုဒ္ဓဘာသာဟာ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့သွားတယ်။ မြန်မာသာသနာပြုမင်း အဆက်ဆက်တို့က သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ခဲ့ကြတဲ့ အတွက် မြန်မာနိုင်ငံမှာ သာသနာတော်ဟာ အမြဲတစေ တင့်လန်းဝေဆာခဲ့တယ်။

သီရိလင်္ကာသာသနာရေးပိုင်းမှာ ဘိက္ခုနီများ ရှိခဲ့သလို မြန်မာသာသနာရေးပိုင်းမှာလည်း ဘိက္ခုနီများ ရှိခဲ့ကြတယ်။ အနည်းဆုံး အေဒီ ၁၄၀၈ ခုအထိ ဘိက္ခုနီများ ရှိခဲ့တယ်လို့ ယူဆနိုင်ကြောင်း ဒေါက်တာသန်းထွန်းရဲ့ 'အသစ်မြင် မြန်မာ့သမိုင်း' မှာ ဖော်ပြထားတယ်။

မြန်မာနိုင်ငံမှာ သင်္ဂါယနာ နှစ်ကြိမ်တင်ခဲ့ပြီးပြီ။ သာသနာတော် ၂၄၁၀ **မင်းတုန်းမင်း**လက်ထက်မှာ **ပဥ္စမသင်္ဂါယနာ**တင်ပြီး ပိဋကတ်သုံးပုံကို ကျောက်ထက်အက္ခရာတင်တယ်။ သာသနာတော် ၂၅၀၀ ပြည့်နှစ်မှာ ရန်ကုန်မြို့ ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူမှာ **ဆဋ္ဌမသင်္ဂါယနာ**တင်ပြီး ပိဋကပါဠိတော်၊ အဋ္ဌကထာ ပါဠိတော်များနဲ့ ပိဋကမြန်မာပြန်များကို ပုံနှိပ် အက္ခရာ တင်တယ်။

ယခုအခါ မြန်မာနိုင်ငံဟာ ကမ္ဘာမှာ ဗုဒ္ဓဘာသာ အထွန်းတောက်ဆုံးနိုင်ငံ ဖြစ်နေပါတယ်။ ကမ္ဘာအရပ်ရပ်သို့ ထေရဝါဒ

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာမျိုးစေ့များ ပြန့်ပွားရေးအတွက် ဆရာတော်များဘက်က ရော ဒါယကာများဘက်ကပါ ကြိုးပမ်းနေကြပါတယ်။

သံဃာတော်ဟာ ဘုရားသာသနာတော်ကို အသက်တမျှ ချစ်မြတ်နိုးပြီး အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ခဲ့လို့ သာသနာတော်ဟာ နှစ် ၂၅၀၀ ကျော် တည်တံ့စည်ပင်ခဲ့လေပြီ။ နောင်တွင်လည်း သာသနာ့အာဇာနည်များ ဆက်ကာဆက်ကာ ပေါ်ပေါက်လာကြဦးမှာဖြစ်လို့ သာသနာတော်ဟာ အစွန့်ရှည်စွာ တည်တံ့စည်ပင်သွားပေလိမ့်မယ်။

## သံဃာ့ဂုဏ်တော် ကိုးပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော

၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံစတ္တာရိ ပုရိသ ယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ
ဧသဘဂဝတော သာဝကသံဃော

၅။ အာဟုနေယျော

၆။ ပါဟုနေယျော

၇။ ဒက္ခိဏေယျော

၈။ အဉ္ဇလိကရဏီယော

၉။ အနုတ္တရံပုညက္ခေတ္တံ လောကဿ။

ဘဂဝတော သာဝကသံဃော = မြတ်စွာဘုန်းတော်သခင်ဘုရားရှင်ရဲ့ တပည့်သားမော် အရိယာသံဃာတော်ဟာ...

E_ 6.R
www.burmeseclassic.com

www.burmeseclassic.com



၁။ သုပ္ပဋိပန္နော = မြတ်စွာဘုရားရဲ့အဆုံးအမကို ကောင်းစွာလိုက်နာကျင့်ကြံတော်မူကြတယ်။

၂။ ဥဇုပ္ပဋိပန္နော = လှည့်ပတ်ခြင်း– မာယာ၊ ဟန်ဆောင်ခြင်း– သာဌေယျတို့ကင်းစင်ပလျက် ဖြောင့်မတ်စွာ ကျင့်ကြံတော်မူကြတယ်။

၃။ ဉာယပ္ပဋိပန္နော = ဝဋ်ဆင်းရဲများ ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် ကျင့်ဆောင်တော်မူကြတယ်။

၄။ သာမိစိပ္ပဋိပန္နော = လူအပေါင်းတို့ ရိုသေလေးစားထိုက်အောင် ကျင့်ဆောင်တော်မူကြတယ်။

ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော = အရိယာပုဂ္ဂိုလ်လေးစုံ (၀ါ) ရှစ်ယောက်ဖြစ်တဲ့ မြတ်စွာဘုရားရဲ့ တပည့်သားစစ် မြင့်မြတ်တဲ့ပုဂ္ဂိုလ်တို့ဟာ

၅။ အာဟုနေယျော = အဝေးမှ ယူဆောင်လာတဲ့ ပစ္စည်းများဖြင့် ပူဇော်တာကို ခံယူထိုက်ပေတယ်။

၆။ ပါဟုနေယျော = ဧည့်သည်တို့အတွက် စီမံထားတဲ့ ပစ္စည်းများဖြင့်ပူဇော်တာကိုလည်း ခံယူထိုက်ပေတယ်။

၇။ ဒက္ခိဏေယျော = တမလွန်ဘဝအတွက် ရည်မှန်းပြီး လှူဒါန်းပူဇော်ခြင်းကိုလည်း ရည်ရွယ်သမျှအကျိုးကို ရစေနိုင်တဲ့အတွက် ခံယူထိုက်ပေတယ်။

၈။ အဉ္ဇလိကရဏီယော = ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းငှာ ထိုက်တော်မူပါပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



၉။ အနုတ္တရံ ပုညက္ခေတ္တံလောကဿ = နတ်လူအများ ကောင်းမှုပွားဖို့ ကုသိုလ်မျိုးစေ့ကြဲချစိုက်ပျိုးဖို့ရာ အကောင်းဆုံးလယ်ယာမြေ ဖြစ်တော်မူပါပေတယ်။

ဂုဏ်တော်တစ်ပါးစီရဲ့အဓိပ္ပာယ်ပေါ်လွင်လာအောင် နှလုံးသွင်းပြီးတော့ သံဃာဂုဏ်တော်ကိုးပါး ပါဠိတော်ကို ရိုရိုသေသေဖြင့် ရှိခိုးပူဇော်ပါလေ။

## အခြားသာသနာမှာ မရှိ

အထက်ပါဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတဲ့ သံဃာတော်ကို အခြားသာသနာမှာ မရှာလေနဲ့။ မြတ်စွာဘုရားက နောက်ဆုံးကျွတ်တမ်းဝင်ခွင့်ရတဲ့ သုဘဒ္ဒပရိဗိုဇ်ကို အောက်ပါအတိုင်း ရှင်းရှင်းမိန့်ဆိုတော်မူခဲ့တယ်။

'သုဘဒ္ဒ ...အကြင်သာသနာမှာ အင်္ဂါရှစ်ပါးရှိတဲ့ အရိယမဂ်ကျင့်စဉ် မရှိဘူးဆိုရင် အဲဒီသာသနာမှာ သောတာပန်လဲ မရှိနိုင်ဘူး၊ ဒုတိယအဆင့် သကဒါဂါမ်လဲ မရှိနိုင်ဘူး၊ တတိယအဆင့် အနာဂါမ်လဲ မရှိနိုင်ဘူး၊ စတုတ္ထအဆင့် ရဟန္တာလဲ မရှိနိုင်ဘူး။

'သုဘဒ္ဒ ...ငါဘုရားရဲ့ သာသနာမှာ အင်္ဂါရှစ်ပါးနဲ့ ပြည့်စုံတဲ့အရိယမဂ်ကျင့်စဉ်ရှိတယ်၊ ဒါကြောင့် ငါဘုရားရဲ့ သာသနာမှာ သောတာပန်လဲ ရှိတယ်၊ ဒုတိယအဆင့် သကဒါဂါမ်လဲ ရှိတယ်၊ တတိယအဆင့် အနာဂါမ်လဲ ရှိတယ်၊ စတုတ္ထအဆင့် ရဟန္တာလဲ ရှိတယ်။

'ငါဘုရားရဲ့သာသနာမှတစ်ပါး အခြားအယူဝါဒ (သာသနာ) တို့မှာ တရားကိုသိမြင်ကြတဲ့ရဟန်းမြတ် (တစ်ကျိပ်နှစ်ယောက်) တို့ မရှိကြဘူး၊ သုဘဒ္ဒ ...ဒီရဟန်းမြတ် (တစ်ကျိပ်နှစ်ယောက်)

www.burmeseclassic.com

www.burmeseclassic.com



တို့က မှန်ကန်စွာ အဆင့်ဆင့်ဟောပြောပြီး နေထိုင်ကျင့်ကြံကြမယ် ဆိုရင် ဒီလောကမှာ ရဟန္တာတို့ မဆိတ်သုဉ်းဘူး'

ရဟန်းမြတ် တစ်ကျိပ်နှစ်ယောက်ဆိုတာ မဂ်ပုဂ္ဂိုလ် လေးယောက်၊ ဖိုလ်ပုဂ္ဂိုလ် လေးယောက်နဲ့ မဂ်လေးပါးကို ရဖို့ ဝိပဿနာအားထုတ်ဆဲ ပုဂ္ဂိုလ်လေးယောက်တို့ ဖြစ်ကြတယ်။

မြတ်ဗုဒ္ဓသာသနာမှာသာ မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားရှိတယ်။ ဒီကျင့်စဉ်တရားကသာ စိတ်အစဉ်မှ လောဘ, ဒေါသ စတဲ့ ကိလေသာ အညစ်အကြေးတို့ကို ဆေးကြောသုတ်သင်ပြီး သစ္စာလေးပါး မြတ်တရားကို သိမြင်စေနိုင်တယ်။

သစ္စာလေးပါးမြတ်တရားကို ထိုးထွင်းသိမြင်ကြပြီးတဲ့ အရိယာပုဂ္ဂိုလ်တို့ကသာ ငါးပါးသီလမြဲပြီး မကောင်းမှုဒုစရိုက်တို့ကို မပြုလုပ်ကြတော့လို့ အပါယ်တံခါးကို ပိတ်ထားနိုင်ကြတယ်။ နိဗ္ဗာန်ချမ်းသာကိုလည်း အလိုရှိတိုင်းမျက်မှောက်ပြုနိုင်ကြတယ်၊ မြင့်မြတ်တဲ့ပုဂ္ဂိုလ်အင်္ဂါနဲ့ ညီညွတ်ကြတယ်။

ရဟန္တာအရှင်မြတ်များကတော့ ကိလေသာအလုံးစုံကို မဂ်လေးတန်နဲ့ အလျဉ်းပယ်သတ်ပြီးဖြစ်ကြလို့ အမြင့်မြတ်ဆုံးပုဂ္ဂိုလ်များ စာရင်းထဲမှာ ပါဝင်သွားကြပြီ။ ဒီအရှင်မြတ်တွေမှာ လိုချင်တပ်မက်မှုလောဘ အလျဉ်းမရှိတော့ဘူး။ ဘာပစ္စည်းကိုမှ ငါ့ဟာအဖြစ် မသိမ်းပိုက်ဘူး။ ဒေါသကင်းတဲ့အတွက် စိတ်ညစ်ခြင်း၊ စိတ်ဆင်းရဲခြင်းတို့လည်း အလျဉ်းမရှိတော့ဘူး။ ဘယ်သူ့ကိုမှ ထိခိုက်နစ်နာအောင် မလုပ်တော့ဘူး။ မိမိကောင်းစားဖို့ လုပ်စရာလည်း မလိုတော့ဘူး။ သူများကောင်းစားဖို့နဲ့ သာသနာ အကျိုး သယ်ပိုးဆောင်ရွက်ဖို့သာ ရှိတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုစင်ကြယ်မြင့်မြတ်တဲ့ ပုဂ္ဂိုလ်များ စုပေါင်းပါဝင်ကြတဲ့ သံဃာတော်ကို စိတ်ထဲက ကြည်ညိုစိတ်ဖြစ်ရုံနဲ့ ကြီးကျယ်တဲ့ ကုသိုလ်အကျိုး ရနိုင်တယ်။ ရှိခိုးပူဇော်ရင်၊ လှူဒါန်းထောက်ပံ့ ရင် မြေသြဇာအကောင်းဆုံးလယ်ယာမြေမှာ မျိုးစေ့ကောင်းများ ကို စိုက်ပျိုးရသလို အလွန်ကြီးကျယ်ဖွံ့ဖြိုးတဲ့ အကျိုးကျေးဇူးများ ကို ရနိုင်တယ်။

ဒုဿီလရဟန်းဖြစ်ပါစေ၊ သံဃာတော်အမှတ်နဲ့ ကြည်ညို နိုင်ရင် သဲပုံစေတီကို မြတ်စွာဘုရားအမှတ်နဲ့ ရှိခိုးပူဇော်ရသလို အကျိုးကျေးဇူးကြီးမားတယ်ဆိုတာ မမေ့ပါနဲ့။

## ဆရာနှင့် ဒါယကာညီညွတ်ဖို့

ရဟန်းတော်များဟာ လူဒါယကာများရဲ့ ပစ္စည်းလေးပါး အထောက်အပံ့ကို လိုအပ်တယ်။ ပစ္စည်းလေးပါး အထောက် အပံ့နဲ့ ကင်းပြီး မရပ်တည်နိုင်ကြဘူး။

ဒါယကာများကလည်း ရဟန်းတော်များရှိလို့ ပစ္စည်းလေး ပါး လှူဒါန်းခွင့်ရပြီး အကောင်းဆုံးလယ်ယာမြေမှာ ကုသိုလ် မျိုးစေ့စိုက်ပျိုးခွင့်ရကြတယ်။ သီလဆောက်တည်ခွင့်၊ တရား နာကြားခွင့်၊ တရားကျင့်ကြံခွင့်တွေ ရကြလို့ အဖိုးမဖြတ်နိုင်တဲ့ ကုသိုလ်တွေကို ရရှိကြတယ်။ သံဃာတော်သာမရှိလျှင် ဘုရား တရားကို မေ့ပြီး မိစ္ဆာဒိဋ္ဌိတွေ ဖြစ်ကုန်ကြလိမ့်မယ်။

ဒါကြောင့် သံဃာနဲ့ ဒါယကာတို့ဟာ 'ကိုင်းကျွန်းမှီ ကျွန်း ကိုင်းမှီ' ဆိုသလို အပြန်အလှန်မှီခိုနေကြရတယ်။ ဒါကိုရည်ရွယ် ပြီး မြတ်စွာဘုရားက ဒီလိုမိန့်ကြားတော်မူခဲ့တယ်။

'ရဟန်းတို့…ဒါယကာဒါယိကာမတွေဟာ သင်တို့အတွက်

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးများလှပါတယ်၊ သူတို့က သင်တို့ကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတွေနဲ့ ပြုစုလုပ်ကျွေးနေကြတာပဲ။

'သင်တို့ကလဲပဲ ဒါယကာ ဒါယိကာမတွေအတွက် ကျေးဇူးများလှပါတယ်၊ သင်တို့ဟာ ဒါယကာ ဒါယိကာမတွေကို တရားဓမ္မလဲ ဟောပြောကြတယ်၊ စင်ကြယ်မြင့်မြတ်တဲ့ အကျင့်ကိုလဲ ထင်ထင်ရှားရှား ပြကြပါတယ်၊

'ရဟန်းတို့ ... ဒီလိုပဲ တစ်ဦးကိုတစ်ဦး အမှီပြုပြီး သြဃ လေးဖြာ သံသရာက လွတ်မြောက်ဖို့၊ ဝဋ်ဆင်းရဲအဆုံးကိုပြုဖို့ ဒီ မြင့်မြတ်တဲ့ အကျင့်ကို ကောင်းစွာကျင့်သုံးသင့်တယ်'

(ဣတိ-ပါ ၂၆၉၊ ၄-၃၂၂)

အမှန်က လူဒါယကာတို့က လှူဒါန်းပေးကမ်းလိုက်တာနဲ့ အဆများစွာကြီးမားတဲ့ အကျိုးကျေးဇူးကို သံဃာကို အကြောင်းပြုပြီး ရရှိကြပါတယ်၊ ဒါယကာဘက်က မလှူခင်ကလည်း ဝမ်းမြောက် ဝမ်းသာဖြစ်နေမယ်၊ လှူနေစဉ်အခိုက်မှာလည်း စိတ်ကြည်လင်နေမယ်၊ ပေးလှူပြီးတော့လည်း နှစ်သက်ကျေနပ်နေမယ် ဆိုတဲ့ အင်္ဂါသုံးရပ်ရှိတယ်။

အလှူခံပုဂ္ဂိုလ်ဘက်ကလည်း ရာဂကင်းတဲ့ ပုဂ္ဂိုလ်၊ ဒါမှမဟုတ် ရာဂကင်းအောင် အားထုတ်နေတဲ့ပုဂ္ဂိုလ်ဖြစ်မယ်၊ အမျက်ဒေါသကင်းတဲ့ပုဂ္ဂိုလ်၊ ဒါမှမဟုတ် ဒေါသကင်းအောင် အားထုတ်နေတဲ့ပုဂ္ဂိုလ်ဖြစ်မယ်၊ တွေဝေခြင်း မောဟကင်းတဲ့ပုဂ္ဂိုလ်၊ ဒါမှမဟုတ် မောဟကင်းအောင် အားထုတ်နေတဲ့ပုဂ္ဂိုလ်ဖြစ်မယ် ဆိုတဲ့ အင်္ဂါသုံးရပ်ရှိတယ်။

အလှူရှင်က အင်္ဂါသုံးရပ်၊ အလှူခံဘက်က အင်္ဂါသုံးရပ်၊

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းအင်္ဂါခြောက်ရပ်နဲ့ ညီညွတ်တဲ့ အလှူဒါနဟာ သင်္ချာဂဏန်းနဲ့ ပြလို့မရလောက်အောင် အကျိုးကျေးဇူးကြီးမားတယ်လို့ **ဒါနသုတ်** မှာ မြတ်စွာဘုရား ဟောကြားတော်မူပါတယ်။

ဒါကြောင့် ဒါယကာများကလည်း စိတ်ကြည်ကြည်ဖြူဖြူထားတတ်ပြီး ရဟန်းသံဃာဘက်ကလည်း ဘုရားအဆုံးအမနဲ့အညီ ကျင့်ကြံကြိုးကုတ်ကြမယ်ဆိုရင် လူပုဂ္ဂိုလ်များအတွက် သံဃာရတနာဟာ တန်ဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလှပေတယ်။

## လက်ငင်းအကျိုးတရား

သံဃာတော်ကို ကြည်ညိုတာဟာ ရတနာသုံးပါးကိုကြည်ညိုတာပဲ။ သံဃာတော်ကို လှူဒါန်းထောက်ပံ့တာဟာ သာသနာတော်ကို လှူဒါန်းထောက်ပံ့တာပဲ။ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်ရတဲ့အလုပ်ထက် ပိုမြင့်မြတ်တဲ့အလုပ် ဆိုတာ မရှိဘူး။

သာသနာတော်ကို ကြည်ညိုပြီး သာသနာတော်ကို လှူဒါန်းထောက်ပံ့တဲ့သူတွေဟာ ဒီဘဝတွင်ပဲ ကြီးပွားချမ်းသာကြတာပဲ။ မြတ်စွာဘုရားက လွန်ခဲ့တဲ့ ၉၁ ကမ္ဘာကိုပြန်ဆင်ခြင်ကြည့်တော့ သံဃာကို ဆွမ်းလောင်းလို့ ဆင်းရဲသွားတဲ့လူ တစ်ယောက်မှ မမြင်ဘူးတဲ့။ ပြီးတော့ ချမ်းသာကြွယ်ဝနေတဲ့လူတွေ ဒါနရဲ့အကျိုးကြောင့် ချမ်းသာနေကြတာကိုလည်း မြင်သိတော်မူတယ်။

ပခုက္ကူမြို့က ကျောင်းအမကြီး **ဒေါ်လှကြွယ်**၊ ဆန်ကုန်သည်လုပ်တယ်၊ ငွေပိုငွေလျှံ များများမရှိဘူး၊ ရှိတဲ့လက်ဝတ်လက်စား

www.burmeseclassic.com

www.burmeseclassic.com



ကိုထုခွဲပြီး သံဃာအတွက် ခြောက်ခန်းတိုက်ကြီးတစ်လုံး စတည်တယ်။ နောက်ထပ်တိုက်ကျောင်းက ခုနစ်လုံး၊ သစ်သားကျောင်းက လေးကျောင်း၊ တံခါး ၁၅၈ ပေါက်ရှိတဲ့ လေးထပ်ကျောင်းမကြီးက တစ်ဆောင်၊ အားလုံး ၁၂ နှစ် တည်ဆောက်ရတယ်။ ရောင်းရင်း ဝယ်ရင်းနဲ့ လုပ်ငန်းအဆင်ပြေပြီး အလှူကြီး ပြီးမြောက်သွားတယ်။

မစိုးရိမ်ကျောင်း ဒကာကြီး **ဦးသက်ရှည်**၊ မြစ်ငယ်မြို့နယ် ဥယျာဉ်ရွာက အလွန်ဆင်းရဲတဲ့ ဆင်းရဲသား။ 'မြို့ပြင်ကြီး ဆရာတော်' ဆိုတဲ့ အမှိကောင်းကို ရလို့ သာသနာ့စိတ် ရှိလာသူ၊ မြစ်ငယ်မှ မန္တလေးသို့ နေ့စဉ် ဟင်းသီးဟင်းရွက်များကို ထမ်းရောင်းရတယ်။ လုပ်အားခက တစ်နေ့ ငါးပြား ခြောက်ပြားသာ ရတယ်။

သား မောင်ကျော် ကြီးပြင်းလာတော့ သားအဖနှစ်ယောက် ဟင်းသီးဟင်းရွက် ထမ်းရောင်းကြတယ်။ တစ်နေကုန်မှ တစ်ပြားတန် မုန့်ပြားကြီးတစ်ခု ဝယ်ပြီး သားအဖနှစ်ယောက် ဝေစားကြတယ်။ လမ်းဘေးရေအိုးစင်က ရေနဲ့ ဝမ်းဗိုက်ကို ဖြည့်ကြရတယ်။

နောက် ကုန်စိမ်းပွဲရုံတစ်ခုမှာ သားအဖနှစ်ယောက် အထမ်းအပိုး အလုပ်ရတယ်၊ သာသနာစိတ်ရှိတော့ ရိုးသားတယ်၊ ကြိုးစားတယ်၊ ပွဲရုံကိစ္စမှန်သမျှကို အခိုင်းမစောင့်ဘဲ လုပ်ကိုင်ပေးတယ်။ ဒီစိတ်ထားကြောင့် ပွဲရုံပိုင်ရှင်က ပွဲရုံခွဲတစ်ခု ထူထောင်ပေးလိုက်တယ်။

'ငါ့သား ... တို့ဟာ အတိတ်ဘဝတွေတုန်းက မလှူဒါန်းခဲ့လို့ အခု ဆင်းရဲနေရတာပဲ၊ မရှိလို့ မလှူ၊ မလှူလို့ မရှိနဲ့ ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



သံသရာမရှည်ရအောင် တို့ကျောင်းဆောက်လှူရမယ်၊ တို့လုပ်ရသမျှ သာသနာကို လှူကြမယ်နော်'

အဲသလို သာသနာအတွက် ရည်မှန်းပြီး ရတနာသုံးပါးရဲ့ဂုဏ်ကို မပြတ်နှလုံးသွင်းကာ လုပ်ကိုင်ကြတဲ့အတွက် ဦးသက်ရှည်တို့ ပွဲရုံဟာ ကြီးပွားလာတယ်။ ကျောင်းတစ်ဆောင် လှူနိုင်တဲ့အခါ မြစ်ငယ်က ကျေးဇူးရှင်ဆရာငယ်အား ကျောင်းဆောက်လှူဖို့ လျှောက်ထားတယ်။

'တို့ကျေးရွာမှာ မင်းကျောင်းလှူလို့ သာသနာအတွက် အကျိုးမများဘူး၊ သံဃာတစ်ထောင်ကျော်ရှိတဲ့ မန္တလေး တောင်ပြင်ဘုန်းကြီးတိုက်မှာ ဆောက်လှူပါ'

ငယ်ဆရာက ညွှန်ကြားတဲ့အတိုင်း ဘုရားကြီးတိုက်မှာ သစ်သား ကျောင်းတစ်ဆောင် ဆောက်လှူတယ်။ မကြာခင် အဲဒီကျောင်း မီးလောင်သွားတော့ အဆပေါင်းများစွာ ပိုကြီးတဲ့ အလယ်တိုက်ကျောင်းမကြီးတစ်ဆောင်ကို ဆောက်လှူတယ်။ ရောင်းရင်း ဝယ်ရင်း ဖြစ်ထွန်းလာတဲ့ ငွေနဲ့ ဆောက်သွားတာ ပြီးစီးသွားတယ်။

ဒါနဲ့ အားမရသေးဘူး၊ လေးကေရှိတဲ့ မစိုးရိမ်ဥယျာဉ်ခြံမြေကို ဝယ်ယူပြီးတော့ မစိုးရိမ်စာသင်တိုက်ကြီးကို ၁၂၆၉ ခုနှစ်က စပြီး တစ်စချင်း တည်ဆောက်တယ်။ အရောင်းအဝယ်က တိုးတက်လာပြီး ရောင်းရင်းဝယ်ရင်းနဲ့ တည်ဆောက်သွားတာ ၁၄၆ ပေ x ၁၄၂ ပေရှိတဲ့ နှစ်ထပ်အလယ်တိုက်ကြီးက ၁၂၇၁ ခုနှစ်မှာ ပြီးတယ်။

ပြီးတော့ အလယ်တိုက်ကြီးကို ဝန်းရံပြီး နှစ်ထပ်တိုက်ကြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုးလုံး၊ တစ်ထပ်တိုက် ခြောက်လုံး၊ ကျောင်းပရိဘောဂအပြည့် အစုံနဲ့ ပိဋကတ်ကျမ်းစာကို လိုလေသေးမရှိအောင် လှူဒါန်းတယ်။

သံဃာ ၅၀၀ ခန့် ပရိယတ်စာပေ ဆည်းပူးလေ့လာနေကြတဲ့ 'မစိုးရိမ်စာသင်တိုက်ကြီး' ကို ပြည်တွင်းပြည်ပက ဧည့်သည်တွေ လှည့်လည်ကြည့်ရှုကြတဲ့အခါ 'ဒီကျောင်းတိုက်ကြီးတစ်ခုလုံးကို ဒကာတစ်ဦးတည်းက ဆောက်လှူထားတာ' လို့ ကြားရတော့ အံ့အားသင့်လို့မဆုံး ဖြစ်ကြရတယ်။

သဒ္ဓါထက်သန်တဲ့ပုဂ္ဂိုလ်တို့ရဲ့ ဘဏ္ဍာငွေဟာ နတ်ရေကန် လိုပဲ ခပ်ယူသုံးစွဲလို့မကုန်ဘူး။ ခပ်ယူပြီးရင် ပြန်ပြည့်လာတာပဲ။

'ရေနေတစ်တောင်ရှိတဲ့ ရေတွင်းက ရေကို ခပ်ယူသုံးစွဲရင် မကြာမီ တစ်တောင်ပြည့်အောင် ရေပြန်ထွက်လာမြဲဖြစ်တယ်။ ရေကုန်မှာစိုးပြီး မခပ်ယူ မသုံးစွဲဘူးဆိုရင်လဲ ရေတစ်တောင်ပဲ ရှိနေမှာပဲ' လို့ ကြောင်ပန်းဆရာတော်မိန့်တော်မူပါတယ်။

## တမလွန်ဘဝ အကျိုးကျေးဇူး

သာသနာတော်ကို ကြည်ညိုပြီး သံဃာတော်ကို ထောက်ပံ့ လှူဒါန်းရတဲ့ကုသိုလ်ကောင်းမှုတွေဟာ ဘဝပေါင်းများစွာ ဆက်လက်ပြီး ကောင်းကျိုးချမ်းသာ ပေးသွားမှာဖြစ်တယ်။

သာသနာတော်ကို ထောက်ပံ့ရတဲ့ အလှူဒါနဟာ စားသုံးလို့ မကုန်နိုင်တဲ့ သံသရာရိက္ခာထုပ်ကြီးနဲ့ တူပါတယ်။ နတ်ပြည် တက်ဖို့ စောင်းတန်းလှေကားနဲ့လည်း တူတယ်။ မဂ်ဖိုလ်နိဗ္ဗာန် တို့ကို မျက်မှောက်ပြုဖို့အကြောင်းအထောက်အပံ့လည်း ဖြစ်ပါ တယ်။

www.burmeseclassic.com

www.burmeseclassic.com



သေလွန်သွားကြတဲ့ ဆွေမျိုးများအတွက် သံဃာတော်ကိုလှူဒါန်းပြီး အမျှပေးဝေရင် ဘဝပေါင်းများစွာက ဆွေမျိုးပြိတ္တာတွေ အကျိုးခံစားနိုင်ပါတယ်။ သေသွားတဲ့သူက နေအိမ်နဲ့ ဥစ္စာ စည်းစိမ်တွေကို စွဲလမ်းနေရင် မိမိအိမ်ရွာမြို့ အနီးအပါးမှာအစိမ်း တစ္ဆေ သရဲစတဲ့ ပြိတ္တာမျိုး ဖြစ်နေတတ်တယ်။ ဒါနကောင်းမှုတွေကိုလည်း မပြုခဲ့ရင်တော့ စားရမဲ့ သောက်ရမဲ့ အလွန်ဆင်းရဲတဲ့ ပြိတ္တာဘဝကို ရောက်ရတတ်တယ်။

ဒီပုဂ္ဂိုလ်တွေကို ရည်စူးပြီး သံဃာကို ဆွမ်း, သင်္ကန်း စသည် လှူဒါန်းပြီးတော့ 'ဒီအလှူဟာ သွားလေသူ (နာမည်ခေါ်) အတွက် ဖြစ်ပါစေသတည်း။ သွားလေသူ (နာမည်ခေါ်) သည် ဤအလှူရဲ့ ကုသိုလ်အဖို့ကို ရရှိပြီး ချမ်းသာပါစေသတည်း။ ဤကုသိုလ်အဖို့ကို အမျှပေးဝေပါ၏။ ဝမ်းမြောက်စွာ သာဓုခေါ်ပါလော့ အမျှ ... အမျှ ... အမျှ'

အမျှဝေတာကို ထိုပြိတ္တာများ တွေ့မြင်ကြားသိပြီး သာဓုခေါ်ရင် အဝတ်အစားနဲ့ စားစရာတွေကို နတ်များလို ရရှိကြပါတယ်။

**လယ်တီဆရာတော်ဘုရား** အင်ကြင်းမြိုင်တောရမှာ သီတင်းသုံးနေခိုက်မှာ ဦးထွန်းလှိုင်လျှောက်ထားတယ်။ သူကိုးကွယ်ခဲ့တဲ့ ဘုန်းတော်ကြီး ပျံလွန်သွားပြီးတော့ ပြိတ္တာဖြစ်နေလို့ 'ငါ မစားရ၊ မဝတ်ရဘူး၊ ကုသိုလ်လုပ်ပြီး အမျှဝေပါ' ဆိုပြီး ခဏခဏ အိပ်မက်ပေးတယ်တဲ့။

လယ်တီဆရာတော်က 'မောင်ထွန်းလှိုင်၊ တို့များ သီလက ဒါလောက်တော့ ကယ်နိုင်ပါတယ်' လို့ မိန့်တယ်။

ဦးထွန်းလှိုင်က ဆရာတော်အား သင်္ကန်းလှူပြီး အမျှပေးဝေ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ မကြာမီ ဘုန်းကြီးပြိတ္တာက နတ်ဝတ်တန်ဆာနဲ့ ဦးထွန်းလှိုင်အား အိပ်မက်ထဲမှာ ကျေးဇူးတင်စကား ပြောကြားတယ်။

၁၉၉၀ ခုနှစ်က ပျဉ်းမနားမြို့မှာ ကွျန်တော် အဘိဓမ္မာသင်တန်း ပို့ချနေစဉ်မှာ သတင်းတစ်ခု ကြားသိရတယ်။ မြို့ပေါ်က ဘာသာခြားတစ်ဦးရဲ့သမီးငယ်တစ်ဦးဟာ သေဆုံးသွားပြီးတော့ 'ပါပါ ... ဆာတယ်၊ စားစရာပေးပါ၊ သောက်စရာပေးပါ' လို့ ဖခင်ကို အိပ်မက်ပေးတယ်။ ဖခင်က စားစရာ သောက်စရာတွေ ထည့်ပေးပြီး 'သမီးစားပါ' လို့ ပြောတယ်။ သမီးက သူစားလို့ မရဘူးလို့ ပြောတယ်။

အဲဒီတော့ ဖခင်က ဗုဒ္ဓဘာသာမိတ်ဆွေတစ်ဦးနဲ့ တိုင်ပင်ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဆွမ်းလှူပြီး သမီးအား အမျှပေးဝေတယ်။ သမီးက သူစားသောက်ရပြီဆိုတဲ့ အကြောင်းကို အိပ်မက်ပေးပြန်တယ်။

၁၉၉၀ ခုနှစ် ဖေဖော်ဝါရီလမှာ မော်လမြိုင်မြို့မှာ ကြေကွဲစရာ ယာဉ်တိုက်မှုတစ်ခု ဖြစ်ခဲ့တယ်။ အသက် ၇၀ လောက် အဘိုးက မြေးငယ်ကလေးကို စက်ဘီးပေါ်မှာ တင်ပြီး မဂ္ဂင်လမ်း အတိုင်း ဖြည်းဖြည်းစီးနင်းသွားတယ်။ လူငယ်နှစ်ဦးက ဟွန်ဒါ မော်တော်ဆိုင်ကယ် တစ်စီးစီးနဲ့ ယှဉ်ပြီး ပြိုင်မောင်းလာကြတယ်။ တစ်စီးက အဘိုးအိုရဲ့စက်ဘီးကို အရှိန်ပြင်းပြင်းနဲ့ ဝင်တိုက် လိုက်လို့ ကလေးလွင့်စဉ်သွားတယ်။

အဘိုးက 'ဟဲ့ ... ကလေး ... ကလေး' လို့ အော်ရင်း ဒဏ်ရာနဲ့ ဆုံးသွားရှာတယ်။ ကလေးလည်း ဆုံးသွားပါတယ်။ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



နောက် အိမ်မှာ 'ဟဲ့ ကလေး…ကလေး' ဆိုတဲ့အော်သံကို မကြာမကြာ ကြားကြရတယ်။

တောင်တန်းသာသနာပြုဆရာတော် **ဦးဥတ္တမသာရ** မော်လမြိုင်ကို ကြွလာတော့ ဆရာတော်ကို လာပင့်လို့ အဲဒီအိမ်ကို ဆရာတော်ကြွသွားတယ်။ ဆရာတော်အား သင်္ကန်းလှူပြီး အမှျပေးဝေတယ်။ ဆရာတော်က မေတ္တာလည်း ပို့ပေးတယ်။ အဲဒီနောက်မှာ 'ဟဲ့…ကလေး…ကလေး' အော်သံကို မကြားကြရတော့ဘူး။

'မြန်မာလူမျိုးတွေ သာသနာတော်နဲ့ ဆုံစည်းရတာ အင်မတန်ကံကောင်းကြတယ်၊ မြတ်စွာဘုရားသာသနာမှာ မိုးရွာအောင်လဲ လုပ်လို့ရတယ်၊ မိုးစဲအောင်လဲ လုပ်လို့ရတယ်၊ လေမုန်တိုင်းဖယ်ရှားသွားအောင်လဲ လုပ်လို့ရတယ်၊ မီးမလောင်အောင်လဲ တားလို့ရတယ်၊ ပရိတ်ရေကို ယုံယုံကြည်ကြည်နဲ့ အသုံးပြုကြ၊ ဘေးကင်းတယ်။ ၉၆ ပါးသော ရောဂါတွေ ပျောက်တယ်၊ ကင်ဆာ ရောဂါလဲ ပျောက်တယ်။ ဘုန်းကြီးတို့ မေတ္တာပို့ပေးနေပါတယ်။ ဒကာ ဒကာမကြီးတို့ ကြီးကြီးကျယ်ကျယ် ဘာဘေးအန္တရာယ်မှ မရှိစေရဘူး'

ဆရာတော်ဘုရားတို့ရဲ့ သီလဂုဏ် ပညာဂုဏ်တို့ဟာ အလွန်အားကိုးလောက်ပေတယ်။

သာသနာတော်ကို သံဃာတော်က စောင့်ရှောက်ထိန်းသိမ်းထားပါတယ်။ သံဃာအဖွဲ့အစည်း တည်မြဲနေသရွေ့ သာသနာတော်တည်တံ့နေပြီး သတ္တဝါများ ချမ်းသာကြရမှာဖြစ်ပါတယ်။

သံဃာရတနာကို ဦးထိပ်ပန်ဆင်ကြ…။

www.burmeseclassic.com

www.burmeseclassic.com



သံဃာဂုဏ်တော်ကို အမြဲနှလုံးသွင်းကြ...။

သံဃာတော်ရဲ့ကျေးဇူးဖြင့် မြတ့်မြတ်တဲ့ဘဝကို ထူထောင်ကြ...။

## ဆရာ-ဒကာ ဆက်ဆံရေး

သံဃာတော်နဲ့ ဒါယကာ, ဒါယိကာမများတို့ဟာ ကိုင်းကျွန်းမှီ, ကျွန်းကိုင်းမှီဖြစ်နေကြတဲ့အတွက် အမြဲတစေ ဆက်ဆံနေကြရမှာဖြစ်ပါတယ်။ ဆက်ဆံတဲ့အခါမှာ တပည့်လိမ္မာရင် ဆရာသက်သာပြီး တပည့်မလိမ္မာရင် ဆရာတော်များ အာပတ်သင့်ခံကြရမှာဖြစ်ပါတယ်။

မြောင်းမြမြို့ တိုက်သစ် ပဋ္ဌောတာရုံ စာသင်တိုက် **အရှင်ကုမာရ**ရေးသားပြီး သာသနာရေးဦးစီးဌာနမှ ပုံနှိပ်ဖြန့်ချိတဲ့ **'ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း'** စာအုပ်ကို မှီငြမ်းပြီး ဆရာ – ဒကာဆက်ဆံရေးအချို့ကို ရေးသားတင်ဆက်ပါမယ်။

ဥပမာ– မောင်လှမျိုးနဲ့ မခင်ဆွေတို့ မင်္ဂလာဆောင်ပြီးကြလို့ **မင်္ဂလာဆွမ်းကျွေးလိုတယ်** ဆိုပါတော့။ ဗုဒ္ဓအလိုတော်ကျ လူတွေကို ကျွေးမွေးဧည့်ခံမှုမပြုမီ သံဃာတော်ကို အလျင် ကျွေးမွေးလှူဒါန်းရမယ်၊ သီလခံယူရမယ်၊ တရားနာယူရမယ်။

အဲဒီတော့ တစ်ရက်နှစ်ရက် ကြိုတင်ပြီး သံဃာတော်ကို ပင့်ဖိတ်ထားရမှာဖြစ်တယ်။ မောင်လှမျိုးက ဖခင်ဦးစိန်မောင်ထံမှာ ဩဝါဒခံယူပါတယ်။

'မင်း ဇေတဝန်ကျောင်းတိုက်သို့ သွားပြီး ဆရာတော် ဦးနန္ဒိယကို ရိုရိုသေသေ ရှိခိုးကန်တော့ပါ၊ ရှိခိုးကန်တော့တဲ့အခါ နဖူးရယ် ဒူးနှစ်ဖက် လက်နှစ်ဖက်ရယ် ကြမ်းပြင်နဲ့ ထိနေရမယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကြမ်းပြင်နဲ့ နဖူးထိနိုင်အောင် လက်နှစ်ဖက်ကို မစုထားနဲ့၊ ချဲ ထားရမယ်၊ ကန်တော့ပြီးရင် ဆောင့်ကြောင့်ထိုင် လက်အုပ်ချီ ပြီး လျှောက်ထားပါ။

'အရှင်ဘုရား ... နက်ဖြန် တန်ဆောင်မုန်းလဆန်း ၁ ရက် နံနက် ၅ နာရီအရောက် တပည့်တော်တို့အိမ်သို့ သံဃာတော် ကိုးပါး ဆွမ်းဘုဉ်းပေးကြွတော်မူပါဘုရား၊ ကျန်တာတော့ဆရာ တော်အမိန့်ရှိတာကို မင်းက အဆင်ပြေအောင် ရေလိုက်ငါးလိုက် လျှောက်ထားပေါ့ကွာ'

မောင်လှမျိုးက ဇေတဝန်ကျောင်းသို့သွားပြီး ဆရာတော်ကို လျှောက်ထားတယ်။

'ဘာကိစ္စအတွက် ဆွမ်းကျွေးတာလဲကွဲ့'

'တပည့်တော်တို့ရဲ့ မင်္ဂလာဆောင်ကိစ္စအတွက် ကျွေးတာပါ ဘုရား'

'ဒါဖြင့်ရင် နံနက် ၅ နာရီသံဃာတော်များ ရောက်လာတဲ့ အခါ သီလယူ၊ တရားနာ၊ လှူဖွယ်ဝတ္ထုများကိုဆက်ကပ်ပြီး ရေ စက်ချနိုင်အောင် အဆင်သင့်လုပ်ထားကွဲ့၊ လှူဖွယ်ဝတ္ထုကပ် လှူတဲ့အခါမှာ သူများကို အကပ်မခိုင်းရဘူး၊ မင်းတို့အလှူရှင် များ ဖြစ်ကြတဲ့ သတို့သားနဲ့ သတို့သမီးတို့ကိုယ်တိုင် ကပ်ကြ ရမယ်၊ ဒါမှလဲ ကိုယ်ထိလက်ရောက် လှူဒါန်းတဲ့ သာဟတ္ထိက ကုသိုလ်ဖြစ်နိုင်မယ်'

'တင်ပါ့ဘုရား'

နောက်နေ့ နံနက်မှာ သံဃာတော်များ ကြွရောက်လာတဲ့ အခါ သံဃာတော်ကိုခြေဆေးပေးပြီး ပုဆိုးတစ်ထည်နဲ့ ခြေသုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးကြတယ်။ အသင့်ပြင်ထားတဲ့ ဆွမ်းဝိုင်းနှစ်ခုမှာ သံဃာများ ထိုင်မိကြတဲ့အခါ ဆရာတော်က ဆွမ်းဝိုင်းကို ကြည့်တယ်။

'မောင်လှမျိုးရေ… လာပါဦး၊ ဒါ နံနံပင်နဲ့ ငရုတ်သီးစိမ်းတွေ မဟုတ်လား'

'ဟုတ်ပါတယ်'

'ဘုန်းကြီးတွေက ဒါကို ဒီအတိုင်းမစားကောင်းဘူးကွဲ့၊ ဘုန်းကြီးတွေဟာ စိုက်လို့ပျိုးလို့ရတဲ့ မျိုးစေ့ကစပြီး မြက်သစ်ပင်တွေကို မခုတ်မဖြတ်ကောင်းဘူး၊ မဖျက်ဆီးကောင်းဘူး၊ ပြန်စိုက်လို့ ပေါက်ရှင်နိုင်တဲ့အပင်ဖြစ်စေ၊ စိုက်ပျိုးလို့ ပေါက်နိုင်တဲ့ အစေ့ပါတဲ့ အသီးဖြစ်စေ၊ ဒါတွေကို ကပ္ပိပြီးမှ စားလို့ရတယ်၊ မင်းကပ္ပိတတ်ရဲ့လား'

'ကပ္ပိပုံကို အမိန့်ရှိပါဘုရား'

'ဘုန်းကြီးက 'ကပ္ပိယံကရောဟိ' လို့ ဆိုမယ်၊ မင်းက 'ကပ္ပိယံဘန္တေ' လို့ ဆိုပြီး အဲဒီနံနံပင်နဲ့ ငရုတ်သီးစိမ်းတို့ကို လက်သည်းနဲ့ ပေါက်အောင် ဆိတ်လိုက်ရမယ်၊ ဒါကပ္ပိတာပဲ'

'မှန်ပါဘုရား'

'ဒါဖြင့် လုပ်စမ်း၊ ကပ္ပိယံကရောဟိ'

'ကပ္ပိယံဘန္တေ ပါဘုရား'

'ကိုင်း… သွား… ဟိုဝိုင်းကိုလဲ လုပ်ပေးလိုက်ဦး'

## ဆွမ်းဝိုင်းကြီးကို ဘယ်လိုဆက်ကပ်ရမလဲ

စားပွဲဝိုင်းကြီးနှင့် ပြင်ထားတဲ့ ဆွမ်းပွဲများကို လူနှစ်ဦး သုံးဦးက စားပွဲကို မ,ပြီး ကပ်လှူရန် ဟန်ပြင်နေကြတာကို မြင်တော့ ဆရာတော် အမိန့်ရှိတယ်။

www.burmeseclassic.com

www.burmeseclassic.com



'မောင်လှမျိုးတို့ ခဏနေကြဦး၊ သံဃာတော်ကို ဆွမ်းဆက်ကပ် လှူဒါန်းတဲ့အခါ လိုက်နာရမယ့် စည်းကမ်းငါးချက်ရှိတယ်၊ ဒီစည်းကမ်းတွေက ...

(၁) ပေးလှူမယ့်လူက လှူဖွယ်ဝတ္ထုကို ရှေးရှုယူလာရမယ်။

(၂) ပေးလှူတဲ့လူက ခံယူရမယ့် ရဟန်းရဲ့ နှစ်တောင့် တစ်ထွာ အတွင်းကို ဝင်ရောက်လာရမယ်။

(၃) ပေးမယ့်ဝတ္ထုကလဲ အားအလတ်စားရှိတဲ့လူ ကိုင်မြှောက်နိုင်တဲ့ ဝတ္ထုဖြစ်စေရမယ်။

(၄) ပေးလှူသူက ကိုယ်နဲ့ဖြစ်စေ၊ ကိုယ်နဲ့ စပ်နေတဲ့ ခွက်စသည်နဲ့ ဖြစ်စေ၊ ပစ်လွှင့်လို့ဖြစ်စေ ဒီသုံးမျိုးထဲက တစ်မျိုးမျိုးနဲ့ ပေးလှူရမယ်။

(၅) ခံယူတဲ့ရဟန်းက ကိုယ်နဲ့ဖြစ်စေ၊ ကိုယ်နဲ့ စပ်နေတဲ့ ဇွန်းစသည်နဲ့ဖြစ်စေ ဒီနှစ်မျိုးထဲက တစ်မျိုးမျိုးနဲ့ ခံယူရမယ်။

'ဒီတော့ မင်းတို့ စဉ်းစားကြည့်ပေါ့၊ မင်းတို့ ပြင်ထားတဲ့ဆွမ်းဝိုင်းကြီးက အားအလတ်စားရှိတဲ့လူ ကိုင်မြှောက်လို့ နိုင်ပါ့မလား'

'မမြှောက်နိုင်ပါဘူးဘုရား၊ နှစ်ယောက်တောင် အတော်မ, ယူရပါတယ်'

'အေး ... ဒီလိုကြီးတဲ့ ဆွမ်းဝိုင်းကို နှစ်ယောက် သုံးယောက်မ,ပြီး မဆက်ကပ်ရဘူး၊ တစ်ခွက်ချင်းပဲ ဆက်ကပ်ကြပါ'

ရဟန်းတော်များက ဆွမ်းဘုဉ်းပေးနေတဲ့အခါ မောင်လှမျိုးက ဟင်းလိုက်ပေးတယ်။ တစ်ကြိမ်မှာ ဇွန်းကို ပြန်အရုပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဟင်းစက်တစ်စက်က ဘေးဟင်းခွက်တစ်ခွက်ပေါ် ကျသွား တယ်။ အဲဒီဟင်းခွက်က အကပ်ပျက်သွားတဲ့အတွက် ဆရာတော် ပြန်အကပ်ခိုင်းပါတယ်။

ဆွမ်းကိစ္စပြီးစီးတဲ့အခါ ဆရာတော်က သီလပေးပြီး သတို့ သား သတို့သမီးတို့ ကျင့်သုံးလိုက်နာဖို့ သိင်္ဂါလောဝါဒသုတ်လာ ကျင့်ဝတ်များနဲ့ ဥဂ္ဂဟသုတ်လာ ကျင့်ဝတ်များကို ခေတ်နဲ့ ဆီ လျော်အောင် ဟောပြောပါတယ်။

## ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားပုံ

မောင်လှမျိုးနဲ့ မခင်ဆွေတို့ဟာ အိမ်ထောင်တစ်ခုကို ထူ ထောင်ကြရမှာဖြစ်လို့ သံဃာတော်ရဲ့ ပစ္စည်းလေးပါးဒါယကာ အဖြစ်ကိုလည်း ခံယူထားသင့်ပါတယ်။ ဒါကြောင့် ဦးစိန်မောင် က သားသမီးများကို ဩဝါဒပေးတယ်။

'သားတို့ သမီးတို့က အိမ်ထောင်ရှင်တွေ ဖြစ်လာကြပြီဖြစ် လို့ ဆရာတော်နှင့်တကွ သံဃာတော်များကို ပစ္စည်းလေးပါး ဖိတ်ကြားထားရမယ်၊ ဖိတ်မထားရင် မင်းတို့လို ဆွေမျိုးမတော် စပ်တဲ့လူများဆီက သံဃာတော်များဟာ ရေကိုတောင်မှ တောင်း သောက်ကောင်းတာ မဟုတ်ဘူး'

'ပစ္စည်းလေးပါးဖိတ်ကြားတယ်ဆိုတာ ဘာကိုပြောတာလဲ၊ ဘယ်လိုဖိတ်ရတာလဲ'

'ဆရာတော်ထံသွားပြီး မင်းတို့နှစ်ဦးလုံးက လက်အုပ်ချီပြီး လျှောက်ထားရမယ်၊ 'တပည့်တော်များကို ပစ္စည်းလေးပါး ဒါ ယကာအဖြစ် အသိအမှတ်ပြုတော်မူပါ၊ ဆရာတော်နဲ့ သံဃာ တော်က အလိုရှိတဲ့ ပစ္စည်းလေးပါးကို အလိုရှိတဲ့အခါ တပည့်

www.burmeseclassic.com



တော်များထံမှာ တောင်းခံတော်မူပါဘုရား၊ ကပ္ပိယဒါယကာ အဖြစ်လဲ အသိအမှတ်ပြုတော်မူပါဘုရား။'

'အဲ... 'ပစ္စည်းလေးပါး ဒါယကာအဖြစ် အသိအမှတ်ပြုတော်မူပါ' ဒီလောက်ပဲ ပြောပြီး 'အလိုရှိတဲ့ပစ္စည်းလေးပါးကို တပည့်တော်တို့ထံမှာ အလှူခံတော်မူပါ' လို့ မလျှောက်ထားရင် အချို့သံဃာက အလှူမခံဘူးကွဲ့၊ သဘောပေါက်ရဲ့လား'

'ပေါက်ပါတယ် ဖေဖေ'

'ပြီးတော့ မင်းတို့ အိမ်ထောင်ဦးမှာ သံဃာများအတွက် ငွေလှူဒါန်းမယ်' လို့ ရည်မှန်းထားတာတွေ ရှိသေးတယ် မဟုတ်လား။ သံဃာတော်လက်ထဲကို ငွေကို မပေးလှူကောင်းဘူး၊ စာအိတ်နဲ့ ထည့်ပြီးတော့လဲ မပေးလှူကောင်းဘူး၊ သပိတ်ထဲကိုလဲ မထည့်ကောင်းဘူး၊ ငွေကိုင်မိရင် သံဃာတော်မှာ အာပတ်သင့်တယ်၊ အာပတ်သင့်တယ်ဆိုတာ မြတ်စွာဘုရားပညတ်ထားတဲ့ စည်းကမ်းသိက္ခာပုဒ်ကို မလိုက်နာတဲ့အတွက် အပြစ်သင့်တာပေါ့။

'အပ်စပ်အောင် လှူတဲ့နည်းကို သိရဲ့လား၊ သံဃာတော်ကို ငွေကျပ် တစ်ထောင်လှူမယ်လို့ ရည်မှန်းထားတယ် ဆိုပါစို့၊ ဆရာတော်ကို ဒီလို လျှောက်ထားရမယ်။

'အရှင်ဘုရား...တပည့်တော် မောင်လှမျိုးနဲ့ မခင်ဆွေတို့ထံမှာ ကျပ်တစ်ထောင်တန် ပစ္စည်းလေးပါးကို သံဃာတော်များအတွက် အလှူခံတော်မူပါ၊ ကပ္ပိယကိုသော်လဲ ညွှန်ပြတော်မူပါ၊ လုံခြုံရာအရပ်ကိုသော်လဲ ညွှန်ပြတော်မူပါ' အဲသလို လျှောက်ထားပေါ့။

www.burmeseclassic.com

www.burmeseclassic.com



'ဒါမှမဟုတ် ငွေကျပ်တစ်ထောင်ကို ကပ္ပိယကို ပေးအပ် လှူဒါန်းထားပြီးတော့ ဆရာတော်ကို ဒီလိုလျှောက်ထားနိုင်ပါတယ်၊ 'အရှင်ဘုရား ... တပည့်တော် မောင်လှမျိုးနဲ့ မခင်ဆွေတို့ဟာ သံဃာတော်နဲ့ အပ်စပ်တဲ့ ကျပ်တစ်ထောင်တန် ပစ္စည်းလေးပါးကို ကပ္ပိယထံမှာ အပ်နှံလှူဒါန်းထားပါတယ်၊ သံဃာတော်က အလိုရှိတဲ့ပစ္စည်းကို အလိုရှိတဲ့အချိန်မှာ ကပ္ပိယထံ အလှူခံတော်မူပါဘုရား'။ လျှောက်ထားပုံ လွဲချော်သွားရင် သံဃာတော် အတွက် မအပ်စပ်တော့ဘူး၊ ဆရာတော်ကလဲ လက်ခံမှာမဟုတ်ဘူး'

'ကောင်းပါပြီ ဖေဖေ၊ ကျွန်တော်တို့ ယနေ့ ကျောင်းသို့သွားပြီး သံဃာတော်ကို ပစ္စည်းလေးပါးနဲ့ ဖိတ်ကြားပြီး ငွေကျပ် တစ်ထောင်ကို လှူဒါန်းပါမယ်'

မောင်လှမျိုးနဲ့ မခင်ဆွေတို့ဟာ တန်ဆောင်မုန်းလဆန်း ၂ ရက်နေ့မှာ ဇေတဝန်ကျောင်းသို့သွားပြီး သံဃာတော်ကို ငွေကျပ် ၁၀၀၀ လှူဒါန်းကြပါတယ်။

## အမြတ်ဆုံးတရား ခြောက်ပါး

မောင်လှမျိုးနဲ့ မခင်ဆွေတို့ကို ကုသိုလ်တိုးပွားအောင် နှလုံးသွင်းတတ်ကြဖို့အတွက် ဆရာတော် တရားလက်ဆောင် ပေးချင်တယ်။

လောကမှာ အမြတ်ဆုံးတရား ခြောက်ပါးရှိတယ်။ ဘာတွေလဲဆိုရင် ...

(၁) အမြတ်ဆုံးအမြင်

(၂) အမြတ်ဆုံးအကြား

www.burmeseclassic.com

www.burmeseclassic.com



(၃) အမြတ်ဆုံး လာဘ်
(၄) အမြတ်ဆုံးသင်ယူမှု
(၅) အမြတ်ဆုံး လုပ်ကျွေးမှု
(၆) အမြတ်ဆုံးအောက်မေ့မှုတို့ဖြစ်ကြပါတယ်။ တရားတစ်ခုစီကို ဆရာတော် ထပ်ရှင်းပြမယ်။

**(၁) အမြတ်ဆုံးအမြင်ဆိုတာဘာလဲ။**

ကိုယ့်အိမ်ရှေ့က ဆင်တွေ မြင်းတွေ လူတွေ ရထားတွေ မော်တော်ကားတွေ ဖြတ်သန်းသွားကြတဲ့အခါ မကြည့်မိကြဘူးလား။ ရုပ်ရှင်တို့ ရုပ်မြင်သံကြားတို့ကို တမင်မကြည့်ဘူးလား၊ အဲသလို ကြည့်လို့ မြင်ရခြင်းမျိုးဟာ ရွာသူရွာသားတို့ရဲ့အမြင်မျိုးသာ ဖြစ်တယ်၊ ပုထုဇဉ်တို့ရဲ့အမြင်မျိုးသာ ဖြစ်တယ်၊ မြတ်တဲ့အမြင်မျိုး အကျိုးစီးပွားနဲ့စပ်တဲ့အမြင်မျိုး မဟုတ်ဘူး၊ ဝဋ်ဆင်းရဲမှာငြီးငွေ့ဖို့ ရန် ရာဂ စသည် ကင်းချုပ်ဖို့လည်း မဖြစ်ဘူး၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း မရနိုင်ဘူး။ နိဗ္ဗာန်ကိုလည်း မျက်မှောက်မပြုနိုင်ဘူး။

အချို့ပုဂ္ဂိုလ်များကတော့ သဒ္ဓါတရားပြည့်ဝကြတယ်၊ ချစ်ခင် လေးစားတတ်ကြတယ်၊ ခိုင်ခိုင်မြဲမြဲယုံကြည်တတ်ကြတယ်၊ လွန်လွန်ကဲကဲ ကြည်ညိုတတ်ကြတယ်။ ဒီပုဂ္ဂိုလ်မျိုးက စေတီ ပုထိုး ဘုရားဆင်းတုတော်တို့ကိုသော်လည်း သွားရောက်ဖူးမြင်တတ်တယ်၊ ဘုရားရှင်ရဲ့ တပည့်သာဝကကိုသော်လည်း သွားရောက် ဖူးမြင်တတ်တယ်။ ဒီပုဂ္ဂိုလ်ရဲ့ ဖူးမြင်ရခြင်းမျိုးဟာ အမြတ်ဆုံးအမြင် ဖြစ်ပေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအမြင်မျိုးကသာ စိတ်စင်ကြယ်ရန်၊ စိုးရိမ်မှုနဲ့ ငိုကြွေးမှုတို့ကို ကျော်လွှန်ရန်၊ ကိုယ်ဆင်းရဲမှုနဲ့ စိတ်ဆင်းရဲမှုတို့ ချုပ်ငြိမ်းရန်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရဖို့ရန်၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရန် ဖြစ်နိုင်ပေတယ်။

## (၂) အမြတ်ဆုံးအကြားဆိုတာ ဘာလဲ။

အချို့သောပုဂ္ဂိုလ်များဟာ သီချင်းသံ ဂီတသံ တူရိယာသံတွေကို နားထောင်တတ်ကြတယ်။ အတင်းအဖျင်းပြောဆိုနေကြတာကိုလည်း သွားရောက်နားထောင်တတ်ကြတယ်။ လွဲမှားတဲ့အယူနဲ့ လွဲမှားတဲ့အကျင့်ကို ကျင့်နေတဲ့ပုဂ္ဂိုလ်ရဲ့တရားစကားကိုလည်း နားထောင်တတ်ကြတယ်။

ဒီလိုကြားနာရခြင်းမျိုးဟာ အောက်တန်းကျတယ်၊ မြတ်တဲ့ကြားနာရခြင်းမျိုး မဟုတ်ဘူး။ ဒီလိုကြားနာရတဲ့အတွက် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း မရနိုင်ဘူး။ နိဗ္ဗာန်ကိုလည်း မျက်မှောက် မပြုနိုင်ဘူး။

အချို့သောပုဂ္ဂိုလ်များကတော့ သဒ္ဓါတရား ပြည့်ဝကြတယ်၊ ချစ်ခင်လေးစားတတ်ကြတယ်၊ ခိုင်ခိုင်မြဲမြဲ ယုံကြည်တတ်ကြတယ်၊ လွန်လွန်ကဲကဲ ကြည်ညိုတတ်ကြတယ်။ ဒီပုဂ္ဂိုလ်မျိုးဟာ ဘုရားရှင်ရဲ့ တရားစကားတော်ကို သွားရောက်ကြားနာတတ်တယ်၊ သံဃာတော်ရဲ့ တရားစကားကို သွားရောက်ကြားနာတတ်တယ်။ ဒီပုဂ္ဂိုလ်ရဲ့ ကြားနာရခြင်းမျိုးက အမြတ်ဆုံးအကြား ဖြစ်ပေတယ်။

ဒီလိုကြားနာရခြင်းမျိုးကသာ စိတ်ကိုစင်ကြယ်စေနိုင်တယ်၊ စိုးရိမ်, ငိုကြွေးခြင်းတို့ကို ကျော်လွှန်နိုင်တယ်၊ ကိုယ်ဆင်းရဲ, စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲခြင်းတို့ကို ချုပ်ငြိမ်းစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်တယ်။

## (၃) အမြတ်ဆုံးလာဘ်က ဘာလဲ။

အချို့သောပုဂ္ဂိုလ်များဟာ မယားဆိုတဲ့ လာဘ်၊ သား ဆိုတဲ့ လာဘ်၊ ဥစ္စာဆိုတဲ့ လာဘ်တို့ကို ရတတ်ကြတယ်။ သာမန်လာဘ် ကိုလည်း ရတတ်ကြတယ်။ အယူလွဲမှားနေသူတို့အပေါ်မှာ ကြည်ညိုမှုဆိုတဲ့ လာဘ်ကိုလည်း ရတတ်ကြတယ်။

ဒီလာဘ်မျိုးဟာ အင်မတန်အောက်တန်းကျတယ်၊ မြတ်တဲ့ လာဘ်မျိုး မဟုတ်၊ ဒီလာဘ်မျိုးနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလည်း မရနိုင်၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်မပြုနိုင်ဘူး။

အချို့သောပုဂ္ဂိုလ်များကတော့ သဒ္ဓါတရား အပြည့်အဝ ချစ်ခင် လေးစားမှု အပြည့်အဝနဲ့ ဘုရားရှင်အပေါ်မှာပဲဖြစ်ဖြစ်၊ ဘုရားရှင်ရဲ့ တပည့်သာဝကအပေါ်မှာပဲဖြစ်ဖြစ် ယုံကြည်မှုသဒ္ဓါတရား ဆိုတဲ့ လာဘ်ကို ရတတ်ကြတယ်။ ဒီလိုလာဘ်မျိုးကသာ အမြတ်ဆုံး လာဘ် ဖြစ်ပေတယ်။

ဒီလိုလာဘ်ရခြင်းမျိုးကသာ စိတ်ကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်, ငိုကြွေးခြင်းတို့ကို ကျော်လွှန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ကို ချုပ်ငြိမ်းစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်တယ်။

## (၄) အမြတ်ဆုံးသင်ယူမှုဆိုတာ ဘာလဲ။

အချို့ပုဂ္ဂိုလ်များဟာ လက်သမားအတတ်,ပန်းပဲအတတ်, ပန်းထိမ်အတတ်, ပန်းရံအတတ်, ဂီတအနုပညာအတတ်, ကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဆိုးဆိုး အတတ်အမျိုးမျိုးကို သင်ယူတတ်ကြတယ်။ အယူလွဲမှားတဲ့ ပုဂ္ဂိုလ်တို့ရဲ့အကျင့်ကိုလည်း သင်ယူတတ်ကြတယ်။

ဒီသင်ယူခြင်းမျိုးတွေဟာ အောက်တန်းကျတယ်၊ မမြင့်မြတ်ဘူး။ ဒီသင်ယူမှုမျိုးနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်ဘူး၊ နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်ဘူး။

အချို့သူများကတော့ သဒ္ဓါတရားအပြည့်အဝ ချစ်ခင် လေးစားမှု အပြည့်အဝနဲ့ လွန်ကဲတဲ့သီလ (အဓိသီလ) ကို သင်ယူကြတယ်၊ လွန်ကဲတဲ့သမာဓိ (အဓိစိတ္တ) ကိုလည်း သင်ယူကြတယ်၊ လွန်ကဲတဲ့ပညာ (အဓိပညာ) ကိုလည်း သင်ယူကြတယ်။ ဒီသင်ယူခြင်းမျိုးကသာ အမြတ်ဆုံးသင်ယူမှုဖြစ်ပေတယ်။

ဒီသင်ယူခြင်းမျိုးကသာ စိတ်ကို စင်ကြယ်စေနိုင်တယ်။ စိုးရိမ်, ငိုကြွေးခြင်းကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲမှုတွေကို ချုပ်ငြိမ်းစေနိုင်တယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်တယ်။

**(၅) အမြတ်ဆုံးလုပ်ကျွေးမှုဆိုတာ ဘာလဲ။**

အချို့ပုဂ္ဂိုလ်များဟာ မင်း, ပုဏ္ဏား, သူဌေးသူကြွယ်, သာမန်လူတို့ကို လုပ်ကျွေးတတ်ကြတယ်၊ အယူလွဲမှားနေသူကိုလည်း လုပ်ကျွေးတတ်ကြတယ်၊ ဒီလိုလုပ်ကျွေးခြင်းမျိုးဟာ အောက်တန်းကျတယ်၊ မမွန်မြတ်ဘူး၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ရာလည်း မဖြစ်ဘူး။

အချို့သူများကတော့ သဒ္ဓါတရား အပြည့်အဝ၊ ချစ်ခင် လေးစားမှု အပြည့်အဝနဲ့ ဘုရားရှင်ကို လုပ်ကျွေးတယ်။ ဒါမှမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားရှင်ရဲ့ တပည့်သာဝကများကို လုပ်ကျွေးတယ်။ ဒီလို လုပ်ကျွေးခြင်းမျိုးကသာ အမြတ်ဆုံးလုပ်ကျွေးခြင်းဖြစ်တယ်။

ဒီလိုလုပ်ကျွေးခြင်းမျိုးကသာ စိတ်ကိုစင်ကြယ်စေနိုင်တယ်။ စိုးရိမ်ငိုကြွေးမှုကို ကျော်လွန်စေနိုင်တယ်။ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတို့ကို ချုပ်ငြိမ်းစေနိုင်တယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြုစေနိုင်တယ်။

**(၆) အမြတ်ဆုံးအောက်မေ့မှုဆိုတာ ဘာလဲ။**

ပုဂ္ဂိုလ်တစ်စုံတစ်ယောက်က မယားရမှု, သားသမီးရမှု, ဥစ္စာရမှုတို့ကို အောက်မေ့တတ်တယ်။ ကောင်းဆိုးနှစ်ဖြာ တစ်စုံတစ်ရာ ရမှုကိုလည်း အောက်မေ့တတ်တယ်။ လွဲလွဲမှားမှား ကျင့်နေသူကိုလည်း အောက်မေ့တတ်တယ်။

ဒီလိုအောက်မေ့မှုမျိုးဟာ အောက်တန်းကျတဲ့ အောက်မေ့မှုမျိုး ဖြစ်တယ်၊ မမွန်မြတ်ဘူး။ ဒီလိုအောက်မေ့မှုမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလည်း မရနိုင်၊ နိဗ္ဗာန်ကိုလည်း မျက်မှောက်မပြုနိုင်ဘူး။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကတော့ သဒ္ဓါတရားရှိတယ်၊ ချစ်ခင်လေးစားမှုလည်း ရှိတယ်၊ ခိုင်ခိုင်မြဲမြဲ ယုံကြည်မှုလည်း ရှိတယ်၊ အတိုင်းထက်အလွန် ကြည်ညိုလေးမြတ်မှုလည်း ရှိတယ်။ ဒီပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားကို အဖန်တလဲလဲ အောက်မေ့တတ်တယ်၊ မြတ်စွာဘုရားရဲ့ တပည့်သာဝကများကိုလည်း အဖန်တလဲလဲ အောက်မေ့တတ်တယ်။ ဒီလို အောက်မေ့မှုမျိုးဟာ အမြတ်ဆုံးအောက်မေ့မှုမျိုး ဖြစ်ပေတယ်။

ဒီလိုအောက်မေ့မှုမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲတွေကို ချုပ်ငြိမ်းစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကိုလည်း မျက်မှောက်ပြုနိုင်တယ်။

ကနေ့ မောင်လှမျိုးနဲ့ မခင်ဆွေတို့ဟာ ကျောင်းတော်သို့ လာကြတဲ့အတွက် အမြတ်ဆုံးအမြင်ဆိုတဲ့ သံဃာတော်ကို ဖူးမြင်ကြရတယ်၊ အမြတ်ဆုံးအကြားဆိုတဲ့ သံဃာတော်ထံက တရားစကားကို ကြားနာကြရတယ်၊ အမြတ်ဆုံးလာဘ်ဆိုတဲ့ ရတနာသုံးပါးကိုကြည်ညိုတဲ့သဒ္ဓါတရားလည်း ဖြစ်ပွားကြပြီ၊ အမြတ်ဆုံး သင်ယူမှုဆိုတဲ့ မှန်မြတ်တဲ့အကျင့်သီလစကားကိုလည်း သင်ယူကြရပြီ၊ အမြတ်ဆုံးလုပ်ကျွေးမှုဆိုတဲ့ သံဃာတော်ကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့မှုကိုလည်း ပြုလုပ်ကြရပြီ၊ အမြတ်ဆုံးအောက်မေ့မှုဆိုတဲ့ ဘုရားဂုဏ်, တရားဂုဏ်, သံဃာဂုဏ်တွေကိုလည်း အောက်မေ့ကြရပြီ။

ဒီလို အမြတ်ဆုံးတရား ခြောက်ပါးစလုံးကို အပြည့်အဝ ရကြတဲ့အတွက် ပစ္စုပ္ပန်တမလွန် ချမ်းသာကြီးပွားခြင်းများနဲ့ ပြည့်စုံကြရလိမ့်မယ်။ အမြတ်ဆုံးနိဗ္ဗာန်ကို ရအောင် ဆက်လက် ကြိုးစား အားထုတ်နိုင်ကြပါစေသော်။

သံဃာတော်ကိုဆည်းကပ်ကိုးကွယ်ခြင်းဟာ သင့်ရဲ့ကြီးပွားတိုးတက်ရေးအစစ်အမှန်ဖြစ်တယ်။

သံဃာတော်ကို ကြည်ညိုဆည်းကပ်ရတဲ့ ကောင်းမှုကံ စေတနာကြောင့် ဆင်းရဲငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို လျင်မြန် ထုတ်ချောက် မျက်မှောက်ပြုနိုင်ပါစေသော်။

ဒေါက်တာမင်းတင်မွန်

www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မလက်ဆောင်

အမြို့မြို့ အနယ်နယ်မှာ
ဗုဒ္ဓအဘိဓမ္မာ ရက်တိုသင်တန်း ပို့ချရင်း
ညဥ့်တရားပွဲများအဖြစ်
ဒေါက်တာမင်းတင်မွန် ဟောကြားခဲ့တဲ့
ဗုဒ္ဓ ဓမ္မအကြောင်းအရာများကို
စာရှုပရိသတ်တို့အား
ကိုယ်ပိုင်ရတနာ စာစဉ်အဖြစ်
တင်ဆက်သွားပါတယ်

ဤစာအုပ်ဟာ ကိုယ်ပိုင်ရတနာ
အမှတ်(၃) ဖြစ်ပါတယ်။

အဘိဓမ္မာသင်တန်းနှင့် တရားပွဲများ ကျင်းပလိုလျှင်
ဖုန်း ၀၁-၂၈၆၆၁၀ သို့မဟုတ်
၀၉၈၀-၂၂၅၁၆ မှတစ်ဆင့်
ဒေါက်တာမင်းတင်မွန်နှင့်
ဆက်သွယ်နိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## ဒေါက်တာ မင်းတင်မွန်၏ ဓမ္မရတနာစာအုပ်များ

**ဤဓမ္မရတနာစာအုပ်များကို ဖတ်ရှုလေ့လာလျှင်**
**ကြီးကျယ်သော ဓမ္မသမ္ဘာကုသိုလ်နှင့်**
**ကောင်းကျိုးချမ်းသာမင်္ဂလာအဖြာဖြာကို ရရှိမည်ဖြစ်သည်။**

၁။ **မြတ်ဗုဒ္ဓ** – ဘုရားကို ဘာကြောင့် ကိုးကွယ်ထိုက်သလဲ။

၂။ **မြတ်ဓမ္မ** – တရားကျင့်သူကို တရားက ဘယ်လိုစောင့်ရှောက်မလဲ။

၃။ **မြတ်သံဃာ** – သံဃာတော်သည် ဘာကြောင့် အမြတ်ဆုံးရတနာဖြစ်သလဲ။

၄။ **မြတ်သရဏဂုံ** – ရတနာမြတ်သုံးပါး ကိုးကွယ်လျှင် အပါယ်မကျဘူး။

၅။ **ဘဝအောင်မြင်ရေး** – အကြိမ်ပေါင်းများစွာ ပြန်ရိုက်ရသောစာအုပ်။

၆။ **ဘဝလမ်းနှစ်သွယ်** – သုဂတိအလင်းလမ်းနှင့် အပါယ်ဒုဂ္ဂတိလမ်း ဘယ်လိုလှမ်း?

၇။ **ဘဝချမ်းသာရေး** – ယခုဘဝ နောက်ဘဝ အကောင်းဆုံးချမ်းသာတွေက ဘာလဲ။

၈။ **ဖားအောက်တောရမိတ်ဆက်** – ဗုဒ္ဓအလိုတော်ကျ သမထဝိပဿနာရှုနည်းက?

၉။ **လိမ္မာယဉ်ကျေး တို့ရင်သွေး** – ပြည်သူ့ရင်သွေးရတနာများ လိမ္မာရေးခြားကြဖို့။

၁၀။ **မေတ္တာနှင့် သစ္စာ သရုပ်ဖော်** – အလှဆုံးတရားနှင့် အမြတ်ဆုံး တရားတို့ကို လက်တွေ့ကျင့်ဖို့။

www.burmeseclassic.com

www.burmeseclassic.com

၁၁။ **မေတ္တာနှင့်သစ္စာအဖွင့်** – တစ်လောကလုံးကို အလှဖုံးစေ၊ မြင့်မြတ်စေသော တရားနှစ်ပါး။

၁၂။ **တော်ကူးဝိပဿနာဂုဏ်ထူးဆောင်** – ထူးဆန်းစွာ ရောဂါ ပျောက်ခြင်းများ။

၁၃။ **ဆေးမကုဘဲ ငြိမ်းအေးနည်း** – ကျန်းမာချမ်းသာစွာ နေနိုင်သည့် တရားရှုနည်း။

၁၄။ **မြတ်ဒါန** – တိုးတက်ကြီးပွားအောင် အကျိုးကြီးအောင် ဘယ်လို လှူဒါန်းရမလဲ။

၁၅။ **မြတ်သီလ** – အလှဆုံးတန်ဆာ၊ အကောင်းဆုံး ကိုယ်ကျင့်စာရိတ္တ၊ လိုတိုင်း ရစေ။

၁၆။ **မြတ်ဘာဝနာ** – အကျိုးအကြီးဆုံး အကောင်းဆုံး ဘဝနေနည်း ဘာဝနာရှုနည်းများ။

၁၇။ **ဗုဒ္ဓအဘိဓမ္မာအနှစ်ချုပ်** – လောကအကြောင်း ကောင်းစွာ သိနားလည်စေတဲ့ ဗုဒ္ဓဒဿန၊ အဘိဓမ္မာ (ရိုးရိုးတန်း) စာမေးပွဲ လက်စွဲ။

၁၈။ **ဘဝရည်မှန်းချက်နှင့် ဘဝလမ်းစဉ်** – The Aim and Way of Life.

၁၉။ **ဗုဒ္ဓဘာသာစာရိတ္တနှင့် ကျင့်ဝတ်များ** – Buddhist Ethics and Duties.

၂၀။ **ဗုဒ္ဓဝါဒနှင့် ခေတ်သစ်ဘဝ** – Buddhism in Modern Life.

၂၁။ **ဘဝကိစ္စနှင့် ဘဝပန်းတိုင်** – The Purpose and the Goal of Life.

၂၂။ **သိပ္ပံနယ်လွန် ဗုဒ္ဓဘာသာ** – The Supreme Science of the Buddha.

၂၃။ **တော်ကူးဆရာတော် ဘဝဆည်းဆာနှင့် ကျင့်စဉ်တရား** – တရားရှုခြင်းဖြင့် အားလုံးကို အနိုင်ရ။

www.burmeseclassic.com

၂၄။ **ရှေးဘဝ နောက်ဘဝ သိပ္ပံနည်းကျအထောက်အထားများ** - အတိတ်ဘဝတွေကို ဘယ်လိုသိနိုင်သလဲ။

၂၅။ **အမြတ်ဆုံးပန်းတိုင် ဧကန်ပိုင်** (ပထမတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန် တိကျသောတရားရှုနည်း။

၂၆။ **တက္ကသိုလ် အဘိဓမ္မာပေါင်းချုပ်** – ဗုဒ္ဓဒေသနာ အဘိဓမ္မာကို အရှင်းဆုံးတင်ပြထားသည့် စာအုပ်။
စာသင်သားများအား အဘိဓမ္မာ အထောက်အကူပြု။

၂၇။ **The Essence of Buddha-Abhidhamma** - ဗုဒ္ဓ အဘိဓမ္မာကို အကောင်းဆုံး ရှင်းလင်းချက်။

၂၈။ **ယဉ်ကျေးလိမ္မာ ရင်သွေးကမ္ဘာ** (အိတ်ဆောင်) – မူ, လယ်, ထက် စာရိတ္တပညာ လက်စွဲ။

၂၉။ **တော်ကူးကျင့်စဉ်တရား** (အိတ်ဆောင်) – ဒုက္ခဝေဒနာကို ကျော်လွှား၍ ငြိမ်းအေးမှုရယူနည်း။

၃၀။ **ဖားအောက်တောရမိတ်ဆက်** (အိတ်ဆောင်) – သမာဓိပြည့်မီအောင် ထူထောင်၍ ပရမတ်တရားများကိုမြင်အောင် ဝိပဿနာရှုနည်း။

၃၁။ **မြတ်ဗုဒ္ဓ** (အိတ်ဆောင်) – ဘုရားကို လေးစားကြည်ညိုလျှင် မုချကြီးပွားတိုးတက်မည်။

၃၂။ **အဘိဓမ္မမဟာရဋ္ဌဂုရု သပြေကန်ဆရာတော်ဘုရားကြီး** – သာသနာ့တံခွန် စံပြပုဂ္ဂိုလ်ထူး။

၃၃။ **သောက, ဒေါသ, အတ္တ ဘဝအစက်အခဲဟူသမျှ ကျော်လွှားအံ့** – How to Live without Fear and Worry (I).

၃၄။ **ပျော်ရွှင်အောင်မြင်သောနေထိုင်နည်း** – How to Live without Fear and Worry (II).

၃၅။ **ခေတ်အမြင်နှင့်သိမှတ်ဖွယ်ရာဗုဒ္ဓဘာသာအကျဉ်း** – Buddhism in Nutshell.

www.burmeseclassic.com

www.burmeseclassic.com

၃၆။ **အမြတ်ဆုံးပန်းတိုင် ကေနိပိုင်** (ဒုတိယတွဲ) – ဗုဒ္ဓနည်းကျ မှန်ကန် တိကျသော ဝိပဿနာရှုနည်း။

၃၇။ **ဗုဒ္ဓစကားတော်** – The Word of the Buddha.

၃၈။ **ဘဝလွတ်မြောက်ရေးနှင့် အရိယာသစ္စာ** – The Noble Liberation and The Noble Truths.

၃၉။ **Good English** – အကောင်းဆုံးအင်္ဂလိပ်သဒ္ဒါစာအုပ်။

၄၀။ **Good Letters** – အကောင်းဆုံးအင်္ဂလိပ်စာရေးနည်း။

၄၁။ **Good Essays** – အကောင်းဆုံး အင်္ဂလိပ်စာစီစာကုံးများ။

၄၂။ **Good Speaking** – အကောင်းဆုံး အင်္ဂလိပ်စကားပြောနည်း။

၄၃။ **Poket Best Speaking** – အိတ်ဆောင် အကောင်းဆုံး အင်္ဂလိပ်စကားပြော။

၄၄။ **Best Basic Speaking** – အကောင်းဆုံး အခြေခံ အင်္ဂလိပ်စကားပြော။

၄၅။ **အင်္ဂလိပ်စာအလင်းပြ** (၁၀ တန်း သင်ရိုးသစ်) – **Standard Ten English** (New Course) – အကောင်းဆုံးဆရာက သင့်အား အနီးကပ်သင်ပြပေးပြီး ပြဋ္ဌာန်းစာအုပ်တစ်အုပ်လုံးကို အသေးစိတ် ရှင်းပြ, သင်ပြ, ဖြေပြထားသည်။

တရားကို ပေးလှူခြင်းသည် အမြတ်ဆုံးအလှူဖြစ်သည်။
တရားအရသာသည် အမွန်မြတ်ဆုံးအရသာဖြစ်သည်။
တရားနှင့် မွေ့လျော်ခြင်းသည် အကောင်းဆုံးမွေ့လျော်ခြင်းဖြစ်သည်။
တရားကို သိပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့်
အမြတ်ဆုံးချမ်းသာကို ရယူနိုင်ကြပါစေ။

www.burmeseclassic.com